# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၇)၊ အမှတ်(၀၁၀)


# မြန်မာနိုင်ငံအတွင်း ပိုမိုထူးခြားဆန်းပြားသည့် နေရာများနှင့် ခရီးစဉ်များရှိနေ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်နိုင်ရေး အဆင်ပြေချောမွေ့စေရန် တတ်နိုင်သမျှဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၉**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း၏ အရေးပါမှုကို ပိုမိုသိမြင်စေရန် ရည်ရွယ်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများတွင် ကျင်းပခြင်းဖြစ်ပါကြောင်း။


*စာမျက်နှာ ၃ ကော်လံ ၁* ☆





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

# မြဝတီမြို့ ဓာတ်အားလိုအပ်ချက်ကို မီးစက်သုံးလုံးဖြင့် ဖြည့်ဆည်းမည်

**ထိန်လင်းအောင်(မြန်/ဆက်)**

**မြဝတီ အောက်တိုဘာ ၉**

မြန်မာ-ထိုင်း နယ်စပ်မြို့တစ်မြို့ဖြစ်သည့် မြဝတီမြို့အနေဖြင့် ထိုင်းနိုင်ငံမှ လျှပ်စစ်ဓာတ်အား ဝယ်ယူသုံးစွဲလျက်ရှိရာ လက်ရှိမြဝတီမြို့၌ လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကို ဓာတ်ငွေ့အသုံးပြုလည်ပတ်ကာ ၂ မဂ္ဂါဝပ် ထွက်ရှိမည့် မီးစက်ကြီး သုံးလုံးဖြင့် ယခု နိုဝင်ဘာလပိုင်းတွင် စတင်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ ထိုင်းနိုင်ငံမှ ဝယ်ယူထားသည့် လျှပ်စစ်ဓာတ်အားမှာ ၈ မဂ္ဂါဝပ်ဖြစ်သော်လည်း ၈ မဂ္ဂါဝပ်အပြည့်မရရှိသည့်အတွက် အပြည့်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွှေမြစ်သောင်ရင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရေးလုပ်ငန်းမှ သိရသည်။

ယခု တင်ဒါအောင်ကုမ္ပဏီတစ်ခုဖြစ်သည့် ရွှေမြစ်သောင်ရင်းကုမ္ပဏီမှ ၂၀၁၇ ခုနှစ် မတ်လပိုင်းက စတင်တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အဆိုပါကုမ္ပဏီတာဝန်ယူပြီးကာလအတွင်း ယခင်ကုမ္ပဏီထက် လျှပ်စစ်မီး ပိုမိုပြတ်တောက်ခြင်း၊ အပြည့်အဝမရရှိခြင်းနှင့် အပိုင်းလိုက် အလှည့်ကျမီးဖြတ်ခြင်းများ ရှိလာခြင်းဖြစ်သည်။

"အရင် မီးကုမ္ပဏီလက်ထက်က လျှပ်စစ်မီးကို ထိုင်းကနေ ၈ မဂ္ဂါဝပ် ဝယ်ယူထားတယ်ဆိုပေမယ့် လက်ရှိ မြဝတီမြို့တစ်မြို့လုံး လျှပ်စစ်မီးပေးနေတဲ့ ဓာတ်အားက ၆ ဒသမ ၈ မဂ္ဂါဝပ်ပဲရှိပါတယ်။ ဒါကြောင့်မို့ ဓာတ်အား ၈ မဂ္ဂါဝပ်အပြည့်ရရှိဖို့အတွက် ပြီးခဲ့တဲ့ စက်တင်ဘာလပိုင်းက ထိုင်းလျှပ်စစ်ဌာနကို ထိုင်းဘတ်ငွေ ၃၁ သန်းနဲ့ ၄ သိန်း အာမခံငွေ တင်ပေးလိုက်ပြီဖြစ်ပါတယ်။ ထိုင်းနိုင်ငံ PEA မှ မြဝတီမြို့တွင်း ၈ မဂ္ဂါဝပ် အပြည့်ပေးတော့မှာဖြစ်ပါတယ်။


*စာမျက်နှာ ၉ ကော်လံ ၁* ❋


# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နောက်နှစ်ရက်အတွင်း မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အောက်တိုဘာ ၁၀ ရက်တွင် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းခြေဒေသများသို့ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အဆိုပါ အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းခြေဒေသများသို့ ဖြတ်ကျော်ဝင်ရောက်ပြီးနောက် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သဖြင့် အဆိုပါ အပူပိုင်းမုန်တိုင်းငယ်၏ အကြွင်းအကျန်တိမ်တိုက်များနှင့် အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့် အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊


*စာမျက်နှာ ၅ ကော်လံ ၆* ❄





မြန်မာ့အလင်း

# လာဘ်ပေးလာဘ်ယူ အကျင့်ပျက်မှု နိုင်ငံ့လုံခြုံရေးအတွက် အန္တရာယ်

ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသူများ၏ အရေအတွက် ကိန်းဂဏန်းများ တစ်စထက်တစ်စ ဖောင်းကားနေစဉ်မှာပင် မိမိတို့နိုင်ငံအနေဖြင့်လည်း ပြန်ဝင်လာမည့်သူများကို စနစ်တကျလက်ခံနိုင်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်သည်။

နေရပ်စွန့်ခွာတိမ်းရှောင်သွားကြသည့် ဘင်္ဂါလီများအား ပြန်လည်လက်ခံရာတွင် ရာဇဝတ်မှုကျူးလွန်ခဲ့သူများ၊ ARSA အကြမ်းဖက်သောင်းကျန်းသူများပါရှိမလာစေရေး စနစ်တကျစိစစ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပြန်လည်နေရာချထားရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်း ရေရှည်ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးကို အလေးအနက်ထား ဆောင်ရွက်သင့်ကြောင်းဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက် (၁၁/၂၀၁၇) ထုတ်ပြန်ရာတွင် ထည့်သွင်းဖော်ပြခဲ့သည်။ ကော်မရှင်အနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ဒေသများသို့ ကွင်းဆင်းသွားရောက်ကြည့်ရှုကာ မေးမြန်းစုံစမ်းမှုများ ပြုလုပ်ခဲ့ပြီး အကြံပြုချက်များပေးရာတွင် ယင်းအချက်များကို ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်သည်။

ပြန်လည်ဝင်ရောက်လာမည့်သူများနှင့်အတူ ရာဇဝတ်သား အကြမ်းဖက်သမားများကလည်း အသွင်ယူရောနှောဝင်ရောက်လာမည့်ကိစ္စအပေါ် ဒေသခံတိုင်းရင်းသားများနှင့် အခြားလူနည်းစုများကလည်း စိုးရိမ်ပူပန်မှုများဖော်ပြခဲ့ကြသည်။ ထို့အပြင် အယ်လ်ကိုင်ဒါ၊ အိုင်အက်စ်နှင့် အရှေ့တောင်အာရှမှ ဘာသာရေး အစွန်းရောက်အကြမ်းဖက်အုပ်စုများ၏ ခြိမ်းခြောက်သံပေးမှုများအပေါ် ပြည်တွင်းမှ စိုးရိမ်မှုများလည်း ရှိခဲ့ကြသည်။ မိမိနိုင်ငံ၏ လုံခြုံရေးနှင့်စပ်လျဉ်း၍ လက်နက်စွဲကိုင်ကာ စစ်ရေးအရ ကျူးကျော်မှုမျိုးကို ရင်ဆိုင်တိုက်ခိုက်နိုင်မည်ဖြစ်သော်လည်း ဒုက္ခသည်အရေခြုံကာ ဝင်ရောက်လာနိုင်သည့် အကြမ်းဖက်သမားနှင့် ရာဇဝတ်သားများကိုမူ သိန်းနှင့်ချီသည့် လူများကြားမှ စစ်ထုတ်ရွေးချယ်ဖယ်ရှားနိုင်ရန် စနစ်တကျနှင့်အထူးဝါယမစိုက်ကြရန်လိုအပ်မည်ဖြစ်သည်။ အကြမ်းဖက်သမားတို့ ပြန်လည်ဝင်ရောက်လာနိုင်သည့် နည်းလမ်းများအနက် ဖြစ်နိုင်ခြေရှိသော နည်းလမ်းတစ်ရပ်မှာ လာဘ်ပေးလာဘ်ယူနည်းလမ်း(တစ်နည်းအားဖြင့်) ငွေပုံပေးကာ ဝင်ရောက်လာနိုင်သည့်နည်းလမ်းဖြစ်ကြောင်း နိုင်ငံခြားကျွမ်းကျင်သူတစ်ဦးက ထောက်ပြခဲ့ကြောင်းလည်း သတင်းတစ်ရပ်၌ဖော်ပြခဲ့ရာ ရှေ့တွင်ဖြစ်ပွားခဲ့ပြီးသည့် သာဓကများအရလည်း သတိထားကြရမည့်အချက်တစ်ရပ်ပင်ဖြစ်သည်။

ကျူးကျော်သူ လူရိုင်းများ၏ရန်မှ နိုင်ငံကိုကာကွယ်ရန် တရုတ်မင်းအဆက်ဆက်တို့ နှစ်ပေါင်းရာနှင့်ချီ၍ တည်ဆောက်ခဲ့သည့် တရုတ်ပြည်မှ ကမ္ဘာကျော်မဟာတံတိုင်းကြီးမှာ ထုထည်ကြီးမားခိုင်ခံ့လှပြီး ပစ္စင်၊ ပြအိုး၊ ရင်တား၊ သူရဲခိုများ အခိုင်အမာနှင့် အချို့နေရာများတွင် တံတိုင်းကြီးပေါ်၌ မြင်းရထားဒုန်းစိုင်းမောင်းနှင်နိုင်သည်အထိ ကျယ်ဝန်းသည်။ သမိုင်းတစ်လျှောက်မဟာတံတိုင်းကြီးကို ရန်သူတို့ဖြတ်ကျော်ဝင်ရောက်မှု များစွာရှိခဲ့ရာ အဓိကအားဖြင့် အတွင်းလူတို့ သစ္စာဖောက်မှု၊ လာဘ်ယူမှုတို့ကြောင့်ဖြစ်သည်ဟု မှတ်သားခဲ့ရဖူးသည်။ တံတိုင်းမည်မျှကြီးကြီး၊ မည်သို့ပင်ကာရံထားစေကာမူ အကျင့်ပျက်သစ္စာဖောက်တို့ကြောင့် နိုင်ငံလုံခြုံရေးကျိုးပေါက်ရခြင်းမှာ သင်ခန်းစာပင် ဖြစ်သည်။

နိုင်ငံအတွင်း အဖျက်အမှောင့်လုပ်ငန်းများ၊ အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် အကြံအစည်ဖြင့် အသွင်အမျိုးမျိုးယူကာ နည်းလမ်းအ မျိုးမျိုးဖြင့် ဝင်ရောက်လာနိုင်ဖွယ်ရှိသည့် အစွန်းရောက်ဝါဒီအကြမ်းဖက်သမားများအား နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူတိုင်းက နေရာတိုင်း၊ ဒေသတိုင်းတွင် စောင့်ကြည့်ဖော်ထုတ်ချေမှုန်းနိုင်ကြရေး သတိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## သတိပေးနှိုးဆော်ချက်

၁။ (၂၂)ကြိမ်မြောက် World Police Band Concert ချီတက်တီးခတ် ဖျော်ဖြေပွဲအခမ်းအနားအား ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၈ ရက် နံနက် ၈နာရီတွင် ကျောက်တံတားမြို့နယ် ကမ်းနားလမ်းနှင့် ဆူးလေဘုရားလမ်းဆုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

၂။ အစမ်းလေ့ကျင့်သည့် ၂၁-၁၀-၂၀၁၇ ရက်နေ့နှင့် ဖျော်ဖြေပွဲအခမ်းအနား ကျင်းပပြုလုပ်မည့် ၂၈-၁၀-၂၀၁၇ ရက်နေ့များတွင် နံနက် ၆နာရီမှ အခမ်းအနားပြီးဆုံးမည့် နံနက် ၁၁နာရီအထိ အောက်ဖော်ပြပါလမ်းများအား အလုည့်ကျ ခေတ္တလမ်းပိတ်/လွှဲ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် မော်တော်ယာဉ်များအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။

(က) ကမ်းနားလမ်းမှ ဗိုလ်ချုပ်လမ်းအထိ ရွှေဘုံသာလမ်း။

(ခ) ကမ်းနားလမ်းမှ ဗိုလ်ချုပ်လမ်းအထိ ဆူးလေဘုရားလမ်း။

(ဂ) ကမ်းနားလမ်းမှ ဗိုလ်ချုပ်လမ်းအထိ ပန်းဆိုးတန်းလမ်း။

(ဃ) ကွန်ကရစ်လမ်းပေါ် ပန်းဆိုးတန်းလမ်းမှ စဉ့်အိုးတန်းလမ်းထိပ်အထိ။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# တရားမအထူးအယူခံမှု လေးမှုစီရင်ချက်ချ၊ ငါးမှုကို ကြားနာ

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော စုံညီခုံရုံးက ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်-၁ ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၉/၂၀၁၇)သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးစီးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၃၉/၂၀၁၇) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။



ဖွင့်ပွဲသို့ သင်တန်းတွင် သင်ကြားပို့ချပေးမည့် အငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းတွင် သံတမန်ရေးရာနှင့် သက်ဆိုင်သည့် အခြေခံဘာသာရပ်များ၊ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ၊ စေ့စပ်ညှိနှိုင်းမှု ပညာရပ်များ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံနှင့် အစည်းအဝေးများ ကျင်းပခြင်း၊ နိုင်ငံတကာဆက်ဆံရေး ပညာရပ်များ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်များ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး ဆိုင်းဂီတအသင်းနှင့်ပတ်သက်၍ သတင်းစာရှင်း

**ရန်ကုန် အောက်တိုဘာ ၉**

တရားဝင်အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခွင့်မရရှိသေးဘဲ လှုပ်ရှားမှုများ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံဆိုင်းဂီတအသင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)မှ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ ညနေ ၃ နာရီက ဆရာစံပလာဇာ၌ ပြုလုပ်သည်။



အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲသို့ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးဖိုးချစ်၊ နာယက ဦးရွှေနန်းတင်၊ အတွင်းရေးမှူးဦးမိုးဝင်း၊ ဒုဥက္ကဋ္ဌ (၁) ဦးနေဝင်းနှင့် အစည်းအရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

"အဲဒီအသင်းက တရားဝင်ခွင့်ပြုချက်မရှိဘဲနဲ့ အသင်းအဖြစ် ဖွဲ့စည်းတယ်။ နောက်ပြီး စည်းကမ်းနဲ့ကိုက်ညီမှု မရှိဘဲနဲ့ လုပ်နေလို့ ကျွန်တော်တို့ အခုလိုလုပ်ရတာပါ။ ကျွန်တော်တို့ အဲဒီအသင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ပြီးတော့ နှစ်ကြိမ်တိုင်တိုင် ဆွေးနွေးဖို့ဖိတ်ကြားတယ်။ ရန်ကုန်အမျိုးသားဇာတ်ရုံမှာ ဖိတ်ကြားတယ်။ သူတို့ တက်မလာဘူး။ နေပြည်တော်မှာတော့ သူတို့တက်လာတယ်။ အဲဒီချိန်မှာ သူတို့က ဆရာတွေ၊ အဘတွေက ကောင်းမယ်ထင်လို့ စီစဉ်ထားတဲ့ကိစ္စကို ဘာမှပြောစရာမရှိပါဘူးလို့ ပြောတယ်။ သူတို့က အသင်းအဖွဲ့တစ်ခုအနေနဲ့ ဆက်လက်ရပ်တည်သွားမယ်လို့လည်း ထပ်ပြောတယ်။ ကျွန်တော်က ညှိနှိုင်းပါဦးလို့ပြောခဲ့တယ်။ အဲဒီအသင်းကို အိမ်တိုင်ရာရောက်သွားခေါ်ပြီး ဆွေးနွေးတယ်၊ ညှိနှိုင်းတယ်။ ဒါပေမယ့် သူတို့ကညှိနှိုင်းလိုစိတ်မရှိဘူး။ ဒါကြောင့်အများဆန္ဒနဲ့အညီ ဥပဒေအရ အရေးယူဆောင်ရွက်သွားဖို့ စီစဉ်ရတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးဖိုးချစ်က ပြောသည်။

**ထွန်းအောင်ရှိန်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၉-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၀၀/၇၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၅၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၅၀/၇၉၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ ·၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၇ |
| တရုတ် | တစ်ယွမ် | ၂၀၄ ·၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ ·၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

*☆ ရှေ့စာမျက်နှာမှ*

ယခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က သတ်မှတ်သည့် ရေရှည်တည်တံ့ ခရီးသွားဖွံ့ဖြိုးမှုအတွက် ပြည့်စွမ်းအား "Sustainable Tourism - a Tool for Development" ဆောင်ပုဒ်နှင့်အညီ ယနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းကြောင့်ရရှိသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားနှင့် ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးနိုင်ရန်ရည်ရွယ်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနား-၂၀၁၇ ကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ်ကို ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာနှစ်အဖြစ် ဖော်ပြသတ်မှတ်ထားသည်နှင့်အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့တွင် အနာဂတ်မျိုးဆက်သစ်များအတွက် လိုအပ်ချက်များကို ကြိုတင်မြော်မြင် ဖြည့်ဆည်းပေးနိုင်ရေးသာမက ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ခရီးသွားလုပ်ငန်းဖြစ်စေရေးဟူသည့် ခံယူချက်ထားရှိပြီး ဒေသခံများနှင့် ဖောက်သည်များအကြား ပိုမိုနားလည်သိမြင်လာစေရေးအတွက် ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများရရှိစေရေးနှင့် အစိုးရအဖွဲ့အစည်းများအနေဖြင့် သင့်လျော်မှန်ကန်သည့် မူဝါဒများချမှတ်ရေးတို့ကို ပိုမိုတွန်းအားပေးရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊

**အလုပ်အကိုင်တစ်မျိုး**

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ ၂၀၁၆ ခုနှစ် တစ်နှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံးတွင် နိုင်ငံတကာခရီးသွားလာသူအရေအတွက်သည် ၁ ဒသမ ၂ ဘီလီယံ ကျော်ရှိခဲ့ပြီး ၂၀၃၀ ခုနှစ်တွင် ၁ ဒသမ ၈ ဘီလီယံအထိ ရောက်ရှိလာလိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ယခုကဲ့သို့ တိုးတက်လာသည့် အရေအတွက်၏ အကျိုးဆက်အဖြစ် မြန်မာနိုင်ငံအတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှုသည်လည်း တိုးတက်လာမည်ဟု မျှော်လင့်ရပါကြောင်း၊ ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံအတွင်း ခရီးသွားဧည့်သည် ၂ ဒသမ ၉ သန်းဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် ခရီးသွားဧည့်သည် ၃ ဒသမ ၅ သန်းအထိ လာရောက်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ မြန်မာနိုင်ငံအတွင်း လာရောက်သည့် ခရီးသွားဧည့်သည် ၂ ဒသမ ၂၇ သန်းရှိခဲ့ပြီး ယခင်နှစ်၏ အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၂၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးအတိုင်းအတာဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး(GDP)၏ ၁၀ ရာခိုင်နှုန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၇ ရာခိုင်နှုန်း ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ကမ္ဘာ့အလုပ်အကိုင်ကြီး ၁၁ မျိုးတွင် ခရီးသွားလုပ်ငန်းသည် အလုပ်အကိုင်တစ်မျိုးအဖြစ် ပါဝင်နေသည်ကို မြင်တွေ့ကြရမည် ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်း၏ တိုးတက်ဖြစ်ထွန်းနိုင်ခြေအပိုင်းကို ကြည့်မည်ဆိုလျှင် ခရီးသွားလုပ်ငန်းများလုပ်ကိုင်မှုနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်နေသည့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများသည် တိုးပွားလာဦးမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ပို့ကုန်ကဏ္ဍတွင် တတိယနေရာရောက်ရှိနေသည့် လုပ်ငန်းဖြစ်သည့်အတွက် လုပ်ငန်းနှင့် သက်ဆိုင်သူများအနေဖြင့်လည်း ရေရှည်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို စဉ်းစားဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

**စိတ်ကျေနပ်မှုရရှိရန် ဂရုပြု**

ခရီးသွားလုပ်ငန်းသည် လူသားအချင်းချင်း ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံအတွင်းသို့ ဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေးအတွက် ဧည့်သည်များ၏ စိတ်ကျေနပ်မှုရရှိရန် အလေးဂရုပြုကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး တွန်းအားပေးရခြင်းသည် စီးပွားရေးတစ်ခုတည်းအတွက်သာ ရည်ရွယ်ခြင်းမျိုးမဟုတ်ဘဲ မတူညီကြသည့် လူမျိုးများနှင့် ယဉ်ကျေးမှုများအကြား နားလည်မှုများ ပိုမိုရရှိလာကြစေရေးကိုလည်း ရည်ရွယ်ပါကြောင်း၊ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်နေသည့် ခရီးသွားလုပ်ငန်းသည် ရေရှည်အကျိုးကျေးဇူးများ ရရှိခံစားနိုင်ကြစေရန်နှင့် ခရီးသွားလုပ်ငန်းကြောင့် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများနှင့် ကျရှုံးနိုင်မှုများအတွက် မျှော်မှန်းပြီး လိုအပ်သည့်အစီအမံများနှင့် ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

**သဘာဝရှုခင်းများ**

ခရီးသွားလုပ်ငန်းတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံသည်လည်း ခရီးသွားများ ပိုမိုလာရောက်လည်ပတ်နေကြသည့် နိုင်ငံတစ်ခုဖြစ်လာပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ပိုမိုထူးခြားဆန်းပြားသည့် နေရာများနှင့် ခရီးစဉ်များ ရှိနေပါကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝအလှတရားများနှင့် တောရိုင်းတိရစ္ဆာန်များပေါများသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဆီးနှင်းများဖုံးလွှမ်းနေသည့် တောင်များ၊ တောင်တန်းများနှင့် တိုင်းရင်းသားလူမျိုးစုများ၏ ထူးခြားသည့် ဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည် ဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှတွင် ရှေးဟောင်းအမွေအနှစ်များရှိရာ အကောင်းဆုံးဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပုဂံဒေသ၏ အံ့သြစရာကောင်းသည့် ရှုခင်းများကိုလည်း မြင်တွေ့နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းဒေသရှိ မြိတ်ကျွန်းစုသည် မပျက်စီးမထိခိုက်သေးသည့် သဘာဝအတိုင်း တည်ရှိနေသော ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားကာ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် အဏ္ဏဝါခရီးသွားလုပ်ငန်း စိတ်ဝင်စားသူများကို ဆွဲဆောင်လျက်ရှိပြီး သာယာလှပသည့် သဘာဝရှုခင်းများကိုလည်း လာရောက်ကြည့်ရှုလေ့လာခံစားနိုင်သည့် ဒေသကြီးတစ်ခုဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်နိုင်ရေး အဆင်ပြေချောမွေ့စေရန် တတ်နိုင်သမျှ ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ရန် ထိန်းသိမ်းရေးအတွက် ခရီးသွားဧည့်သည်များကလည်း တာဝန်သိစိတ်ဖြင့် ခရီးသွားရေးသည် အရေးကြီးပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကျယ်ပြန့်ပြီး ကဏ္ဍပေါင်းစုံအပေါ် သက်ရောက်မှုရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်ဝန်ကြီးဌာနများအနေဖြင့် ပိုမိုနီးနီးကပ်ကပ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း၊ ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် မြိတ်ကျွန်းစုကိုအခြေပြု၍ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Nature Based Tourism)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ကျေးလက်ဒေသရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများနှင့် ပုဂံ-ဆီရမ်ရိ(ပ်)အကြား "ရှေးဟောင်းအမွေအနှစ် မြို့တော်နှစ်ခု ခရီးစဉ်ဒေသတစ်ခု" အဖြစ် ပူးပေါင်းဆောင်ရွက်ရေး စသည့်လုပ်ငန်းစဉ်များဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ဆောင်ရွက်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ် (သတင်းစဉ်)

လျက်ရှိပါကြောင်း၊ ဆောင်ရွက်ချက်များသည် ဒေသခံများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးကို ရည်ရွယ်ပြီး ခရီးသွားလုပ်ငန်းကိုလည်း ရေရှည်တည်တံ့အောင် ရှေးရှုဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ United Nations World Tourism Organization- UNWTO အထွေထွေ အတွင်းရေးမှူးချုပ်၏ "ကျွန်ုပ်တို့ဟာ ခရီးသွားလာတဲ့အချိန်တိုင်း၊ ခရီးသွားတဲ့နေရာတိုင်းမှာ အိမ်ရှင်ဒေသရဲ့သဘာဝ၊ ယဉ်ကျေးမှုတွေနဲ့ အိမ်ရှင်နိုင်ငံအပေါ် လေးစားမှုရှိကြပါ" ဟူသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အတွက် ပြောကြားခဲ့သည့် အမှာစကားကို အစဉ်အမြဲ သတိရကြပါဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် UNWTO အထွေထွေအတွင်းရေးမှူးချုပ် Dr. Taleb Rifai ၏ သတင်းစကားရုပ်သံကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေမြတ်မွန်ဝင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်မင်းထင်၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တင်မာမြင့်နှင့် ချယ်ရီပန်းပွဲတော်ကျင်းပရေးကော်မတီဝင် ဦးရဲထွန်းဦးတို့က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည့် JATA Tourism Expo - 2017 တွင် ဆောင်ရွက်ခဲ့မှုများနှင့် Sakura Festival Myanmar – 2018 ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးကျော်ဝင်း၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေနှင့် ဦးအုန်းမောင်တို့က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါးနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ဝန်ဆောင်မှုစွမ်းရည်အကောင်းဆုံးဆုရရှိသည့် ဟိုတယ်များနှင့် ခရီးသွားကုမ္ပဏီများ၊ ၂၀၁၆ ခုနှစ်အတွက် ဦးဆောင်မှုအကောင်းဆုံး ရင်းနှီးမြှုပ်နှံမှု ဟိုတယ်ဆုနှင့် Community Based Tourism – CBT အအောင်မြင်ဆုံးဆု၊ သန့်ရှင်းသော အများသုံးသန့်စင်ခန်းအကောင်းဆုံးစီစဉ်ဆောင်ရွက်နိုင်မှု (Clean Public Toilet) ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး Best ASEAN New Tourism Attraction in the Region ( PUTAO, EASTERN, HIMALAYAN, MYANMAR) ဆုရရှိခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ်ဓာတ်ပုံပြပွဲ၊ ဆုရစာစီစာကုံးများနှင့် မြန်မာ့ရိုးရာအစားအစာ တည်ခင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်များကို စနစ်တကျသတ်မှတ်ထားသည့်ပုံစံအတိုင်းဖော်ဆောင်ပေးမည်

## လုပ်ရိုးလုပ်စဉ် ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို ကျော်လွန်ပြီး ကြိုတင်ပြင်ဆင်ခြင်းနှင့် ကာကွယ်ခြင်းတို့ကို အလေးပေးဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၉

**မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက် (၂၀၁၇) အတည်ပြုမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မိန့်ခွန်း ပြောကြားသည်။**

အခမ်းအနားတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစီမံချက်(MAPDRR)(၂၀၁၇)တွင် ပါဝင်သည့် အကြောင်းအရာများကို မဆွေးနွေးမီ မျက်မှောက်ကမ္ဘာတွင် ဖြစ်ပွားနေသည့်



ဘေးအန္တရာယ်များက လူသားများကို မည်မျှအထိစိန်ခေါ်ခြိမ်းခြောက်နေသည်ကို ဦးစွာပြောကြားလိုကြောင်း။

### ကြီးမားစွာခြိမ်းခြောက်

အားလုံးသတိပြုမိကြသည့်အတိုင်း လတ်တလော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ကိုမန်၊ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ဖြစ်ပွားသည့် ဟာရီကိန်း အာမာနှင့် ပွာတိုရီကိုတွင် ဖြစ်ပွားသည့် ဟာရီကိန်း မာရီယာ၊ တရုတ်နိုင်ငံ ကွမ်ကျိုးတွင် ဖြစ်ခဲ့သည့် မြေပြိုဘေး၊ အိန္ဒိယ၊ နီပေါ၊ ရီမန်နှင့် နိုင်ဂျာနိုင်ငံတို့တွင်ဖြစ်ခဲ့သည့် ရေလွှမ်းမိုးမှုဘေးအန္တရာယ်များနှင့် မက္ကဆီကိုနိုင်ငံတွင် လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ရပြီး တစ်လအတွင်း သုံးကြိမ်တိတိ လှုပ်ခတ်ခဲ့သည့် မြေငလျင်ဘေးစသည်တို့ကိုကြည့်ပါက ဘေးအန္တရာယ်များက မိမိတို့အားလုံး၏ အသက်အိုးအိမ်များကို ကြီးမားစွာခြိမ်းခြောက်နေသည်ကို ပြသနေပါကြောင်း။

ယနေ့ခေတ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုများသည် ပိုပြီးရှုပ်ထွေးလာပါကြောင်း၊ ငလျင်လှုပ်ခြင်းနှင့်ဆက်စပ်ပြီး မီးဘေးကြုံတွေ့ရခြင်း၊ ဆူနာမီဘေးကနေ နျူကလီးယားဘေးဖြစ်ခြင်းနှင့် ဟာရီကိန်းကနေ ဆည်ကျိုးခြင်းအထိ မျိုးစုံဖြစ်ပွားလျက်ရှိပါကြောင်း၊ ထို့ပြင် ရာသီဥတုပြောင်းလဲခြင်းနှင့် ပုံသဏ္ဌာန်မမှန်သည့် ဖွံ့ဖြိုးတိုးတက်လာမှုများကြောင့်လည်း သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများကို ပိုမိုဖြစ်ပွားစေလျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်များ ဆိုးဆိုးရွားရွား ပိုမိုများပြားလာရသည့် အခြားအကြောင်းများမှာ အန္တရာယ်ရှိသည့်နေရာများတွင် လူနေထူထပ်မှု၊ မတည်ရင်းနီးမြှုပ်နှံမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုတိုးပွားလာမှု၊ မြို့ပြများ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာမှုနှင့် သစ်တောပြုန်းတီးမှုတို့ဖြစ်ကြောင်း။

### ဆုံးရှုံးနစ်နာလျက်ရှိ

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ကြည့်မည်ဆိုပါက လွန်ခဲ့သည့်ဆယ်စုနှစ်တွင်း ဘေးအန္တရာယ်များကျရောက်မှုကြောင့် စီးပွားရေးကဏ္ဍတွင် တိုက်ရိုက်ထိခိုက်ဆုံးရှုံးမှုများသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံခန့် ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များကျရောက်မှုကြောင့် နှစ်စဉ် နိုင်ငံ့ဂျီဒီပီ၏ သုံးရာခိုင်နှုန်းခန့် ဆုံးရှုံးနစ်နာလျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်များသည် နိုင်ငံမရွေး ကျရောက်လေ့ရှိသည်ဆိုသော်လည်း ဝင်ငွေနည်းပါးသည့်နိုင်ငံများတွင် ဘေးအန္တရာယ်များကြောင့် အသက်ဆုံးရှုံးမှုများကို ပိုမိုကြုံတွေ့နေရပါကြောင်း။

ယင်းနိုင်ငံများတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ အတွင်း ဘေးအန္တရာယ် တစ်ကြိမ်ကျရောက်တိုင်း ပျမ်းမျှလူပေါင်း ၃၂၇ ဦး အသက်ဆုံးရှုံးနေရပါကြောင်း၊ အဆိုပါဦးရေပမာဏသည် ချမ်းသာသည့်နိုင်ငံများတွင် ကြုံတွေ့ရသည့် အသက်ဆုံးရှုံးမှုအရေအတွက်ထက် ငါးဆခန့် ပိုများပါကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းက သဘာဝဘေးများ၏ ဆိုးကျိုးများကို လျှော့ချသည့်နေရာတွင် မည်မျှအထိ အရေးကြီးသည်ကို သိမြင်နိုင်မည်ဖြစ်ပါကြောင်း။

### အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေ

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်သုံးနှစ်အတွင်း ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှု အနေအထားများပြောင်းလဲလာခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ အသေးစားနှင့် အလတ်စား ဘေးအန္တရာယ်များနှင့် ရာသီဥတုကြောင့် ဖြစ်ပေါ်သည့် ရေလွှမ်းမိုးမှုဘေးနှင့် မုန်တိုင်းဘေးအန္တရာယ်များ ပိုမိုတိုးပွားလာသည်ကို တွေ့မြင်နိုင်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှုပုံစံပြောင်းလဲမှုများ၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုနှင့် အပူချိန်တိုးမြင့်လာမှုများကိုလည်း ကြုံတွေ့နေရပါကြောင်း၊ အဆိုပါအချက်များကြောင့် ဘေးအန္တရာယ်ဖြစ်ပွားမှုနှုန်း ပိုမိုများပြားလာခြင်းဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်ကျရောက်လာမည်ကို ကြိုတင်မသိရှိနိုင်ခြင်းကြောင့် ဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးရမှုများ လျော့နည်းရန်နှင့် စွမ်းဆောင်ရည်မြင့်မားရန်အတွက် မိမိတို့အနေဖြင့် ကြိုတင်ဆောင်ရွက်ထားနိုင်ရန် လိုအပ်ပါကြောင်း၊ အစိုးရအနေဖြင့် ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန်၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ရရှိနိုင်ရန်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ဘေးအန္တရာယ်ကျရောက်မှုများက မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုအားလုံးကို အချိန်ပိုင်းအတွင်းတွင် ရိုက်ချိုးလဲ့ဖြိုပစ်နိုင်စွမ်းရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ပုံသဏ္ဌာန်မမှန်သည့် ဖွံ့ဖြိုးတိုးတက်လာမှု အလေ့အထများကြောင့်လည်း ထိခိုက်ဆုံးရှုံးနိုင်ခြေများဖြစ်လာနိုင်သည့်အတွက် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို ကြိုတင်မျှော်တွေးလုပ်ဆောင်ရန်လိုအပ်လာပြီး ရေရှည်ရင်းနှီးမြှုပ်နှံမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုများလည်း တိုးမြှင့်ရန် လိုအပ်လာပါကြောင်း၊ ထို့ကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းစီမံချက် (MAPDRR)ကို ရေးဆွဲခဲ့ခြင်း ဖြစ်ပါကြောင်း။

MAPDRR သည် မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်များကို စနစ်တကျသတ်မှတ်ထားသည့်ပုံစံအတိုင်း ဖော်ဆောင်ပေးမည်ဖြစ်ပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သာမန်လုပ်ရိုးလုပ်စဉ် ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို ကျော်လွန်ပြီး ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းတို့ကို အလေးပေး ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း။

### ပြည်သူအခြေပြုပြီး အားလုံးပါဝင်သည့်နည်းလမ်း

မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်များကြောင့် ဖြစ်လာမည့် ထိခိုက်ဆုံးရှုံးမှုများကို အကာအကွယ်ပေးထားသည့် ရင်းနှီးမြှုပ်နှံမှုပုံစံမျိုးများ တိုးပွားလာစေရန်လည်း MAPDRR က အဓိကအထောက်အကူပြုပေးမည်ဖြစ်ပါကြောင်း၊ MAPDRR တွင် သဘာဝဘေးအန္တရာယ်များကိုသာမက လူ့ပယောဂကြောင့်ဖြစ်သည့် မတော်တဆအန္တရာယ်ဖြစ်ပွားမှုများကိုပါ ထည့်သွင်းထားပါကြောင်း၊ စီမံချက်အရ ပြည်သူအခြေပြုပြီး အားလုံးပါဝင်သည့်နည်းလမ်းကို အသုံးပြုမည်ဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်များကို စီမံခန့်ခွဲခြင်းထက် အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်ရန်ကို အလေးပေးအာရုံစိုက်ပြီး စီမံခန့်ခွဲသွားမည်ဖြစ်ပါကြောင်း။

စီမံချက်အသစ်တွင် အင်အားသေးငယ်သော်လည်း ထပ်ပြန်တလဲလဲဖြစ်ပွားတတ်သည့် ရေလွှမ်းမိုးမှုဘေး၊ မိုးကြိုးဘေး၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မြစ်ကမ်းပါးပြိုခြင်းကဲ့သို့သော ဘေးများကိုပါ လျှော့ချနိုင်ရန် စီမံချက်များ ဖော်ထုတ်ထားပါကြောင်း၊ ထို့ပြင် အသက်အိုးအိမ်ပစ္စည်းပိုင်ဆိုင်မှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်တို့အပြင် တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် စီမံချက်အသစ်ကနေ မျှော်မှန်းထားပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း အစိုးရတစ်ရပ်လုံးနှင့် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုအပြင် အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၏ တက်ကြွစွာပါဝင်မှုကိုလည်း တွန်းအားပေးထားပါကြောင်း၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်အရ (၂၀၂၀)ပြည့်နှစ်တွင် ပထမဆုံးပြည့်မီရမည့် နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့် ဘေးအန္တရာယ်လျော့ပါးရေး မဟာဗျူဟာများ ပေါ်ထွက်လာစေရန်ဆိုသည့် ရည်မှန်းချက်ပန်းတိုင်ကိုလည်း စီမံချက်အသစ်ကနေ ရောက်ရှိစေနိုင်မည်ဖြစ်ပါကြောင်း။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မိန့်ခွန်း ပြောကြားစဉ်

### လက်တွေ့စီမံအကောင်အထည်ဖော်မှုများ

MAPDRR ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်တွင်းပြည်ပ အရင်းအမြစ်များ ရယူဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ယခု




စီမံချက်ကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံတော်အဆင့်တွင် အန္တရာယ်ခံနိုင်ရည်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှုကိုရယူနိုင်မည်ဖြစ်ပြီး ကမ္ဘာ့အဆင့်တွင်လည်း ရေရှည်ဖွံ့ဖြိုးမှု ပန်းတိုင်များကို ပြည့်မီစေမည်ဖြစ်ပါကြောင်း၊ စီမံချက်ထဲတွင်ပါသည့် ဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ရရှိလာမည့်တိုးတက်မှု အခြေအနေများကို စောင့်ကြည့်လေ့လာနိုင်ရန်အတွက်လည်း အညွှန်းကိန်းများနှင့် ပန်းတိုင်များကို သတ်မှတ်ထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဦးဆောင်ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအနေဖြင့် မြေပြင်တွင် လက်တွေ့စီမံအကောင်အထည်ဖော်မှုများကို ကြီးကြပ်ဆောင်ရွက်ပေးကြရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံနှင့် ပြည်သူအတွက် ထိရောက်မှုရှိအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူသားချင်းစာနာကူညီမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး၏ အကြီးအကဲ Mr. Mark Cutts က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ ၁၂ ခုမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများထံ မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက် (၂၀၁၇)ကို လွှဲပြောင်းပေးအပ်ပြီး **(အပေါ်ပုံ)**တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံရုံးအသီးသီးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးနှင့် ပျဉ်ပုံကြီးတပ်နယ်တို့မှ အရာရှိ၊ စစ်သည်များနှင့်တွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးနှင့် ပျဉ်ပုံကြီးတပ်နယ်တို့မှ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ပျဉ်ပုံကြီးတပ်နယ်ရှိ အင်အားဖြည့်တင်းရေးနှင့် ပြန်လည်နေရာချထားရေးတပ်သို့ ရောက်ရှိပြီး တပ်အတွင်းရှိ DYL ဝက်များ မွေးမြူထားရှိမှု၊ နို့စားနွားများ မွေးမြူထားရှိမှု၊ အအေးပေးစနစ်ဖြင့် Novogen Brown ဥစားကြက်များ မွေးမြူထားရှိမှု၊ မွေးမြူရေးအစာစက်ရုံ၊ Green House ဖြင့် သခွားမွှေးပင်များ စိုက်ပျိုးထားရှိမှု၊ ပျိုးစေ့များ သိုလှောင်ထုပ်ပိုးနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးနှင့် ပျဉ်ပုံကြီးတပ်နယ်တို့မှ အရာရှိ၊ စစ်သည်များအား ပျဉ်ပုံကြီးတပ်နယ်ရှိ အားကစားခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်များအတွက် သုတ၊ ရသ စာအုပ်၊ စာစောင်များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)က စားသောက်ဖွယ်ရာများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)က အားကစားပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်အသက်မွေးမှု အတတ်ပညာသင်စခန်းသို့ ရောက်ရှိကြပြီး ဟိုတယ်၊ မိုတယ်လုံခြုံရေးသင်တန်း၊ ပိုးဇာပုံနှိပ်တံဆိပ်နှင့် ဆေးဆိုးပန်းရိုက်သင်တန်း၊ မုန့်ပန်းချီ၊ ကြွေပန်းချီသင်တန်းနှင့် ဆံသသင်တန်းများအား လိုက်လံကြည့်ရှုကာ ကျောင်းပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ သင်တန်းသားများ၏ လက်ရာထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ တပ်မတော်အသက်မွေးမှု အတတ်ပညာသင်စခန်းတွင် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်း ၁၉ မျိုးကို ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး တပ်မတော်သားများသာမက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါ တက်ရောက်သင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရုံးမြေနေရာနှင့် အဆောက်အအုံအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၉**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့နှင့် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဥယျာဉ်လမ်း ခြံအမှတ်(၃)ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး အဆောက်အအုံ ပြုပြင်တိုးချဲ့မွမ်းမံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)** စစ်ဆေးရာတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက အဆောက်အအုံပြုပြင်မွမ်းမံ တိုးချဲ့ဆောက်လုပ်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆွေးနွေး ပြောကြားသည်။

အဆိုပါအဆောက်အအုံသည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့၏ တိုင်းဒေသကြီးအဆင့်ရုံးအဆောက်အအုံဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးဆောက်လုပ်ရေးအဖွဲ့အမှတ်(၂)က တာဝန်ယူ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အပြီးပြုပြင်မွမ်းမံတိုးချဲ့ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့တွင် ကျရောက်သည့်(၁၄၃)ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင်နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)**





အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားများကို မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၀ နိုင်ငံတွင် နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ ကမ္ဘာ့စာပို့တိုက်သမဂ္ဂက ထုတ်ပြန်သည့် အချက်အလက်များအရ နှစ်စဉ် ချောစာပေါင်း ၃၂၇ ဒသမ ၄ ဘီလီယံ၊ ချောစာထုပ်ပေါင်း ၇ ဒသမ ၄ ဘီလီယံဖြင့် သုံးစွဲသူများ အဆင်ပြေချောမွေ့စေရန် စာပို့တိုက်ဝန်ထမ်းပေါင်း ငါးသန်းဖြင့် ဝန်ဆောင်မှုပေးနေသည်ကို တွေ့ရပါကြောင်း။

ထို့ပြင် ကြီးမားကျယ်ပြန့်လှသည့် စာပို့တိုက်ကွန်ရက်မှ စီးပွားရေးလုပ်ငန်းများအပါအဝင် နိုင်ငံသူ နိုင်ငံသားများအတွက် အရေးပါသည့် ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ရပ်တည်နေပြီး နိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အရေးပါသည့် ကဏ္ဍမှ ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း ပြောကြားသည်။

ထို့နောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီဟန်က ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ် (UPU) မှ ညွှန်ကြားရေးမှူးချုပ်က ပေးပို့သည့် ၂၀၁၇ ခုနှစ် စာပို့တိုက်နေ့အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားပြီး နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)အကဲဖြတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းက ပြိုင်ပွဲအတွင်း ဆုရွေးချယ်မှုစနစ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က (၄၆)ကြိမ်မြောက် အသက် ၁၅ နှစ်အောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)တွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး အထက(၁) နတ်မောက်မှ မဝင်းပြည့်ပြည့်ဇော်အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အထက-စိုင်ပြင်မှ မဂျူးထက်ဇော်အား လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးချစ်ဝေက တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အထက(၁) မိုးကုတ်မှ မငြိမ်းသက်နှင်းအား လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းက နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) အကဲဖြတ်အဖွဲ့အား ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရလက်ဆောင်များပေးအပ်ပြီး ဆုရရှိကြသူများကိုယ်စား ပထမဆုရရှိသည့် မဝင်းပြည့်ပြည့်ဇော်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာ့စာတိုက်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် စွမ်းဆောင်ရည်အကောင်းဆုံးစာတိုက်ရုံးများမှ တာဝန်ခံများအား ဆုများချီးမြှင့်ကြသည်။

ကမ္ဘာ့စာပို့တိုက်နေ့ကို ကမ္ဘာ့စာပို့တိုက်သမဂ္ဂ စတင်တည်ထောင်ခဲ့သည့်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် (၁၄၃) ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❄ ***ရှေ့ဖုံးမှ***

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**တိုက်ခတ်နိုင်**

လေပြင်းများ တိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြု**

သို့ဖြစ်၍ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်/ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေရုတ်တရက်မြင့်တက်လာနိုင်ပြီး ရေကြီး ရေလျှံမှုဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# ကျွန်တော်တို့ရောက်ရှိသွားခဲ့တဲ့ ကျေးရွာများထဲက ကျေးရွာတစ်ရွာမှာ လူ့အသိုက်အဝန်းသုံးခုက အေးချမ်းစွာနေထိုင်လျက်ရှိတာကို တွေ့ရပါတယ်

## စင်ကာပူသံအမတ်ကြီး ရောဘတ်ချွာ

ဘာသာပြန်-သာစိန်၊ ကျော်ထိုက်စိုး

**အောက်တိုဘာလ ၈ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စင်ကာပူနှင့်မြန်မာနိုင်ငံအကြား ဆက်ဆံရေး အပြန်အလှန်မြှင့်တင်ခဲ့ပုံနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။**



**မေး။ စင်ကာပူနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ ၁၉၆၆ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြပါတယ်။ စင်ကာပူနိုင်ငံနဲ့ မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု မြှင့်တင်လာခဲ့ကြခြင်းနဲ့ ပတ်သက်ပြီး သံအမတ်ကြီးရဲ့အမြင်ကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ကျွန်တော်တို့ရဲ့ နှစ်နိုင်ငံအကြားဆက်ဆံရေးဟာ အိမ်နီးချင်းနဲ့ မိတ်ဆွေဟောင်းများအကြား ဆက်ဆံရေးတစ်ရပ်ကို ထင်ဟပ်တာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စင်ကာပူနိုင်ငံထူထောင်သူ ဝန်ကြီးချုပ် လီကွမ်ယုဟာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုလေ့လာဖို့နဲ့ နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ ဆက်ဆံရေးတိုးမြှင့်ဖို့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့ပါတယ်။

ကျွန်တော်တို့ဟာ မြန်မာပြည်သူတွေရဲ့အရည်အချင်းကို အမြဲတစေ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံက အစိုးရဝန်ထမ်းတွေ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် စင်ကာပူနိုင်ငံကို လေ့လာရေးသွားရောက်ခြင်းနဲ့ သင်တန်းအစီအစဉ်များကို လုပ်ဆောင်ပေးခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၁ ခုနှစ်မှစပြီး မြန်မာ-စင်ကာပူ သက်မွေးပညာသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်းတွေကနေတစ်ဆင့် နယ်ပယ်စုံက ဝန်ထမ်း ၁၅၀၀၀ ကျော်ကို လေ့ကျင့်သင်တန်းပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော် ဝမ်းမြောက်ရပါတယ်။ စင်ကာပူလိုနိုင်ငံတွေက မြန်မာနိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နေတဲ့အတွက် မြန်မာတွေ စွမ်းဆောင်ရည်နိမ့်တယ်လို့ ပြောရင် ကျွန်တော်လက်မခံပါဘူး။

တစ်ချိန်တည်းမှာပဲ ထူးချွန်ထက်မြက်တဲ့ မြန်မာကျောင်းသားတွေကို စင်ကာပူနိုင်ငံမှာ ပညာသင်ကြားနိုင်ဖို့ နိုင်ငံခြားပညာတော်သင်ဆုကို ပေးအပ်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က ရန်ကုန်မှာ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းကို ကျွန်တော်တို့ဝန်ကြီးချုပ် လီရှန်လုံးကိုယ်တိုင်လာရောက် ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲဒီသင်တန်းကျောင်းမှာ အင်ဂျင်နီယာ၊ စီမံခန့်ခွဲမှုနှင့် အီလက်ထရွန်နစ် အပါအဝင် သက်မွေးဝမ်းကျောင်းပညာရပ်တွေကို သင်ကြားပေးလျက်ရှိပါတယ်။

ဒီပညာရပ်တွေဟာ ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးလာတဲ့ မြန်မာနိုင်ငံမှာ မရှိမဖြစ်လိုအပ်မယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ဒီသင်တန်းတွေကို မြန်မာအစိုးရနဲ့ ညှိနှိုင်းပြီးမှ ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ သင်တန်းသုံးကြိမ်ဆင်းပြီး သွားပြီဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဝမ်းသာရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီစနစ်နဲ့အတူ အလယ်အလတ်ဝင်ငွေရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် ကြိုးပမ်းနေချိန်မှာ စင်ကာပူနိုင်ငံအနေနဲ့ ဆက်လက်ပြီး ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ပတ်သက်ပြီး သံအမတ်ကြီးရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ၁၉၈၀ ပြည့်နှစ် ဩဂုတ်လက အငယ်တန်းသံတမန်တစ်ဦးအဖြစ်နဲ့ မြန်မာနိုင်ငံကို ပထမဦးဆုံး ကျွန်တော်လာရောက်ခဲ့တဲ့အချိန်မှာ မြန်မာနိုင်ငံဟာ ဆိုရှယ်လစ်စနစ်ကျင့်သုံးနေတာကို သိမြင်ခဲ့ရပါတယ်။ ၂၀၀၆ ခုနှစ်မှာ သံအမတ်ကြီးအဖြစ်နဲ့ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိပြီး တာဝန်ပြန်လည်ထမ်းဆောင်နေချိန်မှာတော့ အစိုးရသုံးဆက်မြောက်ရှိခဲ့ပါပြီ။

မြန်မာနိုင်ငံဟာ ပထဝီအရွယ်အစားအရ ကြီးမားသလို လူမျိုးပေါင်း ၁၃၅ မျိုးရှိတဲ့အတွက် စိန်ခေါ်မှုတွေရှိနေပါတယ်။ မတူကွဲပြားတဲ့ လူမျိုးစုတွေကို တစ်စုတစ်စည်း တညီတညွတ်တည်းဖြစ်အောင် လုပ်ဆောင်ရေးဟာ အစိုးရတိုင်းအတွက် စိန်ခေါ်မှုပါပဲ။ ဗိုလ်ချုပ်အောင်ဆန်း လက်ထက်ကတည်းက ယနေ့အထိ ခေါင်းဆောင်အားလုံးဟာ ဒီစိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒီစိန်ခေါ်မှုဟာ နိုင်ငံတော်တည်ဆောက်ရေးနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို တညီတညွတ်တည်းရှိအောင် လုပ်ဆောင်ရာ မှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုလို့ ထင်ပါတယ်။

မြန်မာပြည်သူတွေဟာ ပြည်တွင်းပဋိပက္ခကို နှစ်ပေါင်းများစွာကြုံတွေ့ခဲ့ရပြီးနောက်ပိုင်းမှာ ပြန်လည်သင့်မြတ်ရေးနဲ့အတူ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ချောမောစွာ လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။ ဒီလိုလုပ်ဆောင်နိုင်ခြင်းဟာ ဘာသာတရားကို အခြေခံတဲ့ မေတ္တာတရား၊ ခွင့်လွှတ်သည်းခံမှုတွေနဲ့ လုပ်ဆောင်ခဲ့ကြလို့ ဖြစ်ပါတယ်။

အခုအချိန်မှာတော့ မျှော်လင့်ချက် ကြီးစွာထားနိုင်တဲ့အချိန် ရောက်လာခဲ့ပါပြီ။ သို့သော်လည်း တချို့သော ဝေဖန်ရေးသမားတွေက မြန်မာနိုင်ငံဟာ ဒီမိုကရေစီအဆင့်ကို ရောက်နေကြပြီလားဆိုတာ မေးခွန်းထုတ်နေကြပါတယ်။ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးဟာ မျှော်လင့်ချက်ကြီးစွာနဲ့စတင်ခဲ့ပြီး တစ်ခါတစ်ရံမှာ အကျပ်အတည်းဖြစ်ရသလို မကြာသေးခင်က ရခိုင်ပြည်နယ်မှာဖြစ်ပွားတဲ့ ပြဿနာကြောင့် အစိုးရနဲ့ပြည်သူဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကနေ သွေဖည်မသွားအောင် တညီတညွတ်တည်းရှိနေဖို့ အရေးကြီးတဲ့အချိန် ရောက်ရှိနေပါတယ်။

စင်ကာပူရဲ့ ဒီမိုကရေစီကတော့ မြန်မာနိုင်ငံနဲ့ မတူညီခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ မတူကွဲပြားတဲ့ လူမျိုးစုတွေကြားက အတူရှိနေတယ်ဆိုတဲ့စိတ်ကို မွေးခဲ့ကြလို့ပါပဲ။ ဒီစိတ်ဓာတ်တွေကြောင့် ကျွန်တော်တို့နိုင်ငံသားတွေဟာ အတူတကွ စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ကြတာ ဖြစ်ပါတယ်။

**မေး။ စစ်ပွဲတွေကနေ ငြိမ်းချမ်းရေးကို အသွင်ကူးပြောင်းရာမှာ ဖြစ်ပေါ်လာနိုင်တဲ့ စိန်ခေါ်မှုတွေဟာ ဘာတွေဖြစ်နိုင်မလဲ။**

ဖြေ။ ပထမအချက်အနေနဲ့က တိုက်ခိုက်မှုတွေကို ဘယ်လိုရပ်စဲအောင်လုပ်မယ်ဆိုတဲ့ အဆင့်ဖြစ်ပြီးတော့ အဲဒီအဆင့်မှာ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး လိုက်နာအကောင်အထည်ဖော်မယ့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးတစ်ရပ်ကို ဖော်ဆောင်ဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။ အဲဒီကနေတစ်ဆင့် ဖက်ဒရယ်စနစ်ကိုသွားမယ့် နိုင်ငံရေးဆွေးနွေးပွဲကို လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဖက်ဒရယ်စနစ်ဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုချင်းအတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ အုပ်ချုပ်ရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပုံစံအချို့ကို ဆိုလိုပါတယ်။

တစ်ချိန်တည်းမှာပဲ နိုင်ငံတော်လုံခြုံရေးကဲ့သို့သော အဓိကအချက်ကို ကိုင်တွယ်ဖြေရှင်းခြင်း၊ အရင်းအမြစ်များကို ခွဲဝေခြင်းနဲ့ နိုင်ငံတော်ဘာသာစကားတစ်ရပ် အသုံးပြုပြီး ပညာရေးမူဘောင်ကို ချမှတ်ခြင်းစတာတွေကို လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ အခုချိန်မှာ အရေးအကြီးဆုံးက အပစ်အခတ်ရပ်စဲရေးကို ပီပြင်စွာ အကောင်အထည်ဖော်ဖို့ပါပဲ။ လက်ရှိအခြေအနေအရ ဆွေးနွေးပွဲလုပ်ရင်း၊ တိုက်ပွဲတွေဆက်ဖြစ်နေမယ်ဆိုရင် အပြန်အလှန်ယုံကြည်မှု လျော့နည်းသွားမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းခြင်းကို ဖော်ဆောင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်နိုင်မှသာ အနာဂတ်မျိုးဆက်သစ်တွေအတွက် ကောင်းမွန်တဲ့ အနေအထားတစ်ရပ်ကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ရခိုင်ပြည်နယ်ကို မကြာသေးမီက သွားရောက်ခဲ့တဲ့ သံအမတ်ကြီးရဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ကျွန်တော် ဘာတွေမြင်တွေ့ခဲ့တယ်ဆိုတဲ့ ကျွန်တော်ရဲ့ ပုဂ္ဂိုလ်ရေးအမြင်ကို ပြောပြပါမယ်။ ကုလသမဂ္ဂနဲ့ မြန်မာအစိုးရကစီစဉ်ခဲ့တဲ့ သံတမန်ခရီးစဉ်တစ်ခု ၂၀၀၇ ခုနှစ် လွန်ခဲ့တဲ့ ဆယ်နှစ်က ကျွန်တော်ရဲ့ပထမဆုံး ရခိုင်ပြည်နယ်ကို သွားရောက်ခဲ့တဲ့ ခရီးစဉ်ကို ပြန်သတိရမိပါတယ်။ အဲဒီခရီးစဉ်နဲ့ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂ ရက် မကြာသေးမီက သွားရောက်ခဲ့တဲ့ ခရီးစဉ်ကို ပြန်ကြည့်တဲ့အခါ ကျွန်တော်ဝမ်းနည်းမိပါတယ်။

လွန်ခဲ့တဲ့ဆယ်နှစ်က တင်းမာမှုအချို့ရှိပေမယ့် မတူညီတဲ့ အသိုင်းအဝိုင်းတွေက ငြိမ်းချမ်းစွာအတူတကွ နေထိုင်ကြတာကို ကျွန်တော်မြင်တွေ့ခဲ့ပါတယ်။ ဒီနေ့အချိန်မှာတော့ အိမ်တွေဖျက်ဆီးတာ၊ လူ့အသက်တွေ ဆုံးရှုံးတာ၊ အိုးအိမ်စွန့်ခွာရတဲ့ ပြည်သူတွေနဲ့ ပြီးခဲ့တဲ့နှစ်က အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ စတင်ခဲ့တဲ့ အကြမ်းဖက်မှုတွေကို ကျွန်တော်မြင်တွေ့နေရပါတယ်။ အကြမ်းဖက်မှုက အကြမ်းဖက်မှုသံသရာလည်စေဖို့ အစပြုပေးပါတယ်။

ဒါပေမယ့် ပဋိပက္ခတွေ၊ တင်းမာမှုတွေရှိချိန်မှာတောင် ကျွန်တော်တို့ ရောက်ရှိခဲ့တဲ့ ရွာနှစ်ရွာမှာ အသိုင်းအဝိုင်းသုံးခုဖြစ်တဲ့ ရခိုင်တိုင်းရင်းသားတွေ၊ မူဆလင်ဘာသာဝင်တွေနဲ့ ဟိန္ဒူဘာသာဝင်တွေ ငြိမ်းချမ်းစွာအတူ နေထိုင်နိုင်သေးတာကို မြင်တွေ့တော့ ကျွန်တော့်ကို ပျော်ရွှင်အားတက်စေခဲ့ပါတယ်။ နှစ်ပေါင်းများစွာကြာတဲ့ အချိန်အထိ ငြိမ်းချမ်းစွာ ဘာကြောင့် နေထိုင်နိုင်သလဲလို့ ကျွန်တော် သူတို့ကို မေးကြည့်တဲ့အခါ တစ်ဦးနဲ့တစ်ဦး အပြန် အလှန်အကျိုးပြုစွာ အတူတကွနေထိုင်ဖို့ သင်ယူခဲ့ကြောင်း သူတို့ ပြောပါတယ်။ သူတို့ စီးပွားရေးလုပ်ငန်းကို အတူလုပ်ကိုင်ကြပြီး တစ်ဦးနဲ့တစ်ဦး လေးစားကြပါတယ်။ ပူပန်စရာတစ်ခုရှိလာရင် တစ်ရွာလုံးနဲ့ဆိုင်တဲ့ ကိစ္စလို့သဘောထားပြီး ဘာသာပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ကော်မတီတစ်ခုမှာ ဆွေးနွေးကြပါတယ်။

ကျွန်တော်တို့ရောက်ရှိခဲ့တဲ့ ရွာနှစ်ရွာမှာ အသိုင်းအဝိုင်းသုံးခုဖြစ်တဲ့ ရခိုင်တိုင်းရင်းသားတွေ၊ မူဆလင်ဘာသာဝင်တွေနဲ့ ဟိန္ဒူဘာသာဝင်တွေ ငြိမ်းချမ်းစွာ အတူနေထိုင်နိုင်သေးတာကို မြင်တွေ့တော့ ကျွန်တော့်ကို ပျော်ရွှင်အားတက်စေခဲ့ပါတယ်။ နှစ်ပေါင်းများစွာ ကြာတဲ့အချိန်အထိ ငြိမ်းချမ်းစွာ ဘာကြောင့် နေထိုင်နိုင်သလဲလို့ ကျွန်တော်သူတို့ကို မေးကြည့်တဲ့အခါ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် အကျိုးပြုစွာ အတူတကွနေထိုင်ဖို့ သင်ယူခဲ့ကြောင်း သူတို့ ပြောပါတယ်။ သူတို့ စီးပွားရေးလုပ်ငန်းကို အတူလုပ်ကိုင်ကြပြီး တစ်ဦးနဲ့တစ်ဦး လေးစားကြပါတယ်။ ပူပန်စရာတစ်ခုရှိလာရင် တစ်ရွာလုံးနဲ့ဆိုင် တဲ့ကိစ္စလို့ သဘောထားပြီး ဘာသာပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ကော်မတီတစ်ခုမှာ ဆွေးနွေးကြပါတယ်။

အာဆီယံမိသားစုဝင် အိမ်နီးချင်းနိုင်ငံတွေအနေနဲ့ အာဆီယံ လူသားချင်းစာနာမှု အကူအညီပေးရေးဗဟိုဌာနက ပေးပို့မယ့် အရေးပေါ် လူသားချင်းစာနာထောက်ထားမှု အကူအညီတွေက ပဋိပက္ခဘေးသင့် အသိုင်းအဝိုင်းတွေအားလုံးကို ကူညီ ရာမှာ မြန်မာအစိုးရကို အထောက်အပံ့ဖြစ်စေဖို့ ဆန္ဒပြုပါတယ်။

အကြမ်းဖက်မှုကို ရပ်တန့်ရမှာဖြစ်ပြီး တစ်ချိန်မှာ တည်ငြိမ်မှု ပြန်လည်ရရှိကာ အသိုင်းအဝိုင်းအားလုံး သူတို့နေထိုင်တဲ့ ကျေးရွာတွေကို ပြန်လာနိုင်ပြီး ပြန်လည်သင့်မြတ်ရေး၊ ဆွေးနွေးညှိနှိုင်းမှုနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ် လိုအပ်မယ့် နက်နဲတဲ့ သမိုင်းကြောင်းအရင်းခံတွေရှိတဲ့၊ ဒီရှုပ်ထွေးတဲ့ အသိုင်းအဝိုင်း အချင်းချင်းကြားပြဿနာမှာ ရေရှည်နိုင်ငံရေး ဖြေရှင်းမှုတစ်ခု ရှာဖွေရမယ့်အချိန်လို့ အာဆီယံမိသားစုဝင်နိုင်ငံတွေက မြင်ပါတယ်။ ရခိုင်ပြည်နယ်မှာ မြေသြဇာကောင်းမွန်တဲ့ မြေတွေရှိပြီး စပါးစိုက်ပျိုးနိုင်ပေမယ့် ပဋိပက္ခတွေကြောင့် ပြည်သူတွေအနေနဲ့ စပါးမစိုက်ပျိုးနိုင်ပါဘူး။

ကျွန်တော်ရဲ့ပုဂ္ဂိုလ်ရေးအမြင်ကတော့ အစိုးရက အသိုင်းအဝိုင်းအားလုံးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် လုပ်ဆောင်နေတဲ့အတွက် ကျွန်တော်ရွာနှစ်ရွာမှာ မြင်တွေ့ခဲ့သလို ပြန်လည်ပေါင်းစည်းရေးတွေ ဖြစ်လာနိုင်မယ်လို့ ယူဆပါတယ်။

**မေး။ စင်ကာပူနိုင်ငံက သီလဝါအထူးစီးပွားရေးဇုန်မှာ ထိပ်တန်းရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံအဖြစ် စာရင်းသွင်းခံထားရတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နေတဲ့ စင်ကာပူလုပ်ငန်းရှင်တွေအတွက် အဓိက စိန်ခေါ်မှုတွေက ဘာတွေဖြစ်မလဲ။**

ဖြေ။ မြန်မာနိုင်ငံမှာ စင်ကာပူနိုင်ငံက ဒုတိယမြောက် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံရဲ့ တတိယမြောက် အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံလည်း ဖြစ်ပါတယ်လို့ အချက်အလက်တွေက ပြသနေတဲ့အတွက် ကျွန်တော် ဝမ်းသာမိပါတယ်။ ဒါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မယ့် မြန်မာနိုင်ငံရဲ့ အလားအလာမှာ စင်ကာပူနိုင်ငံရဲ့ယုံကြည်မှုကို ပြသနေတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နှစ် ၂၀ ကျော် စီးပွားရေးလုပ်ကိုင်နေတဲ့ စင်ကာပူ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ယုံကြည်မှုကို ထင်ဟပ်စေပါတယ်။ ဒါပေမယ့် ပြည်ပရင်းနှီးမြှုပ်နှံသူတွေအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့ သူတို့ကိုပေးရမယ့် ယုံကြည်မှုကတော့ နိုင်ငံရေးတည်ငြိမ်မှုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရင်းနှီးမြှုပ်နှံသူတွေက နိုင်ငံရေးဆိုင်ရာ အရဲစွန့်မှုကို မကြိုက်ပါဘူး။ ဒါကြောင့် အစိုးရက တည်ငြိမ်တဲ့ နိုင်ငံရေးစနစ်တစ်ရပ်ကို ဖန်တီးရမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေက သေချာမှု၊ တရားဥပဒေစိုးမိုးမှု၊ ရှင်းလင်းတဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ စီးပွားရေးပြဿနာတွေကို ဖြေရှင်းပေးမယ့် အငြင်းပွားမှု ဖြေရှင်းရေးနည်းလမ်းတစ်ရပ်ကို အလိုရှိပါတယ်။

လွန်ခဲ့တဲ့ငါးနှစ်ကနေ ယနေ့အချိန်အထိ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရရှိဖို့ စီးပွားရေးအရ လမ်းဖွင့်ပေးမယ့် ခိုင်မာတဲ့ ကြိုးပမ်းမှုရှိခဲ့ပါတယ်။ ဒါပေမယ့် အချိန်အတိုင်းအတာတစ်ခုအထိ တံခါးပိတ်ခဲ့တဲ့ တိုင်းပြည်တစ်ခုအနေနဲ့ လမ်းဖွင့်ပေးရာမှာ တိုင်းပြည်အတွင်း ဝင်ရောက်လာတဲ့ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက ဒေသခံစီးပွားရေး လုပ်ငန်းတွေကို ဝါးမျိုသွားမှာ မဟုတ်ဘူးဆိုတဲ့ ယုံကြည်မှု လိုအပ်ပါတယ်။

**မေး။ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေအတွက် ဥပဒေ၊ အမိန့်နဲ့ ပြတ်သားမှုနဲ့ ပတ်သက်လို့ ရှင်းပြပေးနိုင်မလား။**

ဖြေ။ ဘယ်တိုင်းပြည်ကိုမဆို သွားရောက်လုပ်ကိုင်တဲ့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စီးပွားရေးအရ အငြင်းပွားမှုတွေရှိလာတဲ့အခါ ခုံသမာဓိ စီရင်ဆုံးဖြတ်မှုလို အားကိုးအားထားရရှိနိုင်ဖို့ ဒါမှမဟုတ် အငြင်းပွားမှုကို တရားရုံးတွေဆီတင်ပြဖို့ ရှင်းလင်းခိုင်မာတဲ့ တရားဥပဒေစိုးမိုးမှုဆိုတဲ့ ပြတ်သားမှု လိုအပ်ပါတယ်။ မူဝါဒသစ်တွေရှိလာချိန်မှာလည်း ပြတ်သားမှုက အရေးကြီးပါတယ်။ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်တစ်ရပ်ရှိလာတိုင်း သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဘယ်လို အကောင်အထည်ဖော် ဆောင်နိုင်တယ်ဆိုတဲ့ ပြတ်သားမှုပေးတဲ့ လုပ်ထုံးလုပ်နည်းတွေ အကောင်အထည်ဖော် ဆောင်တယ်လို့ စီးပွားရေးလုပ်ငန်းရှင်တွေဘက်က ကျွန်တော်နားလည်ပါတယ်။

**မေး။ စင်ကာပူဝါရင့်ဝန်ကြီး ဂိုချောက်တောင်က အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေ၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ဖို့ သမ္မတကြီး ဦးထင်ကျော်နဲ့ ဆွေးနွေးခဲ့ပါတယ်။ နှစ်နိုင်ငံကြား အောင်မြင်မှုတွေနဲ့ စိန်ခေါ်မှုတွေအတွက် လက်ရှိကြိုးပမ်းအားထုတ်မှုတွေကို ပြောပြပေးနိုင်မလား။**

ဖြေ။ မစ္စတာ ဂိုချောက်တောင် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ချိန်မှာ ၁၉၉၀ ပြည့်နှစ်တွေမှာ ရင်းနှီးမြှုပ်နှံသူတွေ လာရောက်ဖို့ သူက အားပေးတိုက်တွန်းခဲ့ပြီး မြန်မာနိုင်ငံရဲ့ခရီးသွားလုပ်ငန်းကိုကူညီဖို့ လုပ်ငန်းရှင်တွေကို အကြံပြုခဲ့ပါတယ်။ ခရီးသွားကဏ္ဍဖွံ့ဖြိုးလာရင် ဝင်ငွေကောင်းလာပြီး အလုပ်အကိုင်တွေ ဖန်တီးနိုင်မယ်လို့ သူက ယုံကြည်ခဲ့ပါတယ်။ ယနေ့အချိန်မှာတော့ မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အခြားဘယ်ကဏ္ဍတွေက ပံ့ပိုးပေးနိုင်မလဲဆိုတာ ကျွန်တော်တို့ လေ့လာနေပါတယ်။

*စာမျက်နှာ ၇ သို့*

# ရခိုင်ပြည်နယ် ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား နော်ဝေနိုင်ငံ သံအမတ်ကြီး H.E.Ms.ToneTinnes သည် ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား နော်ဝေနိုင်ငံမှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်များ၊ မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ် စွန့်ခွာပြောင်းရွှေ့ခဲ့ကြသည့် ဒေသတွင်းနေ နှစ်ဖက်လူမှု အသိုက်အဝန်းများ၏ လုံခြုံရေး၊ စားဝတ်နေရေး၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်လည်နေရာချထားပေးနေမှုအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှု အကူ အညီပေးရေးကိစ္စရပ်များ၊

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တို့၏ အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ အကြမ်းဖက်အဖွဲ့အစည်းများ ဖျက်ဆီးခဲ့သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးနှင့် ပြည်ပနိုင်ငံများ၊ ပြည်ပအဖွဲ့အစည်းများပါဝင်ပြီး ကူညီထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ရေရှည်တည်ငြိမ် အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် (၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOMS-7) လက်ခံကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံ အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMS-7) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး အာဆီယံ ၁၀ နိုင်ငံမှ အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံ ၁၀ နိုင်ငံမှ အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အဖွဲ့ဝင်များက အာဆီယံအထိမ်းအမှတ်သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် မလေးရှားနိုင်ငံမှ ဥက္ကဋ္ဌဟောင်း Doto Lokman Hakim Ail Ministry Youth and Sports Secretary General မှ မိန့်ခွန်းပြောကြားပြီး အစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ဝတ္တရားများကို မြန်မာနိုင်ငံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် (၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး(SOMS-7) အလှည့်ကျဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အားကစား လှုပ်ရှားမှုပြုလုပ်ခြင်းသည် လူသားတို့၏နေ့စဉ်ဘဝတွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်သာမက နိုင်ငံများအချင်းချင်း ယဉ်ကျေးမှုဆိုင်ရာရင်းနှီးစေသည့် အားကောင်းသော သံတမန်ဆက်သွယ်ရေးတစ်ခုဖြစ်ပါကြောင်း၊ အာဆီယံ နိုင်ငံတွင်ကျင်းပသည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို မလေးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ပြီး ဆုတံဆိပ်အများဆုံးရရှိအောင် စွမ်းဆောင်နိုင်သောကြောင့် ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း၊ ယခုကျင်းပမည့် အစည်းအဝေးတွင် အာဆီယံနိုင်ငံများအကြား အားကစားဆိုင်ရာ အရေးကြီးအဆိုများတင်ပြီး ဆုံးဖြတ်ချမှတ်နိုင်ရေးတွင် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်းနှင့် နောက်ရက်များတွင် ကျင်းပမည့် အာဆီယံအားကစားဝန်ကြီးများ၊ ဂျပန်နိုင်ငံအားကစားဝန်ကြီးများအစည်းအဝေး၊ အာဆီယံအားကစားဝန်ကြီးနှင့် အခြားဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ဆွေးနွေးကျင်းပနိုင်ရန် အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း၊ ယခုအစည်းအဝေးမှ အာဆီယံနိုင်ငံများနှင့် အားကစားဆိုင်ရာ နားလည်မှု ပူးပေါင်းဆောင်ရွက်မှုများ ရရှိကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများကိုယ်စားလှယ် အဆင့်မြင့်အရာရှိကြီးများက အာဆီယံနိုင်ငံအချင်းချင်း အားကစားနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၆ ခုနှစ်မှ ကျင်းပခဲ့သော(SOMS-6) အစည်းအဝေးမှထွက်ပေါ်သော အစည်းအဝေး ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံ အားကစားနေ့အဖြစ် ဩဂုတ်လ ၈ ရက်နေ့ကို သတ်မှတ်ပေးနိုင်ရေး ဝိုင်းဝန်းဆွေးနွေးခြင်း၊ ၂၀၃၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ အာဆီယံဒေသတွင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေး၊ မလေးရှားနိုင်ငံမှ ဦးဆောင်လျှောက်ထားမည့် အစီအစဉ်အား ဝိုင်းဝန်းထောက်ခံ ဆွေးနွေးခြင်း၊ ၂၀၁၆ခုနှစ်တွင် ကျင်းပပြီးစီးသော (၁၇)ကြိမ်မြောက် ရီယိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအိုလံပစ်ပြိုင်ပွဲ၌ အောင်မြင်မှုရရှိခဲ့ကြသော အာဆီယံဒေသတွင်းနိုင်ငံများမှ အားကစားသမားများအား ဂုဏ်ပြုခြင်း၊ အာဆီယံဒေသတွင်း ကျင်းပနေသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အမည်အား အာဆီယံ အားကစားပြိုင်ပွဲများဟု အမည်နာမ ပြောင်းလဲကျင်းပနိုင်ရေး ဝိုင်းဝန်းဆွေးနွေးခြင်း၊ ၂၀၁၆ မှ ၂၀၂၀ ထိ အာဆီယံနိုင်ငံများ အားကစားနှင့်ပတ်သက်၍ လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်နေမှုအပေါ် အကြံပြုဆွေးနွေးခြင်း၊ အာဆီယံနိုင်ငံများ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုသတ်မှတ်ချက်အား ဝိုင်းဝန်းအကြံပြု ဆွေးနွေးခြင်း၊ အာဆီယံဒေသတွင်းပြိုင်ပွဲကျင်းပမှုနှင့် စပ်လျဉ်း၍ ပွဲပြီးရလဒ်နှင့် ပြင်ဆင်မှုအပေါ် ပြန်လည်သုံးသပ်ခြင်း၊ ကျင်းပပြီးစီးခဲ့သော (၂၉)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၊ (၉)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပပြီးစီးမှုနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်းနှင့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအား အင်ဒိုနီးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်း၊ အားကစားနှင့်သက်ဆိုင်သော အာဆီယံအဖွဲ့အစည်းနှင့် အခြားပူးပေါင်း ပါဝင်ဆောင်ရွက်ကြမည့် အဖွဲ့များ၏ လုပ်ငန်းစဉ်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်း၊ ၂၀၁၆မှ ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံနိုင်ငံများ အားကစားဆိုင်ရာ အစီအစဉ်များနှင့် ပတ်သက်၍ အထောက်အကူပြုလုပ်ငန်းအစီအစဉ်များကို ပြုစုတင်ပြခြင်း၊ စက်တင်ဘာ ၁၀ ရက် နှင့် ၁၁ ရက်များတွင် ကျင်းပမည့် (၄)ကြိမ်မြောက် အာဆီယံ အားကစားဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ်မြောက် အာဆီယံအားကစားဝန်ကြီးများနှင့် ဂျပန်နိုင်ငံ အားကစားဝန်ကြီးတို့၏ တွေ့ဆုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အကြံပြုဆွေးနွေးချက်များကို အသီးသီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံမှ အာဆီယံ အားကစားအစည်းအဝေးကို အိမ်ရှင်ဥက္ကဋ္ဌအဖြစ် ၂၀၁၇-၂၀၁၈ နှစ်နှစ် တာဝန်ယူ ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

ဒါကြောင့် လွန်ခဲ့တဲ့ဆယ်နှစ်က စတင်ခဲ့တဲ့ စင်ကာပူ-မြန်မာ ပူးတွဲဝန်ကြီးအဆင့် လုပ်ငန်းကော်မတီကို ကျွန်တော်တို့ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မတီက ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ဥပဒေပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့ ကဏ္ဍသုံးခုကိုအလေးထား ဆောင်ရွက်ပါတယ်။

စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွေ့အကြုံက ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျောထောက်နောက်ခံပြုရာမှာ အရေးပါတဲ့ မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးနဲ့ ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို အထောက်အကူဖြစ်စေလိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါ တယ်။ နှစ်နိုင်ငံစလုံးက စီးပွားရေးလုပ်ငန်းရှင်တွေကို အကျိုးဖြစ်ထွန်းစေမယ့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်တစ်ရပ်ကို ယခုနှစ်မကုန်မီ အချောသပ်ဖို့ လုပ်ဆောင်နေပါတယ်။

◆ *ကျော့ဖုံးမှ*

နည်းပြချုပ် အလတ်ဇန္ဒားက “ မြန်မာအသင်းရဲ့ကစားပုံတွေကို အင်တာနက်ကနေ လေ့လာထားပါတယ်။ မြန်မာအသင်းရဲ့အနေအထားကို အနီးစပ်ဆုံးသိထားပါတယ်။ ဒီပွဲအတွက် ပြင်ဆင်ချိန် တစ်လကျော်ရထားပြီး အနိုင်ရဖို့ အာရုံစိုက် ကစားသွားမှာပါ။ အဝေးကွင်းဖြစ်တာကြောင့် သတိထားကစားရမှာဖြစ်သလို အမှတ်ရဖို့ ကြိုးစားသွားမှာပါ” ဟု ပြောကြားသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ကာဂျစ္စတန်လက်ရွေးစင်အသင်းတို့၏ အာရှဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ် (၄)ကို အောက်တိုဘာ ၁၀ ရက် ယနေ့ ည ၇ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းပွဲကို မူလက ညနေ ၆ နာရီတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ပရိသတ်အများအပြား လာရောက်အားပေးရန် ပွဲချိန်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းသည် ပထမအကျော့ပွဲအား ရွှေ့ဆိုင်းထားရသောကြောင့် နှစ်ပွဲစီသာကစားရပြီး ခြေစစ်ပွဲ အောင်မြင်ရန် ယခုပွဲမှာ အရေးပါလျက်ရှိသည်။

❖ *ကျော့ဖုံးမှ*

အခါကြီး ရက်ကြီးများတွင် သစ်ရိပ်ဝါးရိပ်အောက် အပန်းဖြေလိုသူတို့က သူငယ်ချင်းအုပ်စုလိုက်၊ မိသားစုအလိုက် ကန်တော်ကြီး ဥယျာဉ်ထဲတွင် နေထွက်မှနေဝင် တစ်နေကုန်အောင်နေကြသည်။ ချိုင့်ကြီး ချိုင့်ငယ် အသွယ်သွယ်တို့ဖြင့် စားသောက်ပျော်ပါး အနားယူကြသည်။

လာရောက်အပန်းဖြေ အနားယူလိုသူတို့အတွက် ကန်တော်ကြီးရေပြင်နှင့် ပိုမိုနီးကပ်စွာထိတွေ့ခွင့်ရအောင် ပန်းခြံတာဝန်ရှိသူများက သစ်သားတံတားတစ်စင်းကို ဖန်တီးပေးထားသည်။ ၁၉၉၅ ခုနှစ်ခန့်ကပင် စတင်အသုံးပြုခဲ့သော အကျယ် ၁၇ ပေခွဲရှိ သစ်သားတံတားကလေးမှာ ယခုအခါ အတော်ပင် ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သည်။ အပျက်အစီး အကျိုးအပဲ့များ တစ်စတစ်စ များပြားလာလျက်ရှိသော သစ်သားတံတားလေးကို ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ တာဝန်ယူကာ စတင်ပြုပြင်နေသည်ကို တွေ့ရသည်။ အသစ်ပြန်လည် တည်ဆောက်ပြုပြင်နေသည့် အဆိုပါသစ်သားတံတားလေးအကြောင်းကို ဌာနမှတာဝန်ရှိသူတစ်ဦးကို မေးမြန်းကြည့်ရာတွင် “သစ်သားတံတားတွေ အကုန်လုံးက အားလုံးပေါင်း ၇၀၀၉ ပေ ရှိပါတယ်။ ဒီနှစ်က ပေ ၁၀၀၀ လုပ်မှာပါ။ ကျွန်တော်တို့ လျာထားတဲ့ဘတ်ဂျက်နဲ့ ကော်မတီဘတ်ဂျက်နဲ့ သွားမှာပါ။ နဂိုတုန်းက သစ်သားတံတားပါ။ ၁၉၉၅ ခုနှစ်တုန်းကဆောက်ခဲ့တဲ့ သစ်သားတံတားပါ။ အကျယ်က ၁၇ ပေ ခွဲရှိတယ်။ အခုလက်ရှိပြန်လုပ်မှာ ကွန်ကရစ်နဲ့လုပ်မှာပါ။ လက်ရန်းကတော့ စတီးနဲ့ သစ်သားလက်ကိုင်လေးနဲ့ ပြန်လုပ်မှာပါ”။

“ကုန်ကျစရိတ်အနေနဲ့က ပေ ၁၀၀၀ ကျော်ဆိုရင် သိန်း ၅၀၀၀ လောက်ကုန်မှာပါ။ အခု ကျွန်တော်တို့ အကြမ်းဖျင်းတွက်နေတုန်းပဲ ရှိသေးတယ်။ ပေ ၁၁၀၀ လောက်လည်း ရရင်ရမှာပါ။ ပထမဒီဇိုင်းကို နည်းနည်းပြန်ပြင်နေတယ်။ အမြင့်ကတော့ အရင်သစ်သားတံတားအမြင့်အတိုင်းပဲ သွားမှာပါ။ ကန်တော်ကြီးရေပြင်အမြင့်နဲ့ နဂိုထဲကတည်းက ချိန်ပြီးလုပ်ထားခဲ့တာဆိုတော့ အဲဒီအတိုင်းပဲ လုပ်သွားမှာပါ”။

“ပြင်တာကတော့ ကျွန်တော်တို့ မိုးပျံပူဖောင်းလွှတ်တဲ့ ကျွန်းအနားအထိ ရောက်မှာပါ။ အဲဒီနားအထိကို ပေ ၁၁၀၀ လောက်ရှိတယ်။ ကျန်တဲ့အပိုင်းကတော့ ဘတ်ဂျက်အပေါ်မူတည်တာပါ။ နှစ်အလိုက်ငွေလျာထားပြီး အပိုင်းလိုက်ပြင်သွားရမှာပါ”။

“ကန်တော်ကြီးထဲမှာ ပြည်သူတွေ အပန်းဖြေသွားလာ လှုပ်ရှားတဲ့အခါမှာ ဘေးအန္တရာယ်ကင်းကင်းနဲ့ စိတ်ချမ်းသာကိုယ်ကျန်းမာနဲ့ အသုံးပြုလို့ရအောင် ကျွန်တော်တို့က ပြန်ပြီးပြုပြင်ပေးတာပါ။ နဂိုအတိုင်းဆိုရင် လုံခြုံမှုက မရှိတော့ဘူးလေ။ အောက်ကိုပဲကြည့်သွားနေရတော့ ဘေးပတ်ဝန်းကျင်အလှအပကို မခံစားနိုင်တော့ဘူး။ အရင်တံတားက အဲလိုဖြစ်သွားပြီ။ ပျက်တဲ့အပိုင်းတော့ လိုက်ပြင်နေတာပဲ။ ဒါပေမယ့် ပျက်စီးမှုအပိုင်းက များလာပြီ။ သစ်နဲ့ဆိုရင် ကုန်ကျစရိတ်က အများကြီးတက်သွားမယ်။ အချိန်ကလည်း ကာလတစ်ခုအထိပဲရမယ်။ ကျွန်တော်တို့က ရေထဲမှာထားရမယ်ဆိုတဲ့အခါကျတော့ ကွန်ကရစ်နဲ့ပဲ လုပ်လိုက်မယ်ဆိုရင်တော့ အများကြီးခံတယ်”ဟု ရှင်းပြသည်။

ကန်တော်ကြီးဥယျာဉ်နှင့် ရေပြင်သည် ရန်ကုန်မြို့၏ လူနေထူထပ်သော မြို့နယ်များဖြစ်သည့် ဗဟန်းမြို့နယ်၊ တာမွေမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည်။ ရန်ကုန်မြို့လယ် ဧရိယာအတွင်း တစ်ခုတည်းသော ကြီးမားသည့်ရေပြင်ဧရိယာကို ပိုင်ဆိုင်ထားသည့် ကန်ကြီးလည်းဖြစ်သည်။ အဆိုပါ ရေကန်ကြီးပါဝင်သော ဥယျာဉ်ကြီးက အနီးပတ်ဝန်းကျင်သာမက ရံဖန်ရံခါ လာရောက်သူများကိုပင် ခဏတာ အေးချမ်းမှုကို ပေးနိုင်သည်။ ရေကန်ကြီးအတွင်းရှိ အမြဲစိမ်းသစ်ပင်များက မြင်ရသူတို့အတွက် စိတ်ချမ်းမြေ့မှုကို ပေးနိုင်သည်။ ထို့ကြောင့်ပင် ကန်တော်ကြီးဥယျာဉ်နှင့်ရေပြင်ကို အရှည်တည်တံ့နိုင်စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု တင်ပြရင်း . . .

# ပြည်ထောင်စုဝန်ကြီးအား နော်ဝေနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Tone Tinnes က အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Tone Tinnes နှင့်တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာ ကူညီမှုလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် နိုင်ငံတော်မှ ဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ရေးတွင် နော်ဝေနိုင်ငံမှ အကူအညီပေးလိုမှုနှင့် အကြံပြုချက်များအား ရေရှည် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပူးပေါင်းပါဝင်လိုမှု၊ ရခိုင်ဒေသရှိပြည်သူများ၏ လုံခြုံရေးနှင့် အကာအကွယ်ပေးရန် လိုအပ်မှုအခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့်ဒုက္ခသည်များဘေးကင်းလုံခြုံစွာ ပြန်လည်လက်ခံရေးတွင် နော်ဝေနိုင်ငံမှ အကူအညီပေးရေးကိစ္စရပ်များ၊ နိုင်ငံတကာအသိုက်အဝန်းမှ လူသားချင်းစာနာမှု လုပ်ငန်းဆောင်ရွက်သူများအား ခွင့်ပြုရန်ကိစ္စများ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်စေရေးကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည့်ကိစ္စများ၊ သက်မွေးဝမ်းကျောင်း၊ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများ တိုးတက်အောင်ဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲရေးဖြစ်စဉ်များတွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ ဆက်လက် ကူညီနိုင်ရေးကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်အသုံးပြုရန် မြန်အောင်မြို့နယ်သူ မြို့နယ်သားများက အလှူငွေကျပ် ၂၄၅ သိန်း လှူဒါန်း

**စစ်တွေ အောက်တိုဘာ ၉**

စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒေသခံတိုင်းရင်းသားများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ တွင် အသုံးပြုရန် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ မြို့သူမြို့သားများက အလှူငွေကျပ် ၂၄၅ သိန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အလှူငွေနှင့်ပစ္စည်းများ လက်ခံဖြန့်ဖြူးရေး ကော်မတီနှင့် စစ်တွေမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ ယနေ့ နံနက်ပိုင်းတွင် သွားရောက် လှူဒါန်းသည်။

မြန်အောင်မြို့နယ်သူ မြို့နယ်သားများကိုယ်စား ဦးအောင်ဝင်း ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့နန္ဒာရာမဘုန်းကြီးကျောင်းသို့ ရောက်ရှိနေသည့် မောင်တောမြို့နယ် နံ့သာတောင်ပရဟိတကျောင်း ဆရာတော်အား အလှူငွေကျပ် သိန်း ၃၀ နှင့် သုံးမိုင် ပရဟိတကျောင်းတိုက် ဆရာတော်အား အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ အလှူငွေနှင့်ပစ္စည်း လက်ခံဖြန့်ဖြူးရေး ကော်မတီ၌ မောင်တောဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ် ၁၃၅ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မောင်တောဒေသ၌ တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် အလှူငွေကျပ် ၄၅ သိန်း ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်ရှိ ဟိန္ဒူကယ်ဆယ်ရေးစခန်းသို့ အလှူငွေကျပ်ငါးသိန်း၊ စက်ရုံ စုရပ်ကွက် ရတနာ့ဗိမာန်ကျောင်း ကယ်ဆယ်ရေးစခန်းသို့ ငွေ ကျပ် ၄၂၅၀၀၀ ၊ ရေပိုက်ဆုံကျောင်းတိုက် ကယ်ဆယ်ရေးစခန်းသို့ ငွေကျပ် ၅၅၀၀၀၀ ၊ ပရိယတ္တိပျိုးခင်းစာသင်တိုက် ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၄၈ စု အတွက် ငွေကျပ် ၄၈၀၀၀၀ တို့ကို သွားရောက်လှူဒါန်းကြသည်။

ထို့ပြင် မြန်အောင်မြို့အလှူရှင်များအဖွဲ့သည် စစ်တွေမြို့ အာရိယာန်ခန်းမ၌ မေတ္တာအာရီယာန်ဖောင်ဒေးရှင်းသို့ အလှူ ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းသည်။

"ကျွန်တော်တို့အဖွဲ့က ဧရာဝတီတိုင်းဒေသကြီး မြန်အောင် မြို့နယ်မှာရှိတဲ့ မြို့သူမြို့သားတွေနဲ့ အလှူရှင်တွေရဲ့အလှူငွေ တွေကို မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းတွေမှာ ရောက်ရှိနေကြတဲ့ ဒေသခံတိုင်းရင်းသားတွေ၊ နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေဆောင်ရွက်နေကြတဲ့ တပ်မတော်နဲ့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေ၊ ရခိုင်ပြည်နယ်အစိုးရရဲ့ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်ရာမှ အသုံးပြုနိုင်ဖို့အတွက် ယခုလို လာရောက်လှူဒါန်းခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် မောင်တော မြို့နယ် နံ့သာတောင်ပရဟိတ ကျောင်းဆရာတော်နဲ့ ၃ မိုင် ပရဟိတကျောင်းဆရာတော်တို့ကိုလည်း လှူဒါန်းသွားပါမယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ပြည်သူတွေ အေးချမ်းစွာ နေထိုင်ရသော်လည်း ရခိုင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုတွေ ဒုက္ခရောက်နေတဲ့အချိန်မှာ တတ်နိုင်တဲ့ဘက်က ကူညီပေးချင်တဲ့အတွက် ယခုလိုလာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်"ဟု အဖွဲ့ခေါင်းဆောင် ဦးအောင်ဝင်း က ပြောသည်။

**တင်ထွန်း(ပြန်/ဆက်)**

❀ ကျောဖုံးမှ

လှေသဘင်ပွဲတော်တွင် တနင်္သာရီမြို့ချောင်းကြီးကျောင်းတိုက်မှ ရွှေနန်းသာရီ၊ ငွေနန်းသာရီ နဂါးလှေတော်၊ လယ်သစ်ကျေးရွာ၊ ကျောင်းကြီးတိုက်မှ မြကြီးအောင်၊ ရန်ကြီးအောင် နဂါးလှေတော်နှင့် လယ်သစ်ကျေးရွာ အရှေ့ကျောင်းတိုက်မှ စိန်ပန်းသွယ်၊ ပတ္တမြားသွယ်၊ နဂါးလှေတော်၊ စုစုပေါင်းနဂါးလှေတော် ခြောက်စင်းတို့သည် နံနက် ၇ နာရီခန့်က တနင်္သာရီမြို့ ဗိုလ်တဲလမ်း လှေဆိပ်စုရပ်မှ စတင်ထွက်ခွာ၍ တနင်္သာရီမြို့ကို လက်ယာရစ်လှော်ခတ်၍ တန်ခိုးကြီးရှေးဟောင်းဘုရာများဖြစ်သော မြဝတ်ဆင်၊ လေသာ၊ နဝထပ်၊ ခြေတော်ရာ၊ ရန်အောင်မြင်၊ နန်းဦးစေတီတော်များကို ဦးတိုက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မြို့ဝင်ဆိပ်ခံတံတား ယာယီမဏ္ဍပ်တွင် ကျောင်းကြီးကျောင်းတိုက် သက်တော်ရှည်ဆရာတော်ကြီး အရှင်ပညာဒီပက နဂါးလှေလှော် ခြောက်စင်းမှ လှေတော်သား ၂၃၀ တို့အား ပရိတ်မေတ္တာရေစင်များ သွန်းလောင်းပေးခဲ့ပြီး ချောင်းကြီးကျောင်းတိုက် ဓမ္မဗိမာန်၌ နဂါးလှေတော်သားများအား ဆုနှင်းသဘင်ကျင်းပခြင်းနှင့် ဩဝါဒခံယူခဲ့ကြကြောင်းသိရသည်။ ထို့နောက် နဂါးလှေတော် ခြောက်စင်းမှ လှေတော်သားများက အလှုပြယှဉ်ပြိုင်လှော်ခတ်ခြင်း၊ ဧည့်ပရိသတ်များအား အလှုပြလှော်ခတ်ခဲ့ကြကြောင်း သိရသည်။

နဂါးလှေလှော်သဘင်ပွဲတော်မှာ တနင်္သာရီမြို့နယ်၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်ပြီး ကောဇာသက္ကရာဇ် ၅၁၅ ခုနှစ်မှ စတင်ပေါ်ပေါက်လာခဲ့ရာ ယခုအခါနှစ်ပေါင်း ၈၆၄ နှစ်ရှိပြီး သက်တမ်းအရှည်အကြာဆုံး ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။ အဆိုပါ နဂါးလှေသဘင်ပွဲတော်ကို ရှေးယခင်မြန်မာမင်းများ လက်ထက်ကတည်းက ရေခင်းသဘင်ပုံစံဖြင့် ကျင်းပလာခဲ့ပြီး ရှေးမြန်မာမှတ်တမ်းများတွင် တပ်မတော်သုံးလှေ၊ ပြည်ကြီးမွန်လှေ၊ နဝရာလှေ၊ လင်ဗင်းလှေ၊ ပြည်လုံးလှေ၊ သရဘူးလှေ၊ လောကဗိမာန်လှေ၊ ဝသုန်လှေ၊ နာဂဒေဝလှေ၊ ဒွါဒသရူပဘောင်လှေလှော်များစွာရှိပြီး နာဂဒေဝလှေဟာ နဂါးလှေဖြစ်ကြောင်း သိရသည်။

အဆိုပါနဂါးလှေသည် သစ်တစ်လုံးတည်းဖြင့် ထွင်းထုထားပြီး နဂါးလှေတစ်စင်းတွင် လှေလှော်သား ၁၄ ဦးမှ ၄၂ ဦးအထိ ပါဝင်လှော်ခတ်ရကြောင်းနှင့် နဂါးလှေအလှုပြ လှော်ခတ်ပူဇော်ပွဲကို ချောင်းကြီးကျောင်းတိုက်၏ မဟာစုပေါင်း ဘုံကထိန်ပွဲတော်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်တွင် နှစ်စဉ်ကျင်းပခဲ့ကြကြောင်းနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များ ချစ်ခင်မြတ်နိုးလေးစား တန်ဖိုးထားတတ်စေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

# ပြေတီဦး ဖောင်ဒေးရှင်းက ထောက်ပံ့လှူဒါန်း

**စစ်တွေ အောက်တိုဘာ ၉**

စစ်တွေမြို့ပေါ်ရှိ ပရဟိတကျောင်းများနှင့် မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာလာကြသည့် ကျောင်းသား ကျောင်းသူများအား ကမ္ဘာ့သာသနာပြု အလိုတော်ပြည့် ဆရာတော်ဦးဆောင်သည့် အလိုတော်ပြည့် လူမှုကယ်ဆယ်ရေးအဖွဲ့၏အကူအညီဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ပြေတီဦး ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ကျောင်းသုံးဗလာစာအုပ်များ၊ ဖတ်စာအုပ်များနှင့် အလှူငွေများကို ယနေ့ နံနက်ပိုင်းက ထောက်ပံ့လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာ၌ ကမ္ဘာ့သာသနာပြု အလိုတော်ပြည့်ဆရာတော် ဦးဆောင်သည့် အလိုတော်ပြည့် လူမှုကယ်ဆယ်ရေးအဖွဲ့၏ အကူအညီဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ဒါရိုက်တာမောင်မျိုးမင်းနှင့် ပြေတီဦး ပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ရုပ်ရှင် သရုပ်ဆောင် ပြေတီဦးတို့က ယနေ့ နံနက်ပိုင်းမှ စတင်၍ ရွှေစေတီကျောင်းတိုက်၊ အလိုတော်ပြည့်ကျောင်းတိုက်၊ အဓိဋ္ဌာန်ကျောင်းတိုက်၊ ဓမ္မရာမကျောင်းတိုက်နှင့် ညောဝတီအားကစားကွင်းရှိ ဟိန္ဒူဘာသာဝင်များ ယာယီကယ်ဆယ်ရေးစခန်း အပါအဝင် ယာယီကယ်ဆယ်ရေးစခန်းများနှင့် ပရဟိတစာသင်ကျောင်း ၁၂ ကျောင်းသို့ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၁၀၀၊ ကျောင်းသုံး ပုံနှိပ်စာအုပ်အစုံ ၁၆၅၀ နှင့် အလှူငွေကျပ် သိန်း ၅၀ တို့ကိုသွားရောက် ထောက်ပံ့လှူဒါန်းကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ခြောက်လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ အောက်တိုဘာ ၉**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။**(ယာပုံ)**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ရရှိရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အဓိကထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် တာဝန်ဟူသော အသိထက် မိမိနိုင်ငံနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်တာဝန်များကို စေတနာထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အသုံးပြုသည့် ဘဏ္ဍာငွေများကို အလေအလွင့် မရှိစေဘဲ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ ရှိပါကလည်း ယခုအစည်းအဝေးတွင် ဆွေးနွေးတင်ပြသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းပေးသည်။

**တင်ထွန်း(ပြန်/ဆက်)**



# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**(မိုး/ဇလ)**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ ပါမောက္ခချုပ်ဆရာတော်နှင့် ဆရာတော်များအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထား

**မန္တလေး အောက်တိုဘာ ၉**

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)ရှိ ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယ ပါမောက္ခချုပ်ဆရာတော်၊ မော်ကွန်းထိန်းဆရာတော်၊ သင်ကြား/စီမံ ဆရာတော်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံဖူးမြော်ခြင်းနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။





ရှေးဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဉာဏလင်္ကာရာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ညှော့ပရိသတ် အပေါင်းက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။ (ဝဲပုံ)

ဆက်လက်၍ ဒုတိယပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဉာဏလင်္ကာရာဘိဝံသနှင့် မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရတို့ထံမှ မိန့်ကြားချီးမြှင့်တော်မူသည့် သြဝါဒကထာများနှင့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)အတွက် ဈေးဝယ်ကားအဖြစ် အသုံးပြုနိုင်ရန် ရန်ကုန်မြို့နေ သုဓမ္မမဏိဇောတဓရ ဦးအောင်သန်းစိန်-ဒေါ်အေး မြင့်သန်း (သမီး) မစိုးစိုးသန်း မိသားစုတို့က လှူဒါန်းသည့် Hijet မော်တော်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင်များကိုယ်စား ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မော်ကွန်းထိန်း ဆရာတော်ကြီးထံမှ အနုမောဒနာ ရေစက်ချတရားကို နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းအဓိဋ္ဌာန်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**

---

✻ ရှေ့ဖုံးမှ

ဒ့်အပြင် မြဝတီစက်မှုဇုန်မှာ ၂ မဂ္ဂါဝပ်ဓာတ်အားထုတ်ပေးနိုင်သည့်မီးစက်ကြီး သုံးလုံးကို ဓာတ်ငွေ့နဲ့လည်ပတ်ကာ ယခုလကုန်ပိုင်းတွင် ဓာတ်အားတိုးမြှင့်ပြုလုပ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ရွှေမြစ်သောင်ရင်းကုမ္ပဏီပိုင်ရှင် မန်နေဂျင်းဒါရိုက်တာ ဦးစောတင်ဝင်းက ၂၀၁၇ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် မီဒီယာများသို့ ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့ ကုမ္ပဏီစတင်တာဝန်ယူတဲ့အချိန်မှာပဲ ထိုင်းကို ဘတ်သိန်း ၁၇၀ သွင်းခဲ့ရတယ်၊ မြန်မာငွေနဲ့ဆို ငွေကျပ်သိန်း ၇၀၀၀ ပေါ့။ ကျွန်တော်တို့ကုမ္ပဏီလက်ထဲမှာ မြဝတီလျှပ်စစ်မီးကို တာဝန်ယူထားတော့ မီးနဲ့ပတ်သက်လာရင် ကျွန်တော်တို့မှာပဲ တာဝန်ရှိပါတယ်။ ပြည်သူတွေကတော့ မီးပျက်ရင်ဆဲမှာပဲ၊ ပြောကြမှာပဲ။ ဒါကို စိတ်ဆိုးလို့တော့မရဘူး။ ကျွန်တော်တို့အနေနဲ့ ဘယ်လိုကောင်းအောင်လုပ်မလဲဆိုတာကိုပဲ စဉ်းစားရမှာဖြစ်တယ်။ ဒါကြောင့် စက်မှုဇုန်မှာ ၂ မဂ္ဂါဝပ်ဓာတ်အားထုတ်ဖို့ ကျွန်တော်လုပ်ပါတယ်။ ၂ မဂ္ဂါဝပ်ထုတ်ဖို့ ငွေကျပ်သိန်းပေါင်း ၈၀၀၀ ကုန်တယ်။ မီးစက်ကြီးတွေကသုံးလုံးပါ၊ မီးစက်ကြီးတွေကို ဓာတ်ငွေ့နဲ့လည်မှာပါ။ ဒီတော့လက်ရှိအနေနဲ့ ကျွန်တော်တို့ ကုမ္ပဏီရင်းနှီးမြှုပ်နှံထားတဲ့ငွေပမာဏက ငွေကျပ်သိန်းပေါင်းသုံးသောင်းခန့်ရှိပါပြီ၊ အမြတ်တစ်ပြားမှ မရသေးသလို အရင်းပြန်ရဖို့တောင် မစဉ်းစားနိုင်ပါဘူး။ သို့သော်လည်း ပြည်သူတွေ မီးမှန်မှန်သုံးရပြီး စိတ်ချမ်းသာဖို့ကို ကျွန်တော်တို့ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အခုလာမယ့် နိုဝင်ဘာလဆန်းဆိုရင် ထိုင်းက ထပ်တိုးမယ့် ၁ ဒသမ ၂ မဂ္ဂါဝပ်ရယ်၊ ကျွန်တော့်စက်ကြီး သုံးလုံးနဲ့လည်ပတ်မယ့် ၂ မဂ္ဂါဝပ်ရယ်ဆိုရင် မြဝတီမြို့ကြီး မီးမှန်စေရမယ်လို့ ကျွန်တော်ရဲရဲကြီးပြောလိုက်ပါတယ်" ဟု ဦးစောတင်ဝင်းက ဆက်လက်ပြောကြားသည်။

ယခုလက်ရှိအနေဖြင့် မြို့နေပြည်သူများ အခက်အခဲမဖြစ်စေရေးအတွက် လျှပ်စစ်ဓာတ်အားအသုံးပြုမှုများပြားသည့် ဟိုတယ်များနှင့် အခြားနေရာများအား ညပိုင်းခေတ္တမီးအားဖြတ်တောက်စေပြီး ရပ်ကွက်များအတွင်း ဓာတ်အားလွှတ်ပေးနေခြင်းဖြစ်ကာ ယခုလာမည့် နိုဝင်ဘာလပထမပတ်အတွင်း အဆိုပါလျှပ်စစ်မီးပြဿနာများအားလုံး ပြေလည်သွားမည်ဖြစ်ကြောင်း သိရသည်။

---

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကဦးဆောင်၍ ဘာသာပေါင်းစုံ ဆုတောင်းပွဲများ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၉**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၂ လမ်း မနော်ရမ္မံ လူထုဟစ်တိုင် ကွင်းတွင် ဘာသာပေါင်းစုံဆုတောင်းပွဲကို အောက်တိုဘာ ၁၀ ရက်မှ စတင်၍ အပတ်စဉ်အင်္ဂါနေ့တိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပသွားမည်ဟု မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌထံက သိရသည်။

"အမုန်းတရားများ၊ ဖိအားများ၊ တွန်းအားများကို ပြည်သူလူထုကမေတ္တာဖြင့် တုံ့ပြန်မည့် ရည်ရွယ်ချက်ဖြင့် ဘာသာပေါင်းစုံဆုတောင်းပွဲများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကဦးဆောင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်၊ အထက်မြန်မာပြည်အနေနဲ့ မန္တလေး၊ စစ်ကိုင်း၊ မကွေး တိုင်းဒေသကြီးတွေ ညှိနှိုင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ အထက်မြန်မာပြည်အတွက် ဝန်ကြီးချုပ်က တာဝန်ယူသွားမှာဖြစ်ပါတယ်၊ အဲဒီလို လုပ်တာက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အနေနဲ့က နိုင်ငံခြားတိုင်းပြည်တွေနဲ့ ဆက်ဆံတဲ့အနေအထားတွေမှာ ဖိအားများစွာနဲ့ ရင်ဆိုင်နေရပါတယ်၊ အဲဒီလိုရင်ဆိုင်နေရတာတွေကိုသူ့အနေနဲ့ကတော့ အားလုံးကိုကျော်လွှားရင်ဆိုင်ဖို့ အသင့်ဖြစ်နေပါတယ်၊ ခိုင်ခိုင်မာမာလည်း သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်၊ သူ့နောက်မှာ ရပ်တည်ရမယ့်သူတွေကတော့ ပြည်သူလူထုပဲဖြစ်ပါတယ်။ ပြည်သူလူထုက သူ့နောက်ကနေ အမုန်းတရားတွေ၊ အာဃာတတွေ၊ ဒေါသတွေနဲ့ မရပ်တည်ဘဲ မေတ္တာတရားနဲ့ ရပ်တည်ဖို့ ရည်ရွယ်တာပဲဖြစ်ပါတယ်။ တစ်နေ့က ဘရူနိုင်း နိုင်ငံညစာစားပွဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့တာ အားလုံး အသိပဲဖြစ်မှာပါ။

'မီးကို မီးနဲ့ငြိမ်းလို့မရဘူး၊ မီးကို ရေနဲ့ငြိမ်းမှရတယ်၊ အမုန်းကို အမုန်းနဲ့ ငြိမ်းလို့မရဘူး၊ အမုန်းကို မေတ္တာနဲ့ ငြိမ်းမှရတယ်'တဲ့ ပြည်သူလူထုကို သင်ကြားပေးပြီး ဆွဲခေါ်သွားတယ်လို့ ထင်ပါတယ်၊ အဲဒီလို ရင်ဆိုင်နေရတာတွေကို ပြည်တွင်းက လူထုအားနဲ့ ကျော်လွှားသွားမှာပါ။ အဲဒီ ပြည်သူလူထုအားကို ပြချင်တာပါ။ ခေါင်းဆောင်ရဲ့ ရည်ရွယ်ချက်နဲ့ စိတ်ကူးစိတ်သန်းကို သိစေချင်တာပါ။ အစီအစဉ်မှာ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဘဟာအီဘာသာစသည့် ဘာသာပေါင်းစုံက တစ်ခုချင်းဆုတောင်းပြီး ဖယောင်းတိုင်ဆီမီးတွေ ထွန်းညှိသွားမှာဖြစ်ပြီး ကြာမြင့်ချိန် တစ်နာရီခန့်ရှိမှာဖြစ်ပါတယ်၊ အောက်တိုဘာ တစ်လလုံး အပတ်စဉ်အင်္ဂါနေ့တိုင်း ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။



အဆိုပါ ဘာသာပေါင်းစုံဆုတောင်းပွဲများကို မန္တလေးမြို့အနေဖြင့် အောက်တိုဘာ ၁၀ ရက်၊ ၁၇ ရက်၊ ၂၄ ရက်နှင့် ၃၁ ရက် အင်္ဂါနေ့တို့တွင် ညနေ ၆ နာရီတွင် မဟာအောင်မြေမြို့နယ် ၆၂ လမ်းရှိ မနော်ရမ္မံ လူထုဟစ်တိုင်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်ချက်များကို ပြင်ဦးလွင် ပြည်သူလူထုက ထောက်ခံပွဲကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်ချက်များကို ပြင်ဦးလွင် ပြည်သူလူထုက ထောက်ခံပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးလမ်း ကျောက်တိုင်ကွင်း၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာသော ပြည်သူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ထောက်ခံပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်ချက်များကို ပြင်ဦးလွင် ပြည်သူလူထုက ထောက်ခံပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို အသေးစိတ် ရှင်းလင်းတင်ပြခြင်း၊ တိုင်းရင်းသား၊ ပရဟိတနှင့် ဘာသာရေးအသင်းအဖွဲ့များက ထောက်ခံစကားပြောကြားခြင်း၊ ပြင်ဦးလွင်ဇာတိမြို့ခံ ပြည်သူတစ်ဦးက ထောက်ခံစကားပြောကြားခြင်းနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဝန်းရံထောက်ခံရေး တို့အရေး ---- တို့အရေး ၊ အကြမ်းဖက်ဝါဒကျဆုံးရေး တို့အရေး --- တို့အရေး ၊ (၂၁ )ရာစု ပင်လုံ ညီလာခံနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်ရမည် အောင်ရမည် ဟူသော ကြွေးကြော်သံများဖြင့် သံပြိုင်ဟစ်ကြွေးခဲ့ပြီး ထောက်ခံပွဲသို့ အင်အား ၁၀၀၀ ခန့်တက်ရောက်ခဲ့ကြောင်းသိရသည်။ **ဇော်မျိုးထိုက်(ခရိုင် ပြန်/ဆက်)**



# ထိုင်း CI ထုတ်ပေးရေးစခန်းများ မြန်မာကိုယ်စားလှယ်အဖွဲ့ ကွင်းဆင်းကြည့်ရှု၊ ထိုင်းနိုင်ငံ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၉

**ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်မှုအရ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် ဦးဆောင်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ် ငါးဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံရှိ မဟာချိုင် ၁ နှင့် မဟာချိုင် ၂၊ စမုပရာကန်၊ ရနောင်း၊ ဆောင်ခလာ၊ ချင်းမိုင်၊ မဲဆိုင်၊ မဲဆောက်နှင့် နခွန်စဝမ် CI ထုတ်ပေးရေးစခန်းများနှင့် ဗန်ကောက်မြို့ရှိ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းတို့သို့ ထိုင်းအလုပ်အကိုင်ဌာနမှ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃ ရက်တွင် ထိုင်းနိုင်ငံရောက် မြန်မာလူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ CI စခန်းများ၌ ဖြစ်ပေါ်နေသည့် 7/11 ဆိုင်များ၌ ငွေသွင်းရာတွင် ရရှိခဲ့သည့် ငွေသွင်းစလစ်ပါ နေ့ရက်အလိုက် CI စာအုပ်ပြုလုပ်၍ မရခြင်း၊ ပွဲစားများက ခေါင်းပုံဖြတ်အမြတ်ထုတ်နေမှုများ၊ ဗီဇာကြေး ပိုမိုပေးဆောင်နေရမှုများ၊ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်သမားစေလွှတ်ရာတွင် ကြုံတွေ့နေရမှုများ၊ ထိုင်းနိုင်ငံ၏ ဒေသအချို့တွင် သတ်မှတ်လုပ်အားခ အပြည့်အဝမရရှိမှုများ၊ ထိုင်းနိုင်ငံတွင် ယခင်က အလုပ်သမားများထံမှ အိမ်ပြန်စရိတ် ကောက်ခံခဲ့မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနမှ ဆောင်ရွက်နေမှုများနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားကာကွယ်စောင့်ရှောက်ပေးရေးကိစ္စရပ်များကို အပြန်အလှန် ပွင့်လင်းမြင်သာစွာဆွေးနွေးခဲ့သည်။



မြန်မာကိုယ်စားလှယ်အဖွဲ့စခန်းများသို့ရောက်ရှိစဉ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာရွှေ့ပြောင်းအလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီလိုက်နာဆောင်ရွက်ရေး၊ အခက်အခဲရှိက အလုပ်သမားသံအရာရှိထံ ဆက်သွယ်တင်ပြရေး၊ ပွဲစားများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုဘဲ သတ်မှတ်ကာလအတွင်း အထောက်အထားမဲ့ အလုပ်သမားများ CI ထုတ်ပေးရေးစခန်းများသို့ ဆက်သွယ်ဆောင်ရွက်ရေး၊ မြန်မာလူမှုအဖွဲ့အစည်းများ၊ ဥပဒေအထောက်အကူအဖွဲ့များ၏ အကြံဉာဏ်များရယူဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ထိုင်းနိုင်ငံရောက် မြန်မာလူမှု အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးချက်များနှင့် CI ထုတ်ပေးရေးစခန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးချက်များအရ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် အောက်တိုဘာ ၇ ရက်တွင် တွေ့ဆုံ၍ Counter Service Co.,Ltd. နှင့် မြန်မာဘက်လုပ်ငန်းအဖွဲ့တို့လက်မှတ်ရေးထိုးထားသော သဘောတူစာချုပ်အရ ရက်အလိုက် Queue သတ်မှတ်ရေးလုပ်ငန်းစဉ်နှင့်အညီ မြန်မာဘက်မှ သတ်မှတ်ထားသည့် ဘတ် ၃၀၀ နှင့် 7/11 ဆိုင်များအတွက် ဝန်ဆောင်စရိတ် ၁၀ ဘတ် အပါအဝင် ဘတ် ၃၁၀ ကို တစ်ပါတည်း ပေးသွင်းပြီး Queue သတ်မှတ်ခြင်းကို မြန်မာဘက်မှသာ တာဝန်ယူညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုင်းအလုပ်အကိုင်ဌာနမှ Counter Service Co.,Ltd.သို့ တိုက်ရိုက်ညှိနှိုင်းမှုမပြုလုပ်ဘဲ မြန်မာ၊ ထိုင်း နှစ်ဖက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် Queue စနစ်ပါ သတ်မှတ်ထားသည့်ရက်အလိုက် CI စာအုပ်ထုတ်ယူနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ဆောင်စရိတ် ပိုမိုကောက်ခံနေသော နှစ်နိုင်ငံပွဲစားများကို ထိရောက်စွာ ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း၊ CI စာအုပ်ထုတ်ယူပြီးသည့် အလုပ်သမားများအား နေ့ချင်းပြီး ဆေးစစ်ခြင်း၊ ဗီဇာနှင့် Work Permit ထုတ်ပေးခြင်းကို ထိုင်းနိုင်ငံဘက်မှ အလေးထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးစစ်ရန်ဆေးရုံကား အခက်အခဲရှိ၍ One Stop Service ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့် CI ထုတ်ပေးရေးစခန်းတွင် ဆေးရုံကား အမြန်ဆုံးထားရှိနိုင်ရေးနှင့် အလုပ်သမားအများအပြား လာရောက်သည့် စခန်းများတွင် ဆေးစစ်အဖွဲ့တိုးမြှင့်ထားရှိနိုင်ရေး ထိုင်းနိုင်ငံဘက်မှ သက်ဆိုင်ရာဌာနများနှင့် အမြန်ဆုံးညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အလုပ်သမားများ အများအပြားရှိသည့် ဒေသများ၌ မြန်မာအလုပ်သမားများ အဆင်ပြေချောမွေ့စေရေးနှင့် ပွဲစားများဖြင့် ဆောင်ရွက်ခြင်း မပြုနိုင်ရန် မြန်မာဘက်မှ Mobile Team အဖွဲ့ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရေး ထိုင်းနိုင်ငံဘက်မှ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဘက်မှ စာရင်းကောက်ယူခဲ့သည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများနှင့် စပ်လျဉ်း၍ ဦးစားပေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်တွင် Working Group Meeting နှင့် Techincal Meeting ကို ထိုင်းနိုင်ငံတွင် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်းစသဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စောဂေါ်မူတိုနှင့် သွေးသစ်ဝင်းလှိုင်တို့ သရေ ရလဒ်ထွက်ပေါ် သရေပွဲများပြားသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

**မန္တလေး အောက်တိုဘာ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Great Tiger Group (G.T.G)မှ စီစဉ်သည့် ရိုးရာကျားတို့အားပြိုင်ပွဲ-၅ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို မန္တလေး ချမ်းမြသာစည်မြို့နယ် ၆၈ လမ်းနှင့် ငုရွှေဝါလမ်းရှိ မန္တလေး သီရိအဆင့်မြင့် အားကစားကွင်းအတွင်းရှိ Multipurpose Stadium အဆင့်မြင့် အားကစားရုံကြီးတွင် အောက်တိုဘာ ၈ ရက် ညနေ ၆နာရီက ကျင်းပခဲ့သည်။

တွဲဆိုင်း ၁၀ ဆိုင်းတွင် ခုနစ်ဆိုင်းမှာ သရေရလဒ်များထွက်ပေါ်ခဲ့ပြီး တွဲဆိုင်းသုံးဆိုင်းသာ အနိုင်အရှုံးပေါ်ခဲ့သည်။ ဝါသနာရှင်များကလည်း ဆုကြေးများ ပေးကြသည်။

သုံးမိနစ်ထိုး နှစ်မိနစ်နား ငါးချီစိန်ခေါ်ပွဲများတွင် တွဲဆိုင်း ခုနစ်ဆိုင်း သရေရလဒ်ထွက်ပေါ်ခဲ့သည်။ သရေရလဒ်ထွက်ပေါ်ခဲ့သော တွဲဆိုင်များမှာ သပြေအောင်(သုံးပန်လှ)နှင့်သိန်းစိုး(အဖြူရောင်သွေးသစ်)၊ ဒေါင်းဖြူလေး(Adventure) နှင့် ဇွဲရွှေကို (T & T)၊ ရဲမာန်ဟိန်း(ထွန်းထွန်းမင်း)နှင့် စောဒါဝိတ် (တောင်ကလေး)၊ စောထူးဇော်(သုံးပန်လှ)နှင့် ပတ်ကျော်လင်းနိုင်(တိုက်ဂါး)၊ ထွန်းလွင်မိုး (နဂါးမာန်)နှင့် စောမင်းမင်း(T&T)၊ ဖိုးလပြည့်(ရွှေဖူး)နှင့် စောဘဦး (တောင်ကလေး)၊ စောဂေါ်မူတို(သတ္တိ)နှင့် သွေးသစ်ဝင်းလှိုင်(Adventure) တွဲဆိုင်းများ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အနိုင်အရှုံးပေါ်သည့် တွဲဆိုင်းသုံးဆိုင်းမှာ လွှမ်းချိုင်း(Adventure)က စိန်လုံးချော(ဗမာ့သွေး)ကို စတုတ္ထအချီတွင်လည်းကောင်း၊ ထွန်းနိုင်ဦး (S.T.L) က ဗထူးမောင်(ရတနာပုံ) ကို ဒုတိယအချီတွင် လည်းကောင်း၊ စောမိုက်ရိုင်း(ရွှေဖူး)က ရန်နိုင်ထွန်း(သုံးပန်လှ)ကို တတိယအချီတွင်လည်းကောင်း အနိုင်ရရှိသည်။

ပွဲအားလုံးကြည့်ကောင်း၍ ပရိသတ်သဘောကျသည်။ အနိုင်ရရှိသူများအား ထိုးသတ်ကြေးအပြင် အပိုဆုများကို ဦးစိုးမင်း (G.T.G) ၊ ဆရာကြီးကီးမားဦးတင်ဝင်း(G.T.G) နှင့်ဦးမြင့်လွင် (G.T.G) တို့က အပိုဆုကြေးများပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ပျဉ်းမနားမြို့၌ မိုးသည်းထန်မှုကြောင့် မြေထိန်းနံရံပြိုကျ ပျက်စီး၊ နေအိမ်များအတွင်းရေဝင်

**နေပြည်တော် အောက်တိုဘာ ၉**

ပျဉ်းမနားမြို့၌ အောက်တိုဘာ ၈ ရက်ညက မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး ရန်အောင် (၁) ရပ်ကွက် သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးရုံးရှေ့ မြေထိန်းနံရံပြိုကျမှု ဖြစ်ပွားခဲ့သည်။



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆိုပါမြေထိန်းနံရံ၏ အလျားပေ ၅၀ ၊ အနံ ပေ ၂၀ ပြိုကျပျက်စီးပြီး လမ်းဘေးတွင်ထားရှိသည့် အလှပန်းအိုးငါးလုံး၊ တန်ဖိုး ငွေကျပ်တစ်သိန်းခန့် ပျက်စီးခဲ့သည်။

ပျဉ်းမနားမြို့ ဥယျာဉ်စုအုပ်စု ၄ လမ်း၊ ၅ လမ်း၊ ပေ ၈၀ လမ်းနှင့် မြို့၏တောင်ဘက် သပြေလှကျေးရွာရှိ နေအိမ်ဝိုင်းများထဲသို့ ရေများဝင်ရောက်လျက်ရှိကာ ဥယျာဉ်စုအုပ်စုအတွင်းရှိ အိမ်ခြေ ၃၀ ၊ အိမ်ထောင်စု ၃၂ စု နေအိမ်များအောက်တွင် ရေဝပ်လျက်ရှိပြီး လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မြန်မာ ယူ-၁၉ အသင်း ဂျပန်နိုင်ငံသို့ ယနေ့ထွက်ခွာမည်

**ရန်ကုန် အောက်တိုဘာ ၉**

အာရှ ယူ-၁၉ ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် ဂျပန်နိုင်ငံ၌ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် အောက်တိုဘာ ၁၀ ရက် (**ယနေ့**) တွင် ထွက်ခွာမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် အောက်တိုဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ဂျပန်နိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**လိုက်ပါသွားမည်**

မြန်မာ ယူ-၁၉ အသင်းသည် ဂျပန်ခရီးစဉ်သို့ ကစားသမား ၂၅ ဦး ခေါ်ဆောင်သွားမည်ဖြစ်ပြီး အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားစုစုပေါင်း ၃၀ ကျော် လိုက်ပါသွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ - ဦးတင်မြင့်အောင်၊ **နည်းပြချုပ်** - ဦးချစ်နိုင်၊ **လက်ထောက်နည်းပြ** - ဦးမင်းသူ၊ **ဂိုးနည်းပြ** - ဦးစိုင်းမောင်မောင်ဦး၊ **အတွင်းရေးမှူး** - ဦးမိုးဝေအောင်၊ **ဂိုး** - ထက်ဝေယံစိုး၊ ထွန်းနန္ဒာဦး၊ အာကာလင်းမြတ်၊ အောင်မြင့်မြတ်၊ **နောက်တန်း** - သက်ပိုင်ထွေး၊ သန်းထိုက်ဇင်၊ စိုးမိုးကျော်၊ ကျော်ဖြိုးဝေ၊ စည်သူမိုးခန့်၊ အောင်ဝဏ္ဏစိုး၊ နိုင်ကိုကို၊ ပြည့်ဖြိုးမောင်၊ **အလယ်တန်း** -လွင်မိုးအောင်၊ အံ့မော်ဦး၊ မင်းထူးအိမ်လင်း၊ နန်းထိုက်ဇော်၊ ဝဏ္ဏထွန်း၊ ထက်ဖြိုးဝေ၊ ဇော်မွန်အောင်၊ ဒွေးကိုကို၊ မြတ်ကောင်းခန့်၊ ဝေယံဦး၊ **ရှေ့တန်း** - ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်၊ ဟိန်းထက်အောင်တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၁၉ အသင်းတွင် အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ယူ-၁၈ အသင်းမှ ကစားသမားများပါဝင်လာပြီး လူသစ်ကစားသမားအချို့ အားဖြည့်ရွေးချယ်ထားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ခြေစမ်းပွဲများအဖြစ် အောက်တိုဘာ ၁၅ ရက်နှင့် ၂၀ ရက်တွင် ဟန်နင်းတက္ကသိုလ်အသင်း၊ အောက်တိုဘာ ၁၈ ရက်တွင် ဂျေလိဂ်ကလပ် ဂမ်ဘာအိုဆာကာလူငယ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ဂျပန်ခရီးစဉ်ပြီးဆုံးပါက အာရှခြေစစ်ပွဲကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။ မြန်မာအသင်း ပါဝင်သည့် ခြေစစ်ပွဲအုပ်စု (G) ပွဲစဉ်များကို အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ တရုတ်၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားတို့ ပါဝင်နေသည်။

**ယှဉ်ပြိုင်ကစားမည်**

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် ဖိလစ်ပိုင်အသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် တရုတ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စစ်တွေမြို့ပေါ်၌ ဆောင်ရွက်




**စစ်တွေ အောက်တိုဘာ ၉**

ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်၌ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ယနေ့ညနေ ၆ နာရီမှစတင်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးဦးစီးသည့် ရဲတပ်ဖွဲ့ဝင် ၂၀၀ ကျော်က မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းများ ဆောင်ရွက်ခြင်းကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။

**တင်ထွန်း(ပြန်ဆက်)**

# ပဲခူးမြို့တွင် ငွေကျပ်တစ်သောင်းတန် ငွေစက္ကူအတုများ ကိုင်ဆောင်အသုံးပြုနေသူတစ်ဦးအား ဖမ်းဆီးရမိ

**ပဲခူး အောက်တိုဘာ ၉**

ပဲခူးမြို့ အမှတ်(၂)နယ်မြေရဲစခန်းအပိုင် မဇင်းရပ်ကွက် အိုးလေးစုပိုင်း လမ်းသွယ်(၂)တွင်နေထိုင်သူတစ်ဦးမှ ငွေကျပ်တစ်သောင်းတန် ငွေစက္ကူအတုများ ကိုင်ဆောင်သုံးစွဲနေကြောင်း သတင်းရရှိသဖြင့် အောက်တိုဘာ ၈ ရက် ည ၇ နာရီခန့်က အမှတ်(၂)နယ်မြေရဲစခန်းမှ ရဲအုပ် အောင်မိုးလွင်နှင့်တာဝန်ရှိသူများသည် သွားရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေစဉ် အောင်ကျော်ထွေး (ခ) ဘားလား၏ နေအိမ်ရှိ သုံးထပ်သားဗီရိုအတွင်း အမျိုးသမီးဝတ်အင်္ကျီဖြင့် လိပ်ထည့်ထားသော ငွေစက္ကူတစ်သောင်းတန်အတု ၂၃ ရွက်အား တွေ့ရှိရသဖြင့် သက်သေများရှေ့၌ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး တစ်သောင်းတန် ငွေစက္ကူအတုများ ကိုင်ဆောင်အသုံးပြုနေသူ အောင်ကျော်ထွေး(ခ) ဘားလားကို အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့်လုစ်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# သိမ်ဇရပ်ကျေးရွာ၌ အစာအဆိပ်သင့်မှုဖြစ်ပွား

**ကျိုက်ထို အောက်တိုဘာ ၉**

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ တိုက်နယ်ဆေးရုံသို့ အောက်တိုဘာ ၉ ရက် မွန်းတည့် ၁၂ နာရီခန့်က အစာအဆိပ်သင့်သူများ တက်ရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စု ရွာလေးကျေးရွာ (၇) လမ်းနေ ဦးပြုံး၏နေအိမ်၌ မြေးဖြစ်သူ၏ ရက် ၁၀၀ ပြည့် မွေးနေ့အလှူတွင် အုန်းနို့ခေါက်ဆွဲဖြင့် နံနက် ၇ နာရီမှ စတင်ကာ ညှော်ခံကျွေးမွေးရာ လာရောက်စားသုံးသူများမှာ အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့သည်။

ထိုသို့ အစာအဆိပ်သင့်ရာတွင် လူကြီး ၁၈ ဦးနှင့် ကလေး ၃၀ စုစုပေါင်း ၄၈ ဦးတို့မှာ အော့အန်မူးဝေ၍ သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ တက်ရောက်ပြီး ဆေးကုသမှုခံယူရာ တိုက်နယ်ဆရာဝန် ဒေါက်တာဝင်းဝင်းဆွေနှင့် ဝန်ထမ်းများက စောင့်ရှောက်ကုသခဲ့သဖြင့် အဆိုပါလူနာများမှာ စိုးရိမ်စရာမရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# သန်လျင်၌ ကုန်တင်ယာဉ်နှင့် သုံးဘီးဆိုင်ကယ်တိုက်မိ၍ ထွက်ပြေးတိမ်းရှောင်သူ ယာဉ်မောင်းအား ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ခြောက်လမ်းသွားလမ်းမကြီး၌ အောက်တိုဘာ ၇ ရက် ညနေ ၄နာရီ ၁၅ မိနစ်က ၂၂ ဘီးကုန်တင်ယာဉ်နှင့် သုံးဘီးဆိုင်ကယ်ယာဉ်တို့တိုက်မိခဲ့ရာ သုံးဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိခဲ့ပြီး ကုန်တင်ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ထွက်ပြေးတိမ်းရှောင်သူ ယာဉ်မောင်းအား သန်လျင်မြို့နယ် ယာဉ်မှုစစ်အရာရှိ ရဲအုပ်သန်းထွန်းနှင့်အဖွဲ့က စုံစမ်းရာ ကိုဇော်မိုးသူ (၂၇ နှစ်)ကွမ်းခြံကုန်းကျေးရွာ သန်လျင်မြို့နေသူဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်အမှတ် 4M/ ------- SINO TRUCK အမျိုးအစား ၂၂ အယ်လ်ဖာ ဘီလပ်မြေအမှုန့်တင် ဆောင်လာသောယာဉ်သည် ကြာနီကန်ကွင်း မိုင်တိုင်အမှတ် ၄/၇ ရှေ့အရောက် လမ်းဘေးတွင် ရပ်တန့်ထားသော သုံးဘီးဆိုင်ကယ်အား အနောက်မှ ဝင်ရောက်တိုက်မိခဲ့ပြီး ယာဉ်ပေါ်ပါ ခရီးသည်များ သေဆုံးဒဏ်ရာရရှိသည်ကို တွေ့မြင်ရ၍ ယာဉ်အား အရှေ့ပိုင်း တက္ကသိုလ်ရှေ့(တာဝ)တွင် ထားခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ယာဉ်မောင်း ဇော်မိုးသူအား သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# မတ္တရာမြို့နယ်တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**မတ္တရာ အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာအနီး၌ နယ်မြေရှင်းလင်းစဉ် အောက်တိုဘာ ၇ရက်က တရားမဝင်သစ်များဖမ်းဆီးရမိခဲ့သည်။

ပြင်ဦးလွင်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့် မတ္တရာမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းကျော်နှင့် ဝန်ထမ်းများ၊ ဆည်တော်ကြီးနယ်မြေရဲစခန်းမှ ဒုရဲအုပ် ညွှန့်ဝင်းနှင့် တပ်ဖွဲ့ဝင်များနှင့် ကျေးရွာတာဝန်ခံတို့ပူးပေါင်းပါဝင်သော အဖွဲ့သည် ဆည်တော်ကြီးနယ်မြေအတွင်း နယ်မြေရှင်းလင်းစဉ် ဆည်တော်ကြီးကျေးရွာအနီး၌ ပိတောက်သစ်လေးလုံး၊ ၀ ဒသမ ၅၁၄ တန်၊ ပိတောက်ခွဲသား ၃၄ ချောင်း ၁ ဒသမ ၀၈၂၈ တန်တို့ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး စဉ့်ကူးဘိနယ်သစ်တောရုံး၌ ထိန်းသိမ်းထားရှိခဲ့သည်။

ပူးပေါင်းအဖွဲ့သည် စဉ့်ကူးမြို့နယ်ပိုင် ဆည်တော်ကြီးတမံရေဆိပ်ကမ်းစပ်တစ်လျှောက် လိုက်လံရှာဖွေရာ အင်မျော ၁၆ လုံး၊ ကျွန်းမျော ၁၃ လုံး၊ အင်ကြင်းမျောခြောက်လုံး စုစုပေါင်း ၃၅ လုံး ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်ရှာဖွေရာ ဆည်တော်ကြီးဆည်ရေစပ်အနီး ပိတောက်သစ်လုံးခြောက်လုံး ၀ ဒသမ ၅၈၂၂ တန်၊ ပိတောက်ခါးရွေ သုံးချောင်း ၀ ဒသမ ၁၁၉၄ တန်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ယင်းသစ်များနှင့်အတူ အင်ဂျင် ၂၂ ကောင် စက်လှေတို့ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သဖြင့် စဉ့်ကူး ဘိနယ်သစ်တောရုံး၌ ထိန်းသိမ်းထားရှိခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



# မြဝတီမြို့ ရေလယ်ကျွန်းတွင် မူးယစ်ဆေးဝါးရောင်းချသူခြောက်ဦးအား ငွေကျပ်သိန်း ၄၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ

**မြဝတီ အောက်တိုဘာ ၉**

ကရင်ပြည်နယ် မြဝတီမြို့ ရေလယ်ကျွန်းအား မြဝတီမြို့မရဲစခန်းမှူး ဦးစီးသည့် ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ရှာဖွေဖမ်းဆီးရာမှ မူးယစ်ဆေးဝါးရောင်းချသူခြောက်ဦးအား စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၄၁၅၀၊ ကာလတန်ဖိုးငွေကျပ် လေးရာနှစ်ဆယ့်လေးသိန်းငါးသောင်းကျပ်၊ မော်တော်ယာဉ်နှင့် မြန်မာငွေစက္ကူ အပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အောက်တိုဘာ ၈ ရက် နံနက် ၆ နာရီခန့်က မြဝတီမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကိုကိုနိုင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်နိုင်စိုး ဦးစီးပူးပေါင်းအဖွဲ့သည် သတင်းအရ မြဝတီမြို့အမှတ်(၁)ရပ်ကွက် ရေလယ်ကျွန်းနေ မခင်မာအေး (၂၆နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အရှည်နှစ်ပေခွဲသံပိုက်လုံးတပ် ပုဆိန်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂ ပြား ကိုလည်းကောင်း၊ ဆက်လက်ပြီး ဝဏ္ဏ(ခ)ဖြိုးတေဇ၊ (၂၈နှစ်)၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ မြေကြီးအတွင်း မြှုပ်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကို လည်းကောင်း ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ မြဝတီမြို့အလိုတော်ပြည့် (၄)လမ်းနေ စိုးမင်းအောင် (ခ)ရွှေကရင် (၂၄နှစ်)အား ဖုန်းဖြင့်ဆက်သွယ်ကာ ရေလယ်ကျွန်းသို့ စိတ်ကြွရူးသွပ်ဆေးပြား လာရောက်ပို့ဆောင်ပေးရန် ဆက်သွယ်ဖမ်းဆီးရာမှ ၎င်းနှင့်အတူ မဝင်းဝင်းသိန်း (ခ) သမီးငယ်တို့နှစ်ဦးအား စိတ်ကြွရူးသွပ် ဆေးပြား ၄၀၀၀၊ မြန်မာငွေရောရာ ငွေကျပ်သုံးသောင်းအပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့က စိုးမင်းအောင်(ခ)ရွှေကရင်နှင့် မဝင်းဝင်းသိန်း(ခ) သမီးငယ်တို့ နှစ်ဦးအား စစ်ဆေးရာ မြဝတီမြို့နယ် မဲကနယ်ကျေးရွာ ကုန်သွယ်ရေးဇုန်အနောက်ဘက်နေ အိုက်စမ်း (၄၆နှစ်)ထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်၍ ၎င်းနေအိမ်အားဆက်လက်ရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၃၃၄ ပြား၊ မြန်မာငွေရောရာ ငွေကျပ်နှစ်သိန်းကိုးသောင်းငါးထောင်နှင့် ပါရာဒိုအမျိုးစား ယာဉ်တစ်စီးအပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၈ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် အဆိုပါ ပူးပေါင်းအဖွဲ့မှ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် တောင်ကလေးဘုန်းကြီးကျောင်းအနောက်ဘက်နေ စိန်ကျော်ဝင်း(ခ)ပေါက်ကု (၄၀နှစ်)၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာမှ စိတ်ကြွရူးသွပ် ဆေးပြား ၁၉၉၄ ပြားနှင့်အတူ ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူများနှင့် တစ်ဆင့်ရောင်းချခဲ့သူ ခင်မာအေး၊ ဝဏ္ဏဖြိုး(ခ)တေဇ၊ စိုးမင်းအောင်(ခ)ရွှေကရင်၊ ဝင်းဝင်းသိန်း(ခ)သမီးငယ်၊ အိုက်စမ်း၊ စိန်ကျော်ဝင်း(ခ)ပေါက်ကုတို့ ခြောက်ဦးအား သက်ဆိုင်ရာရဲစခန်းများ၌ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# မူဆယ် ပန်ခမ်းကျေးရွာ အောင်မြင်သူဆီဆိုင်ရှေ့ လူတစ်ဦးလဲကျသေဆုံး

**မူဆယ် အောက်တိုဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာ အောင်မြင်သူစက်သုံးဆီဆိုင်ရှေ့၌ အောက်တိုဘာ ၉ ရက်က လူတစ်ဦး လဲကျသေဆုံးနေကြောင်း သိရသည်။

မူဆယ်မြို့မရဲစခန်းမှ ရဲအုပ်နေကျော်သည် မူဆယ်ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၉ ရက် နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် အမျိုးသားအလောင်းတစ်လောင်းရောက်ရှိနေကြောင်း ဖုန်းဆက်အကြောင်းကြားလာသဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ သေဆုံးသူတွင် ဒဏ်ရာများအနည်းငယ်ရရှိသည်ကို တွေ့ရသည်။

ဆရာဝန်၏ စစ်ဆေးချက်အရ အသည်းအဆီဖုံးပြီး အဆုတ်ရောင်ကာ ရုတ်တရက်အသက်ရှူရပ်၍ သေဆုံးသည့် လက္ခဏာဖြစ်သည်ဟုယူဆခဲ့သည်။ အဆိုပါလဲကျသေဆုံးနေသူအား မူဆယ်ခရိုင် မူဆယ်မြို့ ပန်းဆေးပြည်သူ့စစ်အဖွဲ့ဝင် ယာဉ်မောင်းဖြစ်သူ ကိုသန်းစိုး (၅၆နှစ်) ပန်ခမ်းကျေးရွာနေသူက တွေ့ရှိ၍ မူဆယ်ဆေးရုံသို့ လာရောက်ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# သဃ်္ဃန်းကျွန်းမြို့နယ်၌ မီးလောင်မှုဖြစ်

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁၈)သုဓမ္မာလမ်း သုမင်္ဂလာရပ်ကွက် သုမင်္ဂလာအိမ်ရာ (Food Land ) စားသောက်ကုန်လုပ်ငန်းတိုက် အပေါ်ထပ်၌ ယနေ့ နံနက် ၈ နာရီ ၂၅ မိနစ်ခန့်က အဲကွန်းအပူလွန်ကဲရာမှ မီးလောင် ကျွမ်းခဲ့သည်။

မီးသတ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ်လေးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၈နာရီ မိနစ်၄၀ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရပြီး စားသောက်ကုန်လုပ်ငန်းမန်နေဂျာအား သင်္ဃန်းကျွန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရ သည်။

**တင်ကြည်(သင်္ဃန်းကျွန်း)**

# ဟိုပင်မြို့ဝင် မောင်းတံဂိတ်၌ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံးများဖမ်းဆီးရမိ

**မိုးညှင်း အောက်တိုဘာ ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့အဝင်မောင်းတံဂိတ်၌ ဟိုပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရစောင့်ဆိုင်းနေစဉ် တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံးများအား ရှာဖွေတွေ့ရှိဖမ်းဆီးနိုင်ခဲ့သည်။

အောက်တိုဘာ ၈ ရက် ညနေ ၆ နာရီခွဲတွင် ဟိုပင်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ရှိန်းထက်ဦးနှင့်အဖွဲ့သည် တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာကြောင်း သတင်းအရ သက်သေများနှင့်အတူ ဟိုပင်မြို့ အဝင်မောင်းတံဂိတ်၌ စောင့်ဆိုင်းနေစဉ် ဖားကန့်ဘက်မှ မန္တလေးမြို့သို့ ယာဉ်မောင်းနိုင်ဝင်းအောင် မောင်းနှင်လာသော ကချင်မန္တလာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်အသင်း ယာဉ်အမှတ် 4I / ------ယာဉ်အား တားဆီးစစ်ဆေးရာ မသင်္ကာဖွယ်တွေ့ရသဖြင့် ဟိုပင်နယ်မြေရဲစခန်းသို့ ခေါ်ဆောင်ခဲ့ပြီး သက်သေများရှေ့၌ ရှာဖွေစစ်ဆေးရာ မော်တော်ယာဉ်ဖရိန်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံး ၁၅၅ တုံး အလေးချိန် ၁၄၇ ပိဿာကို ရှာဖွေတွေ့ရှိခဲ့ပြီး ပစ္စည်းပိုင်ရှင်မှာ ဒေါ်ခင်မာကြည်ဖြစ်ကြောင်း သိရသည်။

တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာကြသော ယာဉ်မောင်း နိုင်ဝင်းအောင် (၂၈နှစ်) မုံရွာမြို့နှင့် ဒေါ်ခင်မာကြည်(၆၀နှစ်) သပိတ်ကျင်းမြို့နေသူတို့အား ဟိုပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နီတိုး**

## တောင်ငူမြို့နယ် အမြန်လမ်းပိုင်းတွင် ယာဉ်တိမ်းမှောက်၊ အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး ၁၅ ဦး ဒဏ်ရာများရရှိကာ အမျိုးသမီးတစ်ဦးသေဆုံး

**တောင်ငူ အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဇီးပင်သာအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင် (၁၅၅/၇ နှင့် ၁၅၆/၀ ) အကြားတွင် အောက်တိုဘာ ၉ ရက် နံနက် ၃ နာရီခွဲက မန်းရွှေမြို့တော် ခရီးသည်တင်ယာဉ် အရှိန်လွန်တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ် လိုက်ပါလာသူ ယာဉ်မောင်းအပါအဝင် ၄၃ ဦး အနက် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၅ ဦး ဒဏ်ရာများရရှိခဲ့ပြီး အမျိုးသမီးတစ်ဦး (နေရပ်လိပ်စာ)စုံစမ်းဆဲ သေဆုံးသွားခဲ့သည်။

ယင်းဖြစ်ပွားရာသို့ အမြန်လမ်းတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ထွန်းအောင် ကြီးကြပ်၍ ဇီးပင်သာ၊ ဗောဓိကုန်း၊ ဖြူး၊ သာဂရ အမြန်လမ်းရဲစခန်းများမှ စခန်းမှူး ဦးစီးတပ်ဖွဲ့ဝင်များ၊ အမြန်လမ်းအရေးပေါ် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်များမှ လူမှုရေးစောင့်ရှောက်ရေးအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြကြောင်း၊ သေဆုံးသူနှင့် ဒဏ်ရာရရှိသူများကို နေပြည်တော်၊ တောင်ငူ၊ ရေတာရှည်ဆေးရုံများသို့ ကူညီပို့ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ နေပြည်တော်သို့ ဝေလင်းသူ(၃၂နှစ်) ရေနံသာကျေးရွာ ရွှေပြည်သာရပ် မတ္တရာမြို့ မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်သည့် မန်းရွှေမြို့တော် ခရီးသည်တင်ယာဉ် 5M/-----သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ဖြတ်တက်ကာ တစ်ဖက် ယာဉ်ကြောအရောက် တိမ်းမှောက်သွားခဲ့ဖြစ်ကြောင်း သိရှိရပြီး ဇီးပင်သာအမြန်လမ်းရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## မသင်္ကာသဖြင့်စစ်ဆေးရာမှ မောင်းနှင်ထွက်ပြေးပြီး ရပ်တန့်ထားခဲ့သည့်ယာဉ်နှစ်စီးအား ပိုင်ရှင်မဲ့သိမ်းဆည်း

**သထုံ အောက်တိုဘာ ၉**

မွန်ပြည်နယ် သထုံမြို့နယ် လိပ်အင်းရပ်ကွက် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းပေါ်တွင် မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးအား အောက်တိုဘာ ၉ ရက် နံနက် ၅ နာရီခန့်က လှည့်ကင်းဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များက မသင်္ကာသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းရာမှ မောင်းနှင်ထွက်ပြေးကာ သော့တန်းလန်းဖြင့် ရပ်တန့်ထားခဲ့ရာ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။

"လှည့်ကင်းနဲ့တိုးတော့ အဖမ်းခံရမှာစိုးလို့ သော့တန်းလန်းထားခဲ့ပြီး ပြေးတာပေါ့။ ဘယ်ကလာတာလည်းတော့ မပြောနိုင်သေးဘူး။ ဒီနှစ်ထဲမှာ အခုလိုပိုင်ရှင်မဲ့ ဖမ်းမိတာ စုစုပေါင်း ငါးစီးရှိပြီ"ဟု သထုံမြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်က ပြောသည်။

ဖြစ်စဉ်မှာ သထုံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဆန်းဦးနှင့် တပ်ဖွဲ့ဝင်များသည် အများပြည်သူလုံခြုံရေး မှုခင်းကျဆင်းရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် လိပ်အင်းရပ်ကွက် ကျောင်းကုန်းကွေ့အနီးတွင် အဝေးပြေးလမ်းအတိုင်း မော်လမြိုင်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် 6N/---- Honda Fit နှင့် 9K/ ---- Honda Fit မော်တော်ယာဉ်နှစ်စီးကို မသင်္ကာသဖြင့် စစ်ဆေးရန်ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံတားဆီးရာ မြေနီကုန်းကျေးရွာ အဝေးပြေးလမ်းဘေးတွင် အဆိုပါယာဉ်နှစ်စီးအား ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာမတွေ့ရှိရဘဲ သော့တန်းလန်းဖြင့် ရပ်တန့်ထားသည်ကို စစ်ဆေးတွေ့ရှိရာ သက်သေများရှေ့တွင် ပိုင်ရှင်မဲ့ သိမ်းဆည်းခဲ့ကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။

အဆိုပါ ပိုင်ရှင်မဲ့ယာဉ်နှစ်စီးအား တရားဝင်မှတ်ပုံတင်ထားခြင်း ရှိ /မရှိကို စုံစမ်းထားပြီး မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။

**သက်ဦး(သထုံ)**

## မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် မော်တော်ယာဉ်ငါးစီးဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၀၁ စီး၊ သွင်းကုန်အစီး ၃၄၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၃ စီး၊ သွင်းကုန် ၁၈၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၈ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၁၂၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၉မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၄၀၄ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၀မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၄၀ ဒသမ ၅၃၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ၈-၁-၂၀၁၇ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် Mitsubishi Canter Light Truck တစ်စီး၊ Toyota Probox တစ်စီး၊ Honda Fit တစ်စီး၊ Toyota Wish တစ်စီးနှင့် Nissan X Trail တစ်စီးတို့အား မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ်ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ သန်းခန့်ကို ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မလော့ချောင်ကျေးရွာတွင် လူတစ်ဦး ရေနစ်သေဆုံး

**ကျိုက်ထို အောက်တိုဘာ ၉**

ကျိုက်ထိုမြို့နယ် မလော့ချောင်ကျေးရွာ၌ အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီက လူတစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းအရ ကျိုက်ထို မြို့မရဲစခန်းမှ ဒုရဲအုပ်မြင့်ဌေးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

မလော့ချောင်ကျေးရွာနေ မျိုးထွန်း(၃၃နှစ်)သည် ဘတ်ဟိုးချောင်းအတွင်း၌ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိဘဲ ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးရာ မျိုးထွန်းသည် အရက်သေစာ အလွန်အကျွံသောက်တတ်သူဖြစ်ပြီး ၎င်းမှာ နေအိမ်အတည်တကျမရှိဘဲ ခင်မင်ရင်းနှီးသူ မိုးသူ၏လယ်တဲတွင်နေထိုင်ကြောင်း၊ အောက်တိုဘာ ၅ ရက် ညနေ ၅ နာရီခွဲခန့်တွင် မျိုးထွန်းက ကျားပိုက်ထောင်မည်ဟု ပြောဆိုထွက်သွားပြီး ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ရေနစ်သေဆုံးနေသည်ကို တွေ့ရကြောင်း စုံစမ်းသိရှိရ၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် /မဟုတ် သိရှိနိုင်ရန် ကျိုက်ထိုမြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

### ဖခင်အမည်မှန်

မြိုင်မြို့၊ အထက(၁) နဝမတန်း (H) မှ မဇင်မိုးအေး၏ ဖခင်အမည်မှန်မှာ ဦးဖိုးတုတ် ၈/မမန(နိုင်)၀၅၀၆၆၂ ဖြစ်ပါကြောင်း။

**ဦးဖိုးတုတ်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1B/4918 Nissan Diesel Containner Carrier ယာဉ် လက်ဝယ်ရှိသူ ဦးစိုးသန်း ၉/ကပတ(နိုင်)၀၀၆၃၂၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

### ချစ်ခင်ပွန်းနှင့် ချစ်သမီးအတွက် မွေးနေ့ဆုတောင်း

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၀ရက်(အင်္ဂါနေ့)တွင် ကျရောက်သည့် ချစ်ခင်ပွန်း ဦးဝင်းသော်(ညွှန်ကြားရေးမှူးချုပ်-မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၏ (၅၆)နှစ်ပြည့်မွေးနေ့နှင့် ချစ်သမီး မဝင့်ဖူးသော်(ME-Civil) (Structural design Engineer)၏ (၂၈)နှစ်ပြည့်မွေးနေ့(မွေးနေ့၊ မွေးရက်၊ မွေးလတူ)တို့၏ မွေးနေ့မှသည် ကျန်းမာပျော်ရွှင်စွာဖြင့် မိသားစုနှင့်အတူ ရာသက်ပန်ဖြတ်သန်းနိုင်ပါစေ။

**ချစ်ဇနီး ဒေါ်သီတာဦး**
**ချစ်သမီးငယ် မဖူးပွင့်သော်(ပိုး၃)**
**B.A(Hons)**
**Business and Management**

### မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အထက(ခွဲ) လေးတူးရိုးကြီး၊ နဝမတန်းမှ မောင်သိန်းထက်နိုင်၏ မိဘအမည်မှန်မှာ ဦးမျိုးမြင့်ဦး ၁၄/တလန(နိုင်)၀၉၆၈၂၄ နှင့် ဒေါ်မြဝင်းနွယ် ၁၄/သဝတ(နိုင်)၁၁၈၇၂၅ ဖြစ်ပါကြောင်း။

### အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ လက်ပံခုန်ကျေးရွာအုပ်စု၊ ရေမီးနင်းကျေးရွာနေ ဦးဟန်ရွှေ၏သမီး မပွင့်ဇာခြည်၏ အမည်မှန်မှာ မပွင့်ဇာကြည် ၇/သဝတ(နိုင်)၁၄၅၅၅၇ ဖြစ်ပါကြောင်း။

**မပွင့်ဇာကြည်**

### မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကျွဲသတ်အုပ်စု၊ တိုက်ကြီးကုန်း ကျေးရွာနေ ဦးမောင်ဘော်၏ သမီး မဌေးဌေးအေး ၇/သဝတ(နိုင်)၀၅၉၁၄၀၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၂-၁၉၇၀ ဖြစ်ပါကြောင်း။

**မဌေးဌေးအေး**


# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အောက်တိုဘာလ(၁)ရက်နေ့မှစ၍ (၃၀)ရက်နေ့အထိ စရံငွေပေးသွင်းသူများ အထူးဈေးနှုန်း

၈ ရက် ခရီး - ဟိုတယ်(၂)ည → စရံ ၂ သိန်း + ဒေါ်လာ ၅၅၀ (လေးဌာန + နီပေါ)

၁၂ ရက် ခရီး - ဟိုတယ်(၃)ည → စရံ ၂ သိန်း + ဒေါ်လာ ၆၅၀ (လေးဌာန + နီပေါ)

၁၅ ရက်ခရီး - ဟိုတယ်(၅)ည → စရံ ၂ သိန်း + ဒေါ်လာ ၇၀၀ (နေရာစုံ + Shopping)

၁၅ ရက် ခရီး - ဟိုတယ်(၄)ည → စရံ ၂ သိန်း + ဒေါ်လာ ၇၅၀ - နေရာစုံ + ကိုလ်းကတ္တားပါ

ဂယာ သီးသန့် ၂ညအိပ် ၃ ရက်၊ ၄ ညအိပ် ၅ရက် ခရီးစဉ်သီးသန့် အဖွဲ့များလည်းပို့ဆောင်ပေးပါသည်။

စရံငွေ(၂)သိန်းဖြင့် (၁၀)ဦး စုစည်း၍ တစ်ပြိုင်တည်း စာရင်း ပေးသွင်းပါက(၁)ဦးအခမဲ့

ဗုဒ္ဓဂယာ ၈ ရက် ခရီး (လေးဌာန + နီပေါ) - 3Star ဟိုတယ်(၇)ည → ဒေါ်လာ ၁၀၀၀

သီရိလင်္ကာစွယ်တော် + ထိုင်းနိုင်ငံဘန်ကောက် မြဘုရား(၈)ရက်ခရီး - 3Star ဟိုတယ် ဒေါ်လာ ၁၅၀၀

ရန်ကုန်/မန္တလေးမြို့ကြီးများတွင် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးပါသည်။ ခရီးစဉ်များအားလုံးစားရိတ်ငြိမ်းဖြစ်ပါသည်။

အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်ရုံးချုပ် ဖုန်း-၀၁-၃၇၆၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၀၇၉၆၂၁၊ ၀၉-၅၁၂၀၅၂၉။

မန္တလေးရုံးခွဲ - အမှတ်-၈၈၊ ၆၈လမ်း၃၃×၃၄ကြား၊ ချမ်းအေးသာစံမြို့နယ်။ဖုန်း - ၀၉-၇၇၁၁၁၁၃၄၀၊ ၀၉-၇၇၁၁၁၁၃၄၁


### သားအဖြစ်မှစွန့်လွှတ်ခြင်း

ပြည်မြို့၊ လိပ်ပြာလမ်း၊ ပြည်သာယာရပ်ကွက်နေ ဒေါ်မိုးစန္ဒာဝင်း ၇/ပမန(နိုင်)၀၀၂၆၉၂၏ သား မောင်ထွန်းလင်းညဏ် ၇/ပမန(နိုင်)၂၂၅၀၈၅သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမျှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)။

**ဒေါ်မိုးစန္ဒာဝင်း**
**၇/ပမန(နိုင်)၀၀၂၆၉၂**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5033 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၆လမ်း၊ အမှတ် ၃၈ နေ ဒေါ်နုဒါမန်၏ သမီး မနီနီလှိုင်(TME -၀၁၆၉၆၀)သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိဘများအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**ဒေါ်နုဒါမန်**

### "အသိသတိဘုရားကြီးမှန်ကာခြင်းအတွက်အလှူခံခြင်း"



မှန်ကာခြင်းလုပ်ငန်းတည်ဆောက်မည့်ပုံစံငယ်

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီးတွင် တည်ရှိသော အသိသတိ ဘုရားကြီးကို မှန်ကာခြင်းလုပ်ငန်းအား စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ၂၀၁၇ခုနှစ်၊ နိုဝင်ဘာ ၃ရက်(သောကြာနေ့) မြန်မာသက္ကရာဇ် ၁၃၇၉ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်နေ့အမီ ပြုလုပ်မည်ဖြစ်ပါသည်။ကျပ်-၃၅၀၀၀၀၀၀(ကျပ်သိန်းသုံးရာ့ ငါးဆယ်)ခန့် ကုန်ကျမည်ဖြစ်ပါသည်။ စေတနာရှင်အလှူရှင်များအနေဖြင့် ကိုယ်တိုင်ကိုယ်ကျလာရောက် ကုသိုလ်ယူလှူဒါန်းနိုင်ပါသည်။ မိမိတို့သဒ္ဓါတက်အားသရွေ့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။ ကျပ် ၅၀၀၀၀၀၀ (ကျပ်သိန်းငါးဆယ်နှင့်အထက်) လှူဒါန်းသူများကို ကမ္ပည်းထိုးပေးမည်ဖြစ်ပါသည်။ လှူဒါန်းလိုသူများအနေဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်းနံပါတ် ၀၁-၂၀၁၇၆၄သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ အများပြည်သူ ကုသိုလ်ယူ ပါဝင်လှူဒါန်းလိုသူများလှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# အမေရိကန်နှင့် တူရကီလုံခြုံရေးအတွက် ဗီဇာဝန်ဆောင်မှုများကို ရပ်ဆိုင်းထားမည်

**ဝါရှင်တန် အောက်တိုဘာ ၉**

အမေရိကန်ကောင်စစ်ဝန်ရုံး အလုပ်သမားတစ်ဦး တူရကီ၌ ဖမ်းဆီးခံခဲ့ရပြီးနောက် တူရကီရှိ အမေရိကန်မစ်ရှင်အဖွဲ့နှင့် ဝါရှင်တန်ရှိ တူရကီမစ်ရှင်အဖွဲ့တို့သည် ဗီဇာဝန်ဆောင်မှုလုပ်ငန်းများကို နောက်ပြန်ဆုတ်ထားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ထိုသို့ဖြစ်ပွားခြင်းသည် နေတိုးမဟာမိတ်နိုင်ငံများနှင့် သံတမန်ဆက်ဆံရေးတွင် ကတောက်ကဆတ်ဖြစ်သည့် အချက်ပြသင်္ကေတတစ်ခုဖြစ်ကြောင်း သိရသည်။


လွန်ခဲ့သော ရက်သတ္တပတ်ကလည်း အစ္စတန်ဘူလ်ရှိ အမေရိကန်မစ်ရှင်အလုပ်သမားတစ်ဦး လွန်ခဲ့သောနှစ်က မအောင်မြင်ခဲ့သော အာဏာသိမ်းမှုတွင် ဘာသာရေးခေါင်းဆောင်တစ်ဦးနှင့် ဆက်သွယ်မှုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံခဲ့ရသည်။ အဆိုပါဖြစ်ရပ်ကို အမေရိကန်က အခြေအမြစ်မရှိသော လုပ်ရပ်ဟု စွပ်စွဲပြောကြားခဲ့ကြောင်း သိရသည်။

မကြာသေးမီကဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များမှာ အမေရိကန်အစိုးရအနေဖြင့် အမေရိကန်မစ်ရှင်အဖွဲ့များအတွက် တူရကီနိုင်ငံ၏ ကတိကဝတ်ပြုမှုများကို ပြန်လည်သုံးသပ်မှု ပြုလုပ်ရန် ဖိအားပေးသကဲ့သို့ဖြစ်နေကြောင်း အန်ကာရာရှိ မစ်ရှင်အဖွဲ့က ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ယခုလိုအချိန်အခါမျိုးတွင် သံရုံးနှင့်စစ်သံရုံးသို့လာရောက်မည့်ဧည့်သည်အရေအတွက်ကို နည်းနိုင်သမျှနည်းစေရန်အတွက် ဗီဇာဝန်ဆောင်မှုအားလုံးကိုရပ်ဆိုင်းထားမည်ဖြစ်ကြောင်း တူရကီရှိ အမေရိကန် သံတမန်အသိုင်းအဝိုင်းက ပြောခဲ့သည်။

ထို့အတူ ဝါရှင်တန်ရှိ တူရကီသံရုံးကလည်း အလားတူ ကြေညာချက်မျိုးထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**



တူရကီနိုင်ငံ အန်ကာရာရှိ အမေရိကန်သံရုံးရှေ့တွင် အမျိုးသမီးတစ်ဦး ဗီဇာလျှောက်ရန် စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်

## တူနီးရှားကျန်းမာရေးဝန်ကြီး နှလုံးအမောဖောက်ပြီး သေဆုံး

**တူးနစ် အောက်တိုဘာ ၉**

တူနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး စလင်းရှက်ကာသည် ယမန်နေ့က နှလုံးရောဂါရုတ်တရက်ဖောက်မှုဖြင့် သေဆုံးခဲ့ကြောင်း တူးနစ်မြို့ရှိ စစ်ဆေးရုံမှ ကျန်းမာရေးသတင်းရင်းမြစ်တစ်ခုက ပြောခဲ့သည်။

ကျန်းမာရေးဝန်ကြီးသည် ရုတ်တရက် နှလုံးအမောဖောက်ကာ သတိမလစ်ခင် တူးနစ်မြို့မှ ၆၀ ကီလိုမီတာအကွာရှိ နာဘူးမြို့၌ ပြုလုပ်သော အားကစားပွဲတစ်ခုသို့ တက်ရောက်ခဲ့သေးကြောင်း သိရသည်။

ကွယ်လွန်ခဲ့သော ကျန်းမာရေးဝန်ကြီး စလင်းရှက်ကာသည် ဝန်ကြီးအပြောင်းအရွှေ့ကာလတွင် တူနီးရှားအစိုးရခေါင်းဆောင်၏ ဆုံးဖြတ်ချက်ဖြင့် ၂၀၁၇ လလယ်လောက်တွင် ကျန်းမာရေးဝန်ကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်းခံခဲ့ရကြောင်း သိရသည်။ **(ဆင်ဟွာ)**



ပါလက်စတိုင်းမှ အစ္စရေးဘက်သို့ ဒုံးကျည်ဖြင့် ပစ်ခတ်နေသည်ကို တွေ့ရစဉ်

# အစ္စရေးတို့က ဟားမားစ်တို့၏စခန်းအား ဒုံးကျည်ဖြင့် ပြန်လည်ပစ်ခတ်

**ဂျေရုဆလင် အောက်တိုဘာ ၉**

ပါလက်စတိုင်းဘက်မှ အစောပိုင်းကာလတွင် အစ္စရေးဘက်သို့ ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သော်လည်း အဆိုပါဒုံးကျည်မှာ အစ္စရေးပိုင်နက်ထဲသို့ မရောက်ရှိဘဲ ပျက်ကျသွားပြီး သိပ်မကြာခင် ယမန်နေ့က အစ္စရေးတပ်ဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်တို့၏စခန်းအား ဒုံးကျည်ဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောခဲ့သည်။ အစ္စရေးဘက်သို့ ပစ်ခတ်ခဲ့သော ဒုံးကျည်မှာ အောင်မြင်မှုမရရှိဘဲ ဂါဇာကမ်းမြောင်ဒေသအတွင်း ပျက်ကျသွားခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

ဒုံးကျည်ပစ်ခတ်မှုသည် အစ္စရေးနိုင်ငံသားများနှင့် အစ္စရေး၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ခြိမ်းခြောက်စော်ကားခြင်းဖြစ်သောကြောင့် လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့၏ တင့်ကားတစ်စီးက ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်တပ်ဖွဲ့၏ လေ့လာစောင့်ကြည့်ရေးစခန်းတစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးဘက်သို့ ထိုးဖောက်ဝင်ရောက်လာသော မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို ဟားမားစ်အဖွဲ့က တာဝန်ယူရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဒုံးကျည်ပစ်ခတ်မှုများသည် ဟားမားစ်အဖွဲ့တွင်သာ တာဝန်ရှိသည်ဟု အစ္စရေးဘက်က အမြဲပြောခဲ့သော်လည်း တကယ်တမ်းတွင်မူ အချို့သော ဒုံးကျည်ပစ်ခတ်မှုများကို အစွန်းရောက် ဆာလာဖီအုပ်စုများက ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# တရုတ်နိုင်ငံကို အကဲစမ်းသည့်အနေဖြင့် အိန္ဒိယကဖိုက်တာဂျက်လေယာဉ်များကို ခင်းကျင်းပြသ

**နယူးဒေလီ အောက်တိုဘာ ၉**



အိန္ဒိယနိုင်ငံသည် အရေးပေါ်အခြေအနေတွင် အသုံးချရန်စီစဉ်ထားသည့် တိုက်ခိုက်ရေးလေယာဉ်အများအပြားကို ပြည်သူများအား ခင်းကျင်းပြသမှုပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် တရုတ်နှင့် စစ်ရေးတင်းမာမှုများ မြင့်တက်လာနေချိန်တွင် နိုင်ငံ၏လေကြောင်းအင်အားကို ထုတ်ဖော်ပြသလျက်ရှိသည်။ အိန္ဒိယလေကြောင်းအင်အားစုသည် နယူးဒေလီမြို့အနီးရှိ အခြေစိုက်စခန်း၌ အဆိုပါတိုက်လေယာဉ်များကို တနင်္ဂနွေနေ့တွင် ထုတ်ဖော်ပြသမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခင်းကျင်းပြသမှုပြုလုပ်ရာတွင် ပါဝင်ခဲ့သည့် တိုက်လေယာဉ်များမှာ အိန္ဒိယတွင် ပထမဆုံးဖွံ့ဖြိုးမှုပြုလုပ်ထားသည့် တိုက်လေယာဉ်တီဂျက်စ်နှင့် အမေရိကန်လုပ် သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြစ်သည့် C 17 တို့ ဖြစ်သည်။ ရုရှားလုပ် ဆူခွိုင်းတိုက်လေယာဉ်များကိုလည်း ထုတ်ဖော်ပြသခဲ့သည်။

အိန္ဒိယနိုင်ငံသည် မည်သည့်ကျူးကျော်ရန်စမှုနှင့် ခြိမ်းခြောက်မှုများကိုမဆို ရင်ဆိုင်ရန် ၎င်း၏စစ်အင်အားဖြင့် လှုပ်ရှားဆောင်ရွက်သွားရန် အသင့်ရှိနေကြောင်း အိန္ဒိယလေကြောင်းအင်အားစု အကြီးအကဲ ဘီရန်ဒါဆင်း ဒါနိုအာက ပြောကြားခဲ့ကြောင်း သိရသည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် အငြင်းပွားမှုများဖြစ်ပွားနေသည့် နယ်စပ်ဒေသကိစ္စနှင့်ပတ်သက်၍ တင်းမာမှုများ မြင့်တက်လာခဲ့သည်မှာ နှစ်လကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

# ကက်တလိုနီးယား ခွဲထွက်ရေးကို ကန့်ကွက်သည့် စုဝေးချီတက်မှုပြုလုပ်

**ဘာစီလိုနာ အောက်တိုဘာ ၉**

စပိန်မှ ကက်တလိုနီးယားခွဲထွက်ကာ လွတ်လပ်ရေးတောင်းဆိုမှုကို ကန့်ကွက်ရန်အတွက် ဘာစီလိုနာ၌ လူထောင်ပေါင်းများစွာတို့ စုဝေးချီတက်မှုပြုလုပ်ခဲ့ကြကြောင်း သိရသည်။ လာမည့်အင်္ဂါနေ့တွင် ဒေသဆိုင်ရာပါလီမန်လွှတ်တော်၌ လွတ်လပ်ရေးကြေညာမည်ဟု ထင်ကြေးပေးမှုများပေါ်ထွက်နေချိန်တွင် စည်းလုံးညီညွတ်ရေးထောက်ခံပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စုဝေးချီတက်မှုအတွင်း လူ ၃၅၀၀၀၀ ခန့် ပါဝင်ခဲ့ကြကြောင်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ စုဝေးချီတက်ခဲ့ကြသူများသည် စပိန်နိုင်ငံတော်အလံများကို ဝှေ့ယမ်းခဲ့ကြပြီး “ကက်တလိုနီးယားသည်စပိန်သာဖြစ်သည်” ဟူ၍ ကြွေးကြော်ခဲ့ကြသည်။

စပိန်နိုင်ငံမှနုတ်ထွက်ခြင်းသည် စီးပွားရေးဆိုင်ရာအကျပ်အတည်းများကို ဖြစ်ပေါ်လာစေလိမ့်မည်ဟူသော စိုးရိမ်ပူပန်မှုများကို နိုင်ငံရေးလေ့လာသူအချို့က သုံးသပ်ခဲ့ကြသည်။ အချို့ကမူ နိုင်ငံရေးဆောင်ရွက်သူများသည် အလုပ်အကိုင်မရရှိမှုကဲ့သို့သော လူမှုရေးဆိုင်ရာအကြောင်းအရာများကိုလည်း အလေးပေးဆောင်ရွက်သင့်ကြောင်း ဝေဖန်သုံးသပ်ခဲ့သည်။

အောက်တိုဘာ ၁ ရက်ကပြုလုပ်ခဲ့သည့်ရွေးကောက်ပွဲတွင် ၉၀ ရာခိုင်နှုန်းကျော်တို့သည် လွတ်လပ်ရေးကိုထောက်ခံသည့် မဲထည့်ဝင်မှုပြုလုပ်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ရွေးကောက်ပွဲအတွင်း မဲထည့်ဝင်သူဦးရေမှာ ၄၃ ရာခိုင်နှုန်းရှိခဲ့သည်။ ကက်တလန်ခေါင်းဆောင် Carles Puigdemont သည် လာမည့်အင်္ဂါနေ့တွင် ဒေသပါလီမန်၌ မိန့်ခွန်းပြောကြားချိန်တွင် လွတ်လပ်ရေးကြေညာလိမ့်မည်ဟု လူအများက ခန့်မှန်းခဲ့ကြသည်။

စပိန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက မူလက တနင်္လာနေ့တွင် ကျင်းပမည့် လွှတ်တော်အစည်းအဝေးတစ်ရပ်ကို ရွှေ့ဆိုင်းလိုက်သည်။ စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဂျွိုင်က ကက်တလိုနီးယားအနေဖြင့် မည်ကဲ့သို့လုပ်ဆောင်သည်ဖြစ်စေ လွတ်လပ်ရေးကြေညာမှုသည် အကျုံးဝင်မည်မဟုတ်ဟု ပြောဆိုခဲ့ကြောင်း သတင်းစာတစ်စောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည့် အင်တာဗျူးတစ်ခုတွင် ဖော်ပြထားသည်။

**(အင်န်အိတ်ချ်ကေ)**

## နိုင်ငံတကာ သတင်းတိုထွာ

### အာဖဂန်တောင်ပိုင်း၌ စစ်သွေးကြွများက ရွာသားများကိုသတ်ဖြတ်ကာ နေအိမ်များကိုမီးရှို့

**ကဘူးလ် အောက်တိုဘာ ၉**

တာလီဘန်များကိုသစ္စာခံထားသည့် စစ်သွေးကြွများသည် အာဖဂန်တောင်ပိုင်း ဘက်ဂစ်ရှိပြည်နယ်အတွင်းရှိ ကျေးရွာများကို စီးနင်းတိုက်ခိုက်မှုပြုလုပ်ကာ ရွာသားများကိုသတ်ဖြတ်ခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့ကြကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

ရွာသားများသည် ခိုလှုံနေထိုင်ရာနှင့် စားသောက်ဖွယ်ရာများ မရှိတော့သဖြင့် ဒေသဌာနချုပ်ဆီသို့ထွက်ခွာသွားကြပြီးနောက်တွင် စစ်သွေးကြွများသည် အဆိုပါနေရာများကို ကတုတ်ကျင်းများသဖွယ် အသုံးပြုလျက်ရှိနေကြောင်း ဒေသအကြီးအကဲ မာဇာအလီက ပြောကြားခဲ့သည်။

ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ ဂန်မိုဟာမက် ရှော့ဖ်တပ်ဂျိက မကြာမီအချိန်အတွင်း စစ်သွေးကြွများကို ချေမှုန်းရန် စစ်ဆင်ရေး စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။ ယခုနှစ်အတွင်း နေအိမ်များကို စွန့်ခွာလျက် နိုင်ငံအတွင်းမှ ထွက်ပြေးနေကြရသည့် အာဖဂန်ပြည်သူ ၂၅၀၀၀၀ ခန့် ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

### ဂါဇာတောင်ပိုင်းတွင် ဟားမားစ်အဖွဲ့က အိုင်အက်စ် ထိပ်တန်းခေါင်းဆောင်တစ်ဦးကို ဖမ်းမိ

**ဂါဇာ အောက်တိုဘာ ၈**

ဂါဇာရှိ အစ္စလာမ္မစ်ဟားမားစ်လုံခြုံရေး အင်အားစုများသည် ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းတွင် အိုင်အက်စ် အစွန်းရောက်အဖွဲ့ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ နော်အီအာဆာနှင့် အခြားသုံးဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း ဟားမားစ်အဖွဲ့စီမံဆောင်ရွက်နေသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်တွင်း လုံခြုံရေးအင်အားစုများသည် ညသန်းခေါင်အချိန်ခန့်တွင် အီဆာနှင့်ကျန်သုံးဦးတို့ကို ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ရာဖစ်ချ်မြို့အတွင်း၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း အီရက်အယ်လ်ဘိုဇွမ်က ပြောကြားခဲ့သည်။ ၎င်းတို့လေးဦးကို လုံခြုံရေးတပ်ဖွဲ့များက လွန်ခဲ့သော တစ်နှစ် ကျော်အကြာလောက်ကတည်းက အလိုရှိခဲ့ကြောင်း သိရသည်။

အီဆာနှင့် အခြားသုံးဦးတို့သည် အိုင်အက်စ်အဖွဲ့နှင့် နီးကပ်စွာပတ်သက်ဆက်နွယ်နေသည့် အာဖက် ဘေအယ်လ်မက်ဒက်စ် အဖွဲ့မှဖြစ်ပြီး အဆိုပါအဖွဲ့သည် ပြီးခဲ့သည့်လအနည်းငယ်အကြာက ဂါဇာကမ်းခြေမှ အစ္စရေးသို့ ဒုံးကျည်ပစ်ခတ်မှုများပြုလုပ်ရာတွင် ပါဝင်ခဲ့သည်။

ရာဖစ်ချ်ရှိ လုံခြုံရေးအင်အားစုများ၏ ပြောပြချက်အရ အီဆာအပါအဝင် လေးဦးတို့ကို ရာဖစ်ချ်မြို့ရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# လက်နက်ရောင်းချမှုဆိုင်ရာစည်းမျဉ်းတွေကိုဖြေလျှော့မည့် ထရန့်၏အစီအစဉ်သစ် ပဋိပက္ခတွေကိုလက်ယပ်ခေါ်နေ

**ကလျာမိုးမြင့်**



ဒေါ်နယ်ထရန့်ဦးဆောင်တဲ့ အစိုးရအဖွဲ့ဟာ ၎င်းရဲ့နိုင်ငံခြားရေးမူဝါဒအတွင်းမှာ သိသိသာသာသတိထားမိခြင်းမရှိတဲ့ အမှားကြီးတစ်ခုကို ပြုလုပ်ခြင်းအားဖြင့် ချောက်ကမ်းပါးပေါ်ရောက်ရှိနေပါတယ်။ မကြာသေးမီက ရိုက်တာသတင်းဝက်ဘ်ဆိုက်မှာ ဖော်ပြခဲ့မှုအရ အိမ်ဖြူတော်ဟာ အမေရိကန်ကထုတ်တဲ့ အသေးစားလက်နက်တွေကို သတိမမူဘဲ ရောင်းချနေတာတွေကို အစိုးရဌာနက ပြန်လည်ဆန်းစစ်မှုဖြစ်စဉ်တွေပြုလုပ်နေရာကနေ စီးပွားရေးလုပ်ငန်းတွေနဲ့ လက်ပွန်းတတီးဖြစ်နေတဲ့ ကုန်သွယ်ရေးနဲ့ကူးသန်းရောင်းဝယ်ရေးဆီသို့ လွှဲ ပြောင်းပေးဖို့ ပြင်ဆင်လျက်ရှိနေပါတယ်။

တစ်ကမ္ဘာလုံးဆိုင်ရာဈေးကွက်အတွင်းမှာ အမေရိကရဲ့ရှယ်ယာပါဝင်မှုကို မြှင့်တင်ဖို့ကြိုးပမ်းရာမှာ ဌာနတွင်း လမ်းညွှန်ချက်တွေကို ဖြေလျှော့ခြင်းအားဖြင့် ထရန့်အစိုးရအဖွဲ့ဟာ ကမ္ဘာတစ်လွှားက သန်းနဲ့ချီတဲ့လူတွေဆီကို အလွန်အမင်း ပူဆွေးဒုက္ခရောက်မှုတွေကို သယ်ဆောင်လာပေးနေတဲ့ ပြည်တွင်းစစ်တွေဖြစ်ပွားလာအောင် လောင်စာထည့်ပေးရာရောက်နေပါတယ်။

ဒီမူဝါဒရဲ့ ရည်မှန်းချက်ကတော့ စစ်ဘက်ကမဟုတ်တဲ့ လက်နက်တွေနဲ့ ခဲယမ်းမီးကျောက်တွေ တင်ပို့မှုကို လက်ရှိစီမံအုပ်ချုပ်နေတဲ့ ဗျူရိုကရက်ကြိုးနီကို အလှဆင်ခြင်းအားဖြင့် အမေရိကန်က လက်နက်ထုတ်လုပ်ရေးလုပ်ငန်းတွေအနေနဲ့ ၎င်းတို့ရဲ့ လက်နက်ထုတ်ကုန်တွေကို နိုင်ငံရပ်ခြားဆီကို မြန်မြန်ရောင်းချနိုင်ဖို့အတွက် အထောက်အကူဖြစ်စေဖို့ ရည်ရွယ်တာဖြစ်ပါတယ်။

ရိုက်တာသတင်းဖော်ပြချက်အရ ဒုံးကျည်နဲ့ တိုက်ခိုက်ရေးဂျက်လေယာဉ်တွေကို ရောင်းချတဲ့နေရာမှာ ရဲဖန်ရံခါဆိုသလို ကွန်ဂရက်လွှတ်တော်ရဲ့ အတည်ပြုထောက်ခံချက်တွေ လိုအပ်နေချိန်မှာ ဒီစီမံချက်အသစ်က သေနတ်တွေကို စီးပွားရေးအရ တင်ပို့ရောင်းချမှု ပြုလုပ်ရာမှာ အဲဒီလက်နက်တွေကို ရောင်းချသလိုမျိုး စေ့စေ့စပ်စပ် စစ်ဆေးတာကို ကြာကြာလုပ်ဆောင်တော့မှာ မဟုတ်တော့ဘူးဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်နေတယ်လို့ ဖော်ပြထားပါတယ်။

ဒီပြောင်းလဲမှုကို ချေမှုန်းရေးရိုင်ဖယ်တွေနဲ့ ပစ္စတိုတွေကို အစိုးရဌာနက တင်းတင်းကျပ်ကျပ် စည်းမျဉ်းကန့်သတ်မှုတွေပြုလုပ်ထားတဲ့ လက်နက်တွေစာရင်းကနေ စီးပွားရေးဆိုင်ရာထိန်းချုပ်တဲ့စာရင်းတွေအဖြစ်သို့ ရောက်ရှိသွားစေတာဖြစ်ပါတယ်။ စီးပွားရေးအရ ထိန်းချုပ်မှုစာရင်းထဲကို ရောက်ရှိသွားရင် နိုင်ငံတကာရောင်းချမှုတွေအတွက် ပိုမိုထိရောက် မြန်ဆန်ပြီး တွက်ခြေကိုက်စေတဲ့ လိုင်စင်ထုတ်ပေးခြင်းကို ခွင့်ပြုပေးတော့မှာပါ။

အစိုးရအဖွဲ့ကတော့ ဒီနည်းလမ်းသစ်ဟာ စီးပွားရေးလုပ်ငန်းကို အခိုင်အမာထောက်ခံတဲ့ အမေရိကန်သမ္မတထရန့်ရဲ့ ကျိုးကြောင်းဆီလျော်မှုရှိတဲ့ စီးပွားရေးတိုးချဲ့မှု တစ်ခုဖြစ်တယ်လို့ ရှင်းပြခဲ့ကြပါတယ်။ သို့သော်လည်း လက်နက်ရောင်းဝယ်မှု လုပ်ပိုင်ခွင့်တွေကို ဝါရှင်တန်ဒီစီရဲ့အိမ်နီးချင်းဖြစ်တဲ့ Foggy Bottom ကနေ လွှဲပြောင်းပေးလိုက်ခြင်းက မရည်ရွယ်ဘဲ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ နောက်ကွယ်က တွန်းကန်အားတွေကို ထိခိုက်လာနိုင်ဖွယ်ရှိနေပါတယ်။

လွန်ခဲ့တဲ့ နှစ်ငါးဆယ်ကျော်လောက်က ဖြစ်ပွားခဲ့တဲ့ အကြီးစားပဋိပက္ခဖြစ်ပွားမှုတွေ ကျဆင်းသွားတာတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် လက်ရှိဆီးရီးယားမှာ ဖြစ်ပွားနေတဲ့စစ်ပွဲလိုမျိုး အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ နိုင်ငံတစ်ခုရဲ့ပိုင်နက်နယ်နိမိတ်အတွင်းမှာ ပုံမှန်မဟုတ်တဲ့ ပဋိပက္ခတွေပေါ်ပေါက်မှုဟာ အသစ်ပြန်ဖြစ်လာတာကို ကွဲကွဲပြားပြား တွေ့မြင်လာရပါတယ်။

AK-47 ရိုင်ဖယ်တွေနဲ့ စနိုက်ပါရိုင်ဖယ်တွေ၊ အပေါ့စားပေါက်ကွဲပစ္စည်းတွေကို အဲဒီပဋိပက္ခစစ်ပွဲအများစုမှာ အသုံးပြုနေကြပါတယ်။ စစ်ရေးအရ လေ့ကျင့်မှု အနည်းငယ်သာရှိသေးတဲ့ စစ်ပွဲအတွင်း ပါဝင်ဆင်နွှဲသူတစ်ယောက်ဟာ စစ်မြေပြင်မှာ အလိုအလျောက်စနစ်အချို့ပါတဲ့ လက်နက်တွေကိုအသုံးပြုနိုင်စေမယ့် လွယ်ကူသက်သာမှုက အဲဒီလက်နက်တွေရဲ့ ဆွဲဆောင်မှုတစ်ခုလည်း ဖြစ်နေပါတယ်။

ပေါ့ပါးတဲ့ လက်နက်တွေဟာ ပြောက်ကျားတပ်ဖွဲ့ဝင်တွေအတွက် အားသာချက်တွေ များစွာရှိပါတယ်။ AK-47 ဟာ တင့်ကားတစ်စီး၊ ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခု ဒါမှမဟုတ် တိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စင်းထက် ဈေးအများကြီးသက်သာမှုရှိပြီး နယ်စပ်ခိုးဝင်ပေါက်တွေကနေ အလွယ်တကူမှောင်ခိုသွင်းနိုင်ပါတယ်။ စည်းမျဉ်းသစ်တွေကို ဆန့်ကျင်တဲ့အနေနဲ့ ဆီးနိတ်လွှတ်တော်အမတ် ဘင်ကာဒင်၊ ပက်ထရစ်လီဟိုင်နဲ့ ဒိုင်ရန်နီဖီအင်စတိန်းတို့က နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်ကို ပေးပို့ခဲ့တဲ့ စာတစ်စောင်မှာ လက်ရှိဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်နဲ့ လက်နက်ကိုင်ပုန်ကန်တော်လှန်မှုတွေဟာ အမေရိကန်နိုင်ငံသားအများစုက အမျိုးအစားခွဲခြားသတ်မှတ်တော့မယ့် ရိုင်ဖယ်သေနတ် သို့မဟုတ် ရှာဖွေရေးလက်နက်တွေကို တရားမဝင်ရောင်းဝယ်မှုတွေကြောင့် ပိုပြီးဆိုးရွားလာတာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။



> **အမေရိကန် လက်နက်ကုမ္ပဏီတွေကို ဖြေလျှော့ပေးမှုဟာ စီးပွားရေးရှုထောင့်ကကြည့်ရင် ၎င်းတို့ရဲ့ လက်နက်ထုတ်ကုန်တွေတင်ပို့မှုကို အံ့မခန်းတွင်ကျယ်လာအောင် လုပ်ဆောင်နိုင်ကောင်း လုပ်ဆောင်လာနိုင်ပါလိမ့်မယ်**

အသေးစားလက်နက်တွေ တင်ပို့ရောင်းချရာမှာ စည်းမျဉ်းစည်းကမ်းတွေကို ဖြေလျှော့လိုက်ခြင်းဟာ အဲဒီပဋိပက္ခတွေကို လျှော့ချလိုတဲ့ အမေရိကန်ရဲ့ရည်မှန်းချက်ကို နှောင့်နှေးကြန့်ကြာအောင် လုပ်နေတာပဲဖြစ်ပါတယ်။ အုပ်ချုပ်ရေးမူဝါဒသစ်က တောင်ဆူဒန်၊ ယူကရိန်းနဲ့ ကိုလံဘီယာလို မတူကွဲပြားတဲ့ နိုင်ငံအသီးသီးမှာဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ ပတ်သက်ပြီး ဖြေရှင်းဖို့ ငြိမ်းချမ်းစွာချဉ်းကပ်မှုကို မြှင့်တင်ဖို့အလို့ငှာ အမေရိကန်က အင်အားစိုက်ထုတ်ဆောင်ရွက်နေတဲ့ သံတမန်နည်းလမ်းအရဆောင်ရွက်မှုဖြစ်စဉ်တွေကိုလည်း ပြိုပျက်သွားစေနိုင်ပါတယ်။

အမေရိကန်က ထုတ်လုပ်နေတဲ့ လက်နက်တွေက အထောက်အကူပြုပေးနေတဲ့အတွက် သက်ဆိုးရှည်နေတဲ့ စစ်မက်ဖြစ်ပွားမှုတွေကို အဆုံးသတ်ဖို့ အစိုးရဌာနက မျှော်လင့်နေချိန်မှာ အမေရိကန်အစိုးရအဖွဲ့အတွင်းက များစွာသောအေဂျင်စီများနဲ့ ဌာနတွေဟာ တစ်ခုနဲ့တစ်ခု အတိုက်အခံတွေ ပြုလုပ်လာနိုင်တဲ့ အကျိုးဆက်တွေ ပေါ်ပေါက်လာနိုင်ပါတယ်။ အသေးစားလက်နက်များ စစ်တမ်းကောက်ယူမှုအဖွဲ့ရဲ့ပြောပြချက်အရ အမေရိကန်ဟာ အသေးစားလက်နက်တွေကို အများဆုံးတင်ပို့ရောင်းချတဲ့ ထိပ်တန်းနိုင်ငံတစ်ခုဖြစ်နေပြီး ၂၀၁၄ ခုနှစ်မှာဆိုရင် စုစုပေါင်း ကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံဖိုးအထိ တင်ပို့မှုရှိခဲ့တယ်လို့ သိရပါတယ်။

ဒီပမာဏဟာ အမေရိကန်ကာကွယ်ရေးလုပ်ငန်းတွေက နှစ်စဉ်နှစ်တိုင်း လက်မှတ်ရေးထိုးခဲ့တဲ့၊ ပိုမိုကြီးမားတဲ့ လက်နက်စာချုပ်တွေနဲ့ နှိုင်းယှဉ်လိုက်ရင် သေးငယ်တဲ့ပမာဏလောက်ပဲရှိပါတယ်။ ပဋိပက္ခဖြစ်ပွားတဲ့ ဇုန်တွေဆီကို စီးပွားရေးအရ တင်ပို့နေတဲ့ လက်နက်တွေရဲ့ သေးငယ်တဲ့ ပမာဏလောက်ပဲဖြစ်ဖြစ် စိမ့်ဝင်ရောက်ရှိသွားနိုင်ပြီး အဲဒီလို ရောက်ရှိသွားခဲ့ရင် အကျိုးဆက်က တော်တော်လေးကို ဆိုးရွားလာမှာပါ။

ထရန့်အစိုးရအဖွဲ့ရဲ့စည်းမျဉ်းသစ်တွေကနေ ငွေကြေးဆိုင်ရာအကျိုးအမြတ်တွေရရှိနိုင်မယ့် အစီအစဉ်ဟာ ကမ္ဘာတစ်လွှားမှာ အသေးစားလက်နက်တွေကို ပိုမိုရောင်းချခွင့် ရရှိလာနိုင်တော့မယ့် အခြေအနေတွေနဲ့အတူ ပိုမိုဆိုးရွားလာနိုင်တော့မယ့် မတည်ငြိမ်မှုတွေနဲ့ ပဋိပက္ခတွေကို ကာမိထေမိပါ့မလားဆိုတဲ့ မေးခွန်းတစ်ခုကတော့ ပေါ်ထွက်လာခဲ့ပါပြီ။

အမေရိကန် လက်နက်ကုမ္ပဏီတွေကို ဖြေလျှော့ပေးမှုဟာ စီးပွားရေးရှုထောင့်ကကြည့်ရင် ၎င်းတို့ရဲ့ လက်နက်ထုတ်ကုန်တွေတင်ပို့မှုကို အံ့မခန်း တွင်ကျယ်လာအောင် လုပ်ဆောင်နိုင်ကောင်း လုပ်ဆောင်လာနိုင်ပါလိမ့်မယ်။ သို့သော်လည်း နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးရှုထောင့်အရ သုံးသပ်မယ်ဆိုရင်တော့ ဒီအစီအစဉ်ဟာ အိမ်ဖြူတော်က သိပ်ကိုအန္တရာယ်ကြီးတဲ့ အလောင်းအစားတစ်ခုကို ပြုလုပ်လိုက်တာလို့ ဆိုရမှာဖြစ်ပါကြောင်း။ ။

**(ရိုက်တာ)**

# ခေတ်သမိုင်းတစ်လျှောက် မြန်မာ့ရုပ်သံ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ဖွင့်လှစ်ပို့ချခဲ့သည့် စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှုအတတ်ပညာ ဒီပလိုမာသင်တန်း (DCWE)မှ သင်တန်းသားများသည် လက်တွေ့ကွင်းဆင်းခရီးအဖြစ် ကမာရွတ်မြို့နယ်ရှိ မြန်မာ့အသံနှင့် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဦးစီးဌာနသို့ သွားရောက်လေ့လာခဲ့ကြရာ တာဝန်ရှိသူအသီးသီး၏ ရှင်းလင်းပြောကြားချက်များအရ သမိုင်းတစ်လျှောက်ဖြတ်သန်းခဲ့သည့် မြန်မာ့ကနဦး မီဒီယာလုပ်ငန်းအကြောင်းကို လေ့လာသိရှိခွင့်ရရှိခဲ့ကြပါသည်။

**သမိုင်းထဲမှ မြန်မာ့အသံ**

မြန်မာနိုင်ငံ၏ တရားဝင် အသံလွှင့်မီဒီယာလုပ်ငန်းသည် ဗမာ့အသံဟူသည့် အမည်ဖြင့် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ပေါ်ထွန်းခဲ့သည်။ ဗမာ့အသံကို တရားဝင်မထူထောင်မီ စမ်းသပ်ထုတ်လွှင့်မှုများကို ကိုးနှစ်ကြာမျှ ဆောင်ရွက်ခဲ့ရာ ၁၉၃၇ ခုနှစ်က မင်္ဂလာဒုံ ဝါယာလက်မှ ၁၀ ကီလိုဝပ် ဖိလစ် အသံလွှင့်စက်ဖြင့် ပထမဆုံး အသံလွှင့်ခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ဗဟိုကြေးနန်းရုံးသို့လည်းကောင်း၊ ၁၉၄၂ ခုနှစ်တွင် စမ်းချောင်းမြို့နယ် ဖိုက်ချ်လမ်း(ယခု ဗဟိုလမ်း)သို့လည်းကောင်း ပြောင်းရွှေ့အသံလွှင့်ခဲ့သည်။ ထိုအချိန်တွင် ရေကူးအသံလွှင့်ရုံကို စတင်အသုံးပြု၍ ပြည်ပနိုင်ငံများအထိ အသံလွှင့်ခဲ့သည်။ ယင်းနောက် နေရာထိုင်ခင်းပိုမိုကျယ်ဝန်းသည့် ဗဟန်းမြို့နယ် ချင်းချောင်းနန်းတော်သို့ပြောင်းရွှေ့ကာ ဗမာနိုင်ငံလုံးဆိုင်ရာ အသံလွှင့်ဌာန(All Burma Broadcasting Station)ဟု အမည်ပေးခဲ့သည်။ ယင်းနေရာမှတစ်ဖန် ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက် လောင်းဝစ္စလမ်း(အင်းလျားမြိုင်လမ်း)သို့ ပြောင်းရွှေ့၍ ရန်ကုန်ရေဒီယို(Ragoon Radio)အမည်ဖြင့် အသံလွှင့်ခဲ့သည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယိုကို ဗမာ့အသံ(Burma Broadcasting Station)ဟု အမည်ပြောင်း၍ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ အစီအစဉ်များအပြင် ရှမ်းဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာနှင့် ဟိန္ဒူစတန်နီဘာသာများကိုပါ ထုတ်လွှင့်ခဲ့သည်။ ယင်းနေ့ကို ဗမာ့အသံ၏ အသံလွှင့်လုပ်ငန်းများ တရားဝင်စတင်သည့်နေ့ဟု သတ်မှတ်ခဲ့ပြီး အင်္ဂလိပ်ဘာသာပိုင်းအစီအစဉ် ထုတ်လွှင့်နိုင်ရန် မြန်မာနိုင်ငံသား ဝန်ထမ်းများကို ခန့်ထားခဲ့သည်။ ဗမာ့အသံကို မြန်မာ့အသံသမိုင်း မှတ်တမ်းတွင် ဝင်ဒါမီယာအသံလွှင့်ရုံဟုထင်ရှားခဲ့သည့် ဗဟန်းမြို့နယ် ဝင်ဒါမီယာခရက်ဆင့်(ယခု ပန်းဝါလမ်း) အသံလွှင့်ရုံသို့ ပြောင်းရွှေ့ကာ ၁၉၄၈ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် စတင်အသံလွှင့်ခဲ့သည်။

ဝင်ဒါမီယာအသံလွှင့်ရုံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့အတွင်းဝန်များရုံး၌ ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံလွှင့်တင်ခြင်း အခမ်းအနားကို ပထမဆုံး တိုက်ရိုက်အသံလွှင့်ခဲ့သည်။ ဆက်လက်၍ ထိုနေ့နံနက် ၇ နာရီတွင် ဘုရင်ခံအိမ်တော်၌ ကျင်းပသည့် အာဏာလွှဲပြောင်းပွဲ အခမ်းအနားကိုလည်း တိုက်ရိုက်အသံလွှင့်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် ဗမာ့အသံသည် နိုင်ငံတော်အခမ်းအနားများ၊ ပါလီမန်လွှတ်တော် အစည်းအဝေးများ၊ ဘောလုံးပွဲများ စသည့် ပြည်သူများစိတ်ဝင်စားသည့် အကြောင်းအရာများကို အခါအားလျော်စွာ တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

ဗမာ့အသံသည် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများအပြင် နိုင်ငံအတွက် အရေးကြီးသည့် မှတ်တမ်းများကို အသံဖမ်းယူပြီး မှတ်တမ်းဖိုင်များအဖြစ် စုဆောင်းထိန်းသိမ်းခဲ့သဖြင့် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများကို ပြည်သူများ ယနေ့တိုင် ပြန်လည်နားဆင်နိုင်ကြရပေသည်။ ထို့အတူ ရန်ကုန်မြို့ ကမ္ဘာအေး မဟာပါသာနလိုဏ်ဂူတွင် ကျင်းပခဲ့သည့် ဗုဒ္ဓသာသနာသမိုင်းတွင် အလွန်အရေးပါ ထင်ရှားသော ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် မဟာစည်ဆရာတော် ဘဒ္ဒန္တ သောဘဏနှင့် မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသတို့၏ ပိဋကတ်သုံးပုံ အမေးအဖြေပြုလုပ်သည့် အသံများကို မှတ်တမ်းတင်ဖမ်းယူခဲ့ရာ တန်ဖိုးအလွန်ကြီးမားသည့် သမိုင်းမှတ်တမ်းများ ဖြစ်ခဲ့ပေသည်။

**ရေဒီယို ကမာရွတ်**

ဗမာ့အသံ၏ အသံလွှင့်လုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် ၁၉၅၄ ခုနှစ်တွင် အသံလွှင့်ရုံသစ်ကြီးတစ်ခု တည်ဆောက်ရန် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းပေါ်ရှိ ၁၄ ဒသမ ၂၄၃ ဧက ကျယ်ဝန်းသည့် နေရာကို ရွေးချယ်ခဲ့သည်။ ဟံသာဝတီအဝိုင်းအနီး၌ ယနေ့မြင်တွေ့နေရသည့် ယင်းအသံလွှင့်ရုံသစ်ကြီးကို ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့် ရှမ်း တိုင်းရင်းသားကိုယ်စားလှယ်ငါးဦးက ၁၉၅၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အုတ်မြစ်ချ၍ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ရေဒီယို ကမာရွတ်ဟု ထင်ရှားခဲ့သည့် ပြည်လမ်းအသံလွှင့်ရုံသည် ၉၃၇၇၀ စတုရန်းပေကျယ်ဝန်းသည့် နှစ်ထပ်အဆောက်အအုံဖြစ်ကာ အောက်ထပ်တွင် အသံလွှင့်ခြင်းဆိုင်ရာ အခန်းများနှင့် ခေတ်ပြားတိုက်တို့ကို ဖွဲ့စည်းထားရှိ၍ အပေါ်ထပ်တွင် ရုံးခန်းများ၊ အစည်းဝေးခန်းများနှင့် စာကြည့်တိုက်တို့ တည်ရှိသည်။ ကမာရွတ်အသံလွှင့်ရုံကို မဖွင့်လှစ်မီ ၁၉၅၈ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဗမာ့အသံဟူသည့် အမည်ကို မြန်မာ့အသံဟု ပြောင်းလဲခဲ့သည်။ မြန်မာ့အသံမှ တင်ဆက်မှုများကို မြန်မာတစ်နိုင်ငံလုံးသို့ထုတ်လွှင့်နိုင်ရန် ကမ္ဘာအေး ရေကူး ဘုတာအနီးရှိ ဧက ၅၅၀ ကျယ်ဝန်းသည့် မြေနေရာတွင် အသံလွှင့်စက်ရုံတစ်ခုကို တည်ဆောက်ခဲ့သည်။ ယင်းအသံလွှင့်စက်ရုံကို ၁၉၅၇ ခုနှစ် ဧပြီ ၁ ရက်တွင် ဖွင့်လှစ်ခဲ့ရာ ရေကူးအသံလွှင့်ရုံဟု ထင်ရှားခဲ့သည်။ ကမာရွတ် မြန်မာ့အသံမှ ထုတ်လွှင့်သည့်အသံများကို ရေကူးအသံလွှင့်ရုံမှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ရောက်ရှိစေခဲ့သည်။

ကမာရွတ် မြန်မာ့အသံကို ဖွင့်လှစ်ခဲ့သည့်နေ့မှာပင် မြန်မာပိုင်း၊ အင်္ဂလိပ်ပိုင်းနှင့် တိုင်းရင်းသား ဘာသာအစီအစဉ်များကို ထုတ်လွှင့်ခဲ့သည်။ စတင်ထုတ်လွှင့်စဉ်က နံနက် ၇ နာရီမှ ၉ နာရီအထိတစ်ကြိမ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီ အထိ တစ်ကြိမ်၊ ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိတစ်ကြိမ်ဖြင့် တစ်နေ့လျှင် သုံးကြိမ် ထုတ်လွှင့်ခဲ့သည်။ မြန်မာစံတော်ချိန် သတ်မှတ်ချက်ကို နံနက် ၈ နာရီ၊ မွန်းတည့် ၁၂ နာရီနှင့် ည ၈ နာရီတို့တွင် ထုတ်လွှင့်ပေးခဲ့ရာ ယင်းအချိန်များတွင် စံတော်ချိန်တီးသံကို ယနေ့တိုင် ကြားနေရဆဲဖြစ်ပေသည်။

မြန်မာ့အသံသည် နားဆင်သူပြည်သူများအတွက် အစီအစဉ်ကောင်းများကို ဖန်တီးထုတ်လွှင့်ခဲ့ရာ ဘဝကြေးမုံဇာတ်လမ်းစုံ၊ ဇာတ်လမ်းပမာ နားဆင်စရာ၊ ရေဒီယို အသံလွှင့်ဇာတ်လမ်း၊ ပုံပြင်လက်ဆောင်၊ သီရိဂေဟာ၊ မြန်မာ့အစာနှင့် အာဟာရ၊ သောတရှင်အတွက် ပြန်ကြားချက်၊ သီချင်းပဟေဠိ စသည့် အစီအစဉ်ကောင်းများစွာတို့ကို နားဆင်သူများ နှစ်သက်သဘောကျခဲ့ကြသည်။

ကမာရွတ်မြို့နယ် ပြည်လမ်းအသံလွှင့်ရုံသည် ၁၉၆၀ ပြည့်နှစ်မှစ၍ ၂၀၀၈ ခုနှစ်အထိ အသံလွှင့်လုပ်ငန်းများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းများကို နေ့စဉ်ဆောင်ရွက်ခဲ့သည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို နေပြည်တော်သို့ပြောင်းရွှေ့ခဲ့ပြီးနောက် ကမာရွတ်မြန်မာ့အသံမှ မန္တလေး FM နှင့် ရွှေ FM ရေဒီယို ထုတ်လွှင့်မှုများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဖော်အဲဗားတို့ ပူးပေါင်းဆောင်ရွက်သည့် MRTV 4 အစီအစဉ် ထုတ်လွှင့်မှုများကို အဓိက ဆောင်ရွက်လျက်ရှိသည်။ ယခုအခါတွင် ရုပ်သံလိုင်းပေါင်း ၁၄ လိုင်းအထိ ထုတ်လွှင့်လျက်ရှိသည်။



**ဗမာ့အသံသည် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများအပြင် နိုင်ငံအတွက်အရေးကြီးသည့် မှတ်တမ်းများကို အသံဖမ်းယူပြီး မှတ်တမ်းဖိုင်များအဖြစ် စုဆောင်းထိန်းသိမ်းခဲ့သဖြင့် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများကို ပြည်သူများ ယနေ့တိုင် ပြန်လည်နားဆင်နိုင်ကြရပေသည်။ ထို့အတူ ရန်ကုန်မြို့ ကမ္ဘာအေး မဟာပါသာနလိုဏ်ဂူတွင် ကျင်းပခဲ့သည့် ဗုဒ္ဓသာသနာသမိုင်းတွင် အလွန်အရေးပါ ထင်ရှားသော ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် မဟာစည်ဆရာတော် ဘဒ္ဒန္တ သောဘဏနှင့် မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသတို့၏ ပိဋကတ်သုံးပုံ အမေးအဖြေပြုလုပ်သည့် အသံများကို မှတ်တမ်းတင်ဖမ်းယူခဲ့ရာ တန်ဖိုးအလွန်ကြီးမားသည့် သမိုင်းမှတ်တမ်းများ ဖြစ်ခဲ့ပေသည်**

**ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန**

၁၉၇၂ ခုနှစ်တွင် မြန်မာ့အသံကို ပြန်ကြားရေးဌာနခွဲနှင့် ပူးပေါင်း၍ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနဟု တိုးချဲ့ဖွဲ့စည်းခဲ့ကာ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ကချင်၊ ကယား၊ စကောကရင်၊ ပိုးကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည့် တိုင်းရင်းသားဘာသာ ရှစ်မျိုးဖြင့် အစီအစဉ်တစ်ခုလျှင် မိနစ် ၃၀ စီ ထုတ်လွှင့်ခဲ့သည်။

မြန်မာ့အသံသည် ၂၀၀၁ ခုနှစ်တွင် ရန်ကုန်မြို့တော်အသံလွှင့်ဌာန(Yangon City FM) က အသံထုတ်လွှင့်ချိန်အထိ တစ်ခုတည်းသော နိုင်ငံပိုင်အသံလွှင့်ဌာနအဖြစ် ရပ်တည်ခဲ့သည်။ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနသည် ပုံမှန်အသံလွှင့်ခြင်းလုပ်ငန်းအပြင် ရောင်စုံရုပ်မြင်သံကြားအစီအစဉ်များကို ၁၉၈၀ ပြည့်နှစ် ဇွန် ၃ ရက်တွင် စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှစ၍ နေ့စဉ် တစ်ရက်လျှင် နှစ်နာရီ ပုံမှန်ထုတ်လွှင့်ခဲ့သည်။ နောက်ပိုင်းတွင် ထုတ်လွှင့်ချိန်ကို တိုးမြှင့်ခဲ့ရာ ယခုအချိန်တွင် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို နံနက် ၆ နာရီမှ ည ၁၀ နာရီခွဲအထိ ကြည့်ရှုနိုင်ကြပေသည်။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလမှစ၍ မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များတွင် စီးပွားရေးကြော်ငြာများကို သတ်မှတ်နှုန်းထားများကောက်ယူ၍ ထုတ်လွှင့်ပေးခဲ့သည်။

၁၉၉၁ ခုနှစ်တွင် အသံနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနကို မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနဟု ပြောင်းလဲဖွဲ့စည်းခဲ့ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)ဟူသည့် အမည်ကို ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ စတင် အသုံးပြုခဲ့သည်။

**နေပြည်တော်သို့**


မြန်မာနိုင်ငံ၏ မြို့တော်သစ်ကို နေပြည်တော်တွင် ထူထောင်ခဲ့ပြီးနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို နေပြည်တော် တပ်ကုန်းသို့ ရွှေ့ပြောင်း၍ အသံနှင့် ရုပ်မြင်သံကြားလွှင့်မှုများကို ၂၀၀၈ ခုနှစ် မတ် ၁၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်ထပ်အဆောက်အအုံတွင် အသံဖမ်းခြင်း၊ အသံလွှင့်ခြင်းနှင့် ရိုက်ကူးခြင်း စတူဒီယိုများအပြင် ပွဲကြည့်စင်ပါရှိသည့် စုဝေးခန်းမကြီး၊ အစည်းအဝေးခန်းမများ၊ သင်တန်းခန်းမများ၊ စားရိပ်သာများ၊ ညှိနှိုင်းခန်းများ၊ ရုံးခန်းများကို ပြည့်စုံစွာ မြင်တွေ့ခဲ့ကြရသည်။ နေပြည်တော်အသံလွှင့်ရုံ၏ အနောက်ဘက် နှစ်မိုင်အကွာတွင် အသံလွှင့်စက်ရုံ အမှတ်(၁)နှင့် ခြောက်မိုင်အကွာတွင် အသံလွှင့်စက်ရုံ အမှတ်(၂)တို့ကို တည်ဆောက်ထားသည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် စတင်ထုတ်လွှင့်ခဲ့သည့် ပိတောက်မြေ အသံလွှင့်အစီအစဉ်များကို ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်တွင် ဖျက်သိမ်းခဲ့သည်။ ပြည်သူလူထုအခြေပြု အသံလွှင့်လုပ်ငန်းအဖြစ် မြန်မာ့အသံ၏ အသံလွှင့်ချိန်များကို တိုးမြှင့်ခဲ့ရာ ယခုအခါတွင် မြန်မာ့အသံရေဒီယိုကို နံနက် ၅ နာရီမှ ည ၁၁ နာရီအထိ နားဆင်နိုင်ကြပြီဖြစ်သည်။ တိုင်းရင်းသားဘာသာ အသံလွှင့်အစီအစဉ်များကိုလည်း ဘာသာစကား ၁၇ မျိုးဖြင့် ထုတ်လွှင့်လျက်ရှိနေသည်။

ရုပ်မြင်သံကြားထုတ်လွှင့်မှုတွင်လည်း ထပ်ဆင့်ထုတ်လွှင့်စက်ရုံ ၁၄၅ ရုံစက်တပ်ဆင်ထားသဖြင့် မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုများကို တစ်နိုင်ငံလုံး လူဦးရေ၏ ၉၀ ရာခိုင်နှုန်းနီးပါး ကြည့်ရှုနိုင်ကြပြီဖြစ်သည်။ မြန်မာ့ရုပ်မြင်သံကြားက အခါအားလျော်စွာ တိုက်ရိုက် ထုတ်လွှင့်ပြသသော နိုင်ငံတော်အခမ်းအနားများ၊ ပြည်တွင်းပြည်ပအားကစားပွဲများကို ကြည့်ရှုသူများ နှစ်ခြိုက်ခဲ့ကြပေသည်။

နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံ အပေါ်ထပ်တွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ ပစ္စည်းများကို မှန်ဗီရိုများဖြင့် ခင်းကျင်းပြသထားရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သမိုင်းကြောင်း ပုံရိပ်များကို လေ့လာနိုင်ကြသည်။

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ဟူသည့် ဦးတည်ချက်များဖြင့် ပြည်သူများအား နေ့စဉ်တင်ဆက်ပေးနေသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်များသည် နားဆင် ကြည့်ရှုသူ ပြည်သူများ၏ နှစ်ခြိုက်မှုကိုရရှိခဲ့ကာ အရှိန်အဟုန်ဖြင့် ခရီးနှင်နေဆဲဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော အသံလွှင့်မီဒီယာတစ်ခုအဖြစ် လွန်ခဲ့သော နှစ် ၇၀ က ပေါ်ထွန်းခဲ့သည့် မြန်မာ့အသံနှင့် လွန်ခဲ့သော ၃၇ နှစ်က ထွက်ပေါ်ခဲ့သည့် မြန်မာ့ရုပ်မြင်သံကြားတို့သည် ခေတ်ရေစီးနှင့်အတူ ပြည်သူများ၏အကျိုးကို ဆက်လက်သယ်ပိုးနိုင်ပါစေကြောင်း လေ့လာရေးသင်တန်းသားများက ဆန္ဒပြုခဲ့ကြပါသည်။ ။



**ကိုးကား**

(၁) လေ့လာရေးခရီး မှတ်စုများ
(၂) နှစ် ၆၀ ပြည့် မြန်မာ့အသံမဂ္ဂဇင်း (၂၀၀၆)
(၃) မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၂၀၁၇)

# မှုခင်းသတင်းတိုများ

## မြသလွန်ဘုရားပွဲအတွင်း ဓားကိုင်ဆောင်သူအား ဖမ်းဆီးအရေးယူ

မကွေးမြို့မြသလွန်ဘုရားပွဲတော် ပွဲဈေးအတွင်း ဓားကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား အောက်တိုဘာ ၆ ရက်က ဖမ်းဆီးအရေးယူခဲ့ကြောင်း မကွေးမြို့မရဲစခန်းမှ သိရသည်။ မြသလွန်ဘုရားပွဲတော်ရဲကင်းမှူး ရဲအုပ်အောင်ခိုင်စိုးနှင့် တပ်ဖွဲ့ဝင်များက ဘုရားပွဲဈေးအတွင်း လှည့်ကင်းလုံခြုံရေးဆောင်ရွက်နေစဉ် ပွဲဈေးအတွင်းရှိ စိန်နှင့်မြ ပင်လယ်ဓားပြအပျော်စီးလှေရှေ့၌ မသင်္ကာဖွယ်တွေ့ရှိသူ အုန်းတွဲကျေးရွာနေ မျိုးနိုင်ဝင်း(၁၉ နှစ်)အား စစ်ဆေးရာ ၄င်းထံမှ အရိုး သုံးလက်မ၊ အသွား ငါးလက်မခန့်ရှိ စတီးဓားဦးချွန်တစ်ချောင်း စစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ်အောင်ခိုင်စိုးက တရားလိုပြုလုပ်ကာ မျိုးနိုင်ဝင်းအား အရေးယူပေးရန် မကွေးမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

## အရွယ်မရောက်သေးသူကို ခိုးယူပေါင်းသင်း၍ အမှုဖွင့်တိုင်ကြား

မကွေးမြို့နယ်နေ အမျိုးသားတစ်ဦးက အရွယ်မရောက်သေးသောမိန်းကလေးတစ်ဦးအား ခိုးယူပေါင်းသင်း၍ ဖခင်ဖြစ်သူက အောက်တိုဘာ(၆)ရက်တွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။ ကန်ပြား(အရှေ့)ကျေးရွာနေ ဦးထွန်းနိုင်၏သမီးဖြစ်သူ မ----(၁၃ နှစ်)မှာ အလုပ်ရှာရန် စက်တင်ဘာ ၁၆ ရက်က မကွေးမြို့သို့ သွားရောက်ခဲ့ပြီး နေအိမ်သို့ပြန်လည်ရောက်ရှိမလာ၍ ဖခင်ဖြစ်သူက မကွေးနယ်မြေရဲစခန်း၌ လူပျောက်တိုင်ကြားခဲ့ကြောင်း၊ စက်တင်ဘာ ၂၇ ရက်တွင် သမီးဖြစ်သူ မ----နှင့် ဖုန်းအဆက်အသွယ်ရရှိပြီး မ----အား ထွန်းခိုင်(၂၂ နှစ်)ဆိုသူက မုံရွာမြို့နယ် ရွှေသမင်ကျေးရွာသို့ ခိုးယူသွားပြီး ပေါင်းသင်းနေထိုင်ကြောင်း သိရသဖြင့် အောက်တိုဘာ ၅ ရက်တွင် သွားရောက်စည်းရုံးခေါ်ဆောင်ခဲ့ကာ အရွယ်မရောက်သေးသော သမီးဖြစ်သူအား ခိုးယူသွားသူ ထွန်းခိုင်အား အရေးယူပေးရန် ဖခင်ဖြစ်သူက မကွေးနယ်မြေရဲစခန်း၌ အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျ**

## ဘိန်းမည်းနှင့် WY စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် နမ္မားကျေးရွာအနီး တောအတွင်းမှ မူးယစ်ဆေးဝါးများ အောက်တိုဘာ ၇ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ပင်လည်ဘူးမြို့နယ် မြေလင်းရဲကင်းစခန်းမှူး ရဲအုပ်ထွန်းသာဝေနှင့် ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ နမ္မားကျေးရွာအနီးရှိ တောအတွင်း မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ကျော်ဆန်းဝင်းနှင့် ပေါ်ချောတို့နှစ်ဦးအား ဘိန်းမည်း ၁၁ ဂရမ်နှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅ ပြားနှင့်အတူ ဖမ်းမိခဲ့၍ ၎င်းတို့နှစ်ဦးအား မြေလင်း ရဲကင်းစခန်း၌ ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။
**လူအောင်(ကသာ)**

## ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ အမျိုးသမီးတစ်ဦးသေဆုံး

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် လှိုင်းဘွဲ့-ပိုင်ကျုံလမ်းတွင် အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံးမှု အောက်တိုဘာ ၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ သတင်းအရ ပိုင်ကျုံနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဝင်းမြင့်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ပြုတ်ကျသူမှာ ဒေါ်ရီအေး(၅၂နှစ်)ဖြစ်ကြောင်း၊ အောက်တိုဘာ ၆ ရက် နေ့လယ်ပိုင်းက လှိုင်းဘွဲ့ကားဂိတ်မှ ပိုင်ကျုံမြို့အမှတ်(၅)ရပ်ကွက်သို့ သွားရောက်မည့် ခရီးသည်သုံးဦးအား ဖြိုးလင်း(ခ)ဇင်ဘို မောင်းနှင်သည့်ဆိုင်ကယ်ဖြင့် တင်ဆောင်မောင်းနှင်လာစဉ် ဒေါ်ရီအေးမှာ ဆယ်မိုင်ကုန်းတံတားအနီး၌ ပြုတ်ကျ၍ ဒဏ်ရာများရရှိကာ ပိုင်ကျုံတိုက်နယ်ဆေးရုံသို့ တင်ပို့ခဲ့ပြီး ထိုမှတစ်ဆင့်ဘားအံဆေးရုံကြီးသို့ ယင်းနေ့ညနေပိုင်းက လွှဲပြောင်းပို့အပ်ကုသစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းသူ ဖြိုးလင်း(ခ)ဇင်ဘိုအား ပိုင်ကျုံနယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ငါးရှာသူချင်း စကားများရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်ပွား

ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဂျုံးဂျုံးကျတူးမြောင်းဘေး၌ အောက်တိုဘာ ၅ ရက် ညပိုင်းက ငါးရှာသူချင်း စကားများရန်ဖြစ်ပြီး ဓားခုတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရွှေလှေကြီးရွာနေ ကိုကျော်ခိုင်နှင့် အတူငါးရှာနေသူ စိုးငြိမ်းအောင်တို့မှာ ငါးရှာပြီးနောက် ငါးများပြုတ်နေစဉ် တစ်ဦးနှင့်တစ်ဦး စနောက်ရာမှ စကားများ ရန်ဖြစ်ပြီး စိုးငြိမ်းအောင်က ကိုကျော်ခိုင်အား ဓားမဖြင့် နှစ်ချက်ဆက်ခုတ်ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့၍ ကိုကျော်ခိုင်က ကျောင်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့်တိုင်တန်းခဲ့ခြင်းဖြစ်ကာ ဓားဖြင့်ခုတ်သူ စိုးငြိမ်းအောင်အား အောက်တိုဘာ ၆ ရက်တွင် ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# သမဝါယမ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ပုသိမ် အောက်တိုဘာ ၉**
ရေဝတီတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို စက်တင်ဘာ တတိယပတ်အတွင်းက ပုသိမ်မြို့ သမဝါယမသင်တန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးသမဝါယမ ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မင်းက သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဉာဏ်ဝင်းမောင်က သမဝါယမကဏ္ဍနှင့်သက်ဆိုင်သည့် လက်ရှိဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၆ ခုမှ ဦးစီးအရာရှိများ၊ မြို့နယ်သမဝါယမအဖွဲ့မှ အသင်းစုချုပ်ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ သမဝါယမသင်တန်းကျောင်းမှ ကျောင်းအုပ်နှင့်နည်းပြများ တက်ရောက်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# မြန်မာနှင့် ထိုင်း နှစ်နိုင်ငံပူးပေါင်း၍ လူကုန်ကူးမှုအကြောင်း အသိပညာပေးဟောပြော

**တာချီလိတ် အောက်တိုဘာ ၉**
ပြည်သူလူထုအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများပါ ပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် နယ်စပ်ထွက်ပေါက်များမှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများနှင့် ဒေသခံပြည်သူများ လူကုန်ကူးခြင်းမခံရစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ New Light Center အဖွဲ့တို့ ပူးပေါင်းပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဟာကြားကျေးရွာရှိ အာခါနှစ်ခြင်း ဘုရားရှိခိုးကျောင်း၌ အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(တာချီလိတ်) တပ်ဖွဲ့စိတ်မှူး ရဲမှူးရင်ရင်အေးက လူကုန်ကူးဥပဒေ ပေါ်ပေါက်လာပုံ၊ လူကုန်ကူးအဓိပ္ပာယ်နှင့် လူမှောင်ခိုအဓိပ္ပာယ် ခြားနားချက်၊ ကလေးသူငယ်ဥပဒေ ပေါ်ပေါက်လာပုံနှင့် ရပိုင်ခွင့်အခွင့်အရေးများ၊ အမျိုးသမီးအကြမ်းဖက်မှုနှင့် အရွယ်မရောက်သေးသူအမျိုးသမီးငယ်များအား လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရသည့် ဖြစ်စဉ်များ စသည်တို့ကို ပညာပေးဟောပြောပြီး ဆိုင်ဆိုင်း(ခ) ရပ်ကွက် ရှမ်းရိုးမကွင်းတွင် မြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးနေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရဲအုပ်လုဘုန်းက လူကုန်ကူးနှင့် လူမှောင်ခို ကွဲပြားခြားနားချက်ကို ဖော်ထုတ်ခဲ့သော မှုခင်းဖြစ်စဉ်များ အပေါ်မူတည်၍လည်းကောင်း၊ ကလေးသူငယ်များ အကြမ်းဖက်ခံရမှု ဖြစ်စဉ်များကိုလည်းကောင်း၊ မြန်မာနှင့် ထိုင်း နှစ်နိုင်ငံပူးပေါင်းဖော်ထုတ်ခဲ့သည့် မှုခင်းဖြစ်စဉ်များကိုလည်းကောင်း အသေးစိတ်ရှင်းလင်းပြီး ထိုင်းနိုင်ငံ New Light Center မှ မန်နေဂျာ မနာရာက ထိုင်းနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော လူကုန်ကူးမှုဖြစ်စဉ်များကို ရှင်းလင်းပြောကြားကာ ဟောပြောပွဲတက်ရောက်လာသူများအား လူကုန်ကူးမှု အသိပညာပေး လက်ကမ်းစာစောင်များနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ဖြန့်ဝေပေးအပ်ခဲ့သည်။ ဟောပြောပွဲသို့ မိုင်းကိုးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ခြောက်ရွာမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

တာချီလိတ်မြို့ဆိုင်ဆိုင်း(ခ)ရပ်ကွက် ရှမ်းရိုးမကွင်းတွင် မြန်မာနိုင်ငံကူး လက်မှတ်များ ထုတ်ပေးရာတွင် အလည်အပတ်(PV)၊ သဘော်သား(PS)၊ စီးပွားရေး(PB)၊ ပညာရေး(PE)၊ အလုပ် အကိုင်(PJ)၊ ဘာသာရေး(PR)၊ မှီခို(PD) စသည့် နိုင်ငံကူးလက်မှတ် အမျိုးအစားများ ထုတ်ပေးလျက်ရှိကြောင်း ဟောပြောပွဲတွင် တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# အရည်အသွေးမြင့်ပဲတီစိမ်းထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ထိုးဖောက်ရေး ဆွေးနွေး

**သုံးခွ အောက်တိုဘာ ၉**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းမှ ပဲစိုက်ပျိုးသည့်တောင်သူများအား အရည်အသွေးမြင့်ပဲတီစိမ်းများ ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ထိုးဖောက်နိုင်ရေး အသိပေးရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ ကံမြင့်ကျေးရွာအုပ်စု တဲပိုင်းကြီးကျေးရွာ သံသရာအေးဓမ္မာရုံ၌ စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးရွှေဖြူက ပဲတီစိမ်းစိုက်တောင်သူများအနေဖြင့် ပဲတီစိမ်း စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ အရည်အသွေးမြင့်ပဲတီစိမ်းများ ထုပ်လုပ်နိုင်ရေးနှင့် ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် သတင်းအချက်အလက်များ၊ နည်းပညာများ လွယ်ကူလျင်မြန်စွာရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း ဆောင်ရွက်၍မရသည့် လုပ်ငန်းများကို အစုအဖွဲ့ဖြင့် ဆောင်ရွက်ကြရေးတို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပျဉ်းမကန်ကျေးရွာနေ တောင်သူ ကိုယ်စားလှယ် ဦးရဲမြင့်က GAP ကိစ္စရပ်များအကြောင်းကို ဆွေးနွေးကာ ပဲစိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးသိန်းကျော်က တောင်သူအစုအဖွဲ့ ဖွဲ့စည်းပြီး ပဲများကို ရောင်းချရာတွင် အစုအဖွဲ့လိုက် စုပေါင်းရောင်းချခြင်း၊ စိုက်ခင်းများအတွက် ဆေးများ ဝယ်ယူရာတွင်လည်း အစုအဖွဲ့လိုက် ဝယ်ယူကြခြင်းဖြင့် တောင်သူများအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်လာကြသော ကံမြင့်ကျေးရွာ၊ တဲပိုင်းကြီးကျေးရွာ၊ ပျဉ်းမကန်ကျေးရွာ၊ ကျားဝင်းကျေးရွာ၊ ကွန်းမိုးဒိန်းကျေးရွာ၊ ကန်မြောင်ကျေးရွာ၊ ကရင်ဆိပ်ကျေးရွာနှင့် စစ်ပင်ကွင်းကျေးရွာတို့မှ ပဲစိုက်တောင်သူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **ကြည်စိုးလွင်(သုံးခွ)**

# ကျောင်းပေါင်းစုံ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် အကောင်းဆုံးရွတ်ဆိုမှု ရွေးချယ်ပွဲကျင်းပ

**သထုံ အောက်တိုဘာ ၉**
မွန်ပြည်နယ် သထုံမြို့ရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ မြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်ရွတ်ဆိုမှု အကောင်းဆုံးရွေးချယ်ပွဲကို အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



ကျောင်းသား ကျောင်းသူများ ယဉ်ကျေးသိမ်မွေ့ပြီး ဘာသာတရားကို ရိုသေမြတ်နိုးသူများ ဖြစ်လာစေရန်အတွက် မြို့နယ်ပညာရေးမိသားစုနှင့် မြို့နယ်သာသနာ့နုဂ္ဂဟအသင်းတို့ ပူးပေါင်းကာ မော်လမြိုင်မြို့နေ ဦးခင်ဝင်းမိသားစု၏ ထောက်ပံ့လှူဒါန်းမှုဖြင့် ကျောင်းပေါင်းစုံ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်ရွတ်ဆိုမှု အကောင်းဆုံးရွေးချယ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း မြို့နယ်သာသနာ့နုဂ္ဂဟအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖွင့်ပွဲတွင် သထုံမြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မဟာအောင်မြေရွှေဘုံကျောင်း ဆရာတော်က ဩဝါဒစကား မြွက်ကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ဆန်းနှင့် မြို့နယ်သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းဦးတို့က ရွေးချယ်ပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ ဆက်လက်၍ ကျောင်းသားကျောင်းသူများက ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်များကို အသင်းလိုက် ရွတ်ဆိုယှဉ်ပြိုင်ကြသည်။

အဆိုပါ ရွေးချယ်ပွဲတွင် သထုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ကိုးကျောင်း၊ အထက်တန်းကျောင်း(ခွဲ) သုံးကျောင်းနှင့် အလယ်တန်းကျောင်း သုံးကျောင်းတို့မှ အဖွဲ့ပေါင်း ၂၂ ဖွဲ့တို့က ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဆိုယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကောင်းဆုံးရွတ်ဆိုနိုင်သည့်ကျောင်းကို အောက်တိုဘာ ၁၂ ရက်တွင် ရွေးချယ်ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**ငါန်းဇွန် အောက်တိုဘာ ၉**
မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် လက်ပန်ကျင်းတောင်ကျေးရွာ၌ ဖွင့်လှစ်ထားသည့် လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ကိုယ့်အားကိုယ်ကိုး အမေ့ရင်ခွင်မူလတန်းကြိုကျောင်း၌ ရတနာပြည့်ကျောင်းဆောင်သစ် ဖွင့်ပွဲကို အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်နှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရတနာပြည့်ကျောင်းဆောင်အတွင်း၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်နှင့် ညွှန်ကြားရေးမှူး ဦးကျော်ဝင်းတို့က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာများ အသီးသီး ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနမှ တာဝန်ရှိသူများက ကိုယ့်အားကိုယ်ကိုး အမေ့ရင်ခွင်မူလတန်းကြိုကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကို တာဝန်ခံဆရာမကြီးထံ ပေးအပ်ကာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **သက်နောင်ဦး(ငါန်းဇွန်)**

# သဘာဝဘေးအန္တရာယ်ဆိုးများကြောင့် ထိခိုက်ခံစားရမှုများ လျော့နည်းကျဆင်းစေဖို့

မယု(စက်မှု)

ယနေ့ ကမ္ဘာပေါ်တွင် တစ်ရိပ်ရိပ် တိုးပွားလာသည့် လူဦးရေနှင့်အတူ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်း၊ တိုးတက်လာသည့် နည်းပညာရပ်များဖြစ်သည့် စက်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ထွန်းကားလာခြင်းတို့ကြောင့် လေထုအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့များ အဆမတန်များပြားခဲ့ပြီး ရာသီပြောင်းလဲဖောက်ပြန်မှု ဖြစ်စဉ်များကြောင့် ကမ္ဘာကြီး ပူနွေးလာကာ သဘာဝဘေးအန္တရာယ် ကျရောက်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြား ပြင်းထန်လာသည်မှာ လူတိုင်း မျက်မြင်ကြုံတွေ့နေကြရပြီဖြစ်သည်။

**သဘာဝဘေးအန္တရာယ် ဆိုသည်မှာ**

သဘာဝဘေးအန္တရာယ်(Disaster)ဆိုသည်မှာ ရပ်ရွာတစ်ခု သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်၏ လုပ်ငန်းလည်ပတ်မှုကို အကြီးအကျယ်ထိခိုက်ပျက်စီးပြီး အသက်အိုးအိမ်စည်းစိမ်၊ စီးပွားရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင် ဆုံးရှုံးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခြင်းကို ဆိုလိုပါသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်သည် နေရာဒေသ၊ အချိန်မရွေး၊ ဆင်းရဲချမ်းသာ ခွဲခြားခြင်းမရှိဘဲ အရာအားလုံးအပေါ် တစ်ပြေးညီကျရောက်နိုင်ပြီး နိုင်ငံအသီးသီး၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ကို များစွာနှောင့်နှေးစေမည်ဖြစ်သဖြင့် သဘာဝဘေးလျော့ပါးရေး အစီအမံများကို ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူသားတိုင်းက အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်သည်။

**အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ ဖြစ်ပေါ်လာပုံ**

သဘာဝဘေးများ လျော့ပါးလာစေရေးအတွက် ဘေးအန္တရာယ်ကျရောက်ပါက ထိခိုက်မှု နည်းနိုင်သလောက် နည်းပါးနိုင်စေရန်၊ ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်၍ အစီအမံများ ဆောင်ရွက်ထားရှိနိုင်ရေးအတွက် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အမှတ်(၄၄/၂၃၆)အရ နှစ်စဉ် အောက်တိုဘာ ၁၃ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ဟု ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သော နိုင်ငံတကာ သဘာဝဘေးလျော့ပါးရေး မဟာဗျူဟာဌာန(The United Nations Office for Disaster Risk Reduction) က သတ်မှတ်ပေးခဲ့ပါသည်။

**ယိုဂိုမူဘောင်(၂၀၀၅-၂၀၁၅)နှင့် ဆန်ဒိုင်းမူဘောင်(၂၀၁၅-၂၀၃၀)**

ဂျပန်နိုင်ငံ ကိုဘေးမြို့တွင် ၂၀၀၅ ခုနှစ် ဇန်နဝါရီလက ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှတစ်ဆင့် ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစဉ်များအတွက် သဘာဝဘေးဒဏ် ကြံ့ခံနိုင်သည့် လူဘောင်အသိုင်းအဝန်း (Hyogo Framework for Action 2005-2015)တစ်ရပ် ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်လာရေး ယိုဂိုမူဘောင် ဦးစားပေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ခဲ့သည်။ ယိုဂိုမူဘောင်သည် ၂၀၁၅ ခုနှစ်တွင် ပြီးဆုံးခဲ့ပြီး ၂၀၁၅ ခုနှစ် ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့တွင်ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် ကုလသမဂ္ဂ သဘာဝဘေးအန္တရာယ်လျော့ပါးရေး ညီလာခံကြီးမှတစ်ဆင့် ဆန်းဒိုင်းမူဘောင် (၂၀၁၅-၂၀၃၀)ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

ဆန်ဒိုင်းမူဘောင်တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေများကို သိမြင်နားလည်ခြင်း၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေခြင်း၊ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစဉ်များအပေါ် ပိုမိုရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်း၊ ထိရောက်သောတုံ့ပြန်မှု ဆောင်ရွက်ရေးအတွက် သဘာဝဘေးကြိုတင်ပြင်ဆင်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ရေး စသည့်လုပ်ငန်းစဉ်များ ပါဝင်ပြီး အဓိကမျှော်မှန်းချက်များအနေဖြင့် ကမ္ဘာ့သူ ကမ္ဘာ့သားများ သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးမှုနှုန်း၊ ထိခိုက်ခံစားမှုနှုန်း၊ စီးပွားရေးအရ ထိခိုက်မှုနှုန်း၊ ကျန်းမာရေး၊ ပညာရေး အခြေခံအဆောက်အအုံများ ထိခိုက်မှုနှုန်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ခံစားမှုနှုန်းများ ကျဆင်းစေရန်စသည့် Target ခုနစ်ခုဖြင့် ရည်ရွယ်သတ်မှတ်ခဲ့သည်။

**သဘာဝဘေးလျော့ပါးရေးနေ့ ဆောင်ပုဒ်များနှင့် ဦးတည်ချက်များ**

နိုင်ငံတကာ သဘာဝဘေးလျော့ပါးရေး မဟာဗျူဟာဌာနသည် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ (IDDR)အခမ်းအနား၏ ဆောင်ပုဒ်များအရ ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်ဘေးအန္တရာယ် ထိခိုက်ခံစားရလွယ်သော လူ့အဖွဲ့အစည်းများကို ဦးတည်အုပ်စုအဖြစ် အလေးထား၍ တစ်နှစ်ချင်းစီ အလှည့်ကျ သတ်မှတ်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် ကလေးသူငယ်များနှင့် ငယ်ရွယ်နုပျိုသူများ၊ ၂၀၁၂ ခုနှစ်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၊ ၂၀၁၃ ခုနှစ်တွင် မသန်စွမ်းသူများ၊ ၂၀၁၄ ခုနှစ်တွင် သက်ကြီးရွယ်အိုများအတွက်စသည်ဖြင့် ရွေးချယ်သတ်မှတ်ပေးခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပြည်သူလူထုအတွက် သဘောဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ ဗဟုသုတများ ရရှိထားပါက ဘဝတစ်သက်တာ စိတ်ချမ်းမြေ့စွာနေထိုင်နိုင်မည်ဖြစ်ကြောင်း ရည်ရွယ်သတ်မှတ်ခဲ့သည်။

၂၀၁၆ ခုနှစ်မှ စ၍ ဆန်ဒိုင်းမူဘောင် Target (၇)ချက်ကို 7 Targets 7 Years ဟူသည့်အတိုင်း တစ်နှစ်လျှင် Target တစ်ခုစီ အကောင်အထည်ဖော်ရန် ဦးတည်ထားသည်။ ၂၀၁၆ ခုနှစ်တွင် သဘာဝကြောင့်ဖြစ်ပွားသည့် ဘေးအန္တရာယ် များနှင့် လူတို့၏ပြုမူလုပ်ဆောင်ချက်များကြောင့်ဖြစ်ပွားသည့် ဘေးအန္တရာယ် များကြောင့် ၂၀၂၀-၂၀၃၀ ဆယ်စုနှစ်တွင် ၂၀၀၅-၂၀၁၅ ဆယ်စုနှစ်ထက် ကမ္ဘာလုံးဆိုင်ရာ သေဆုံးမှုနှုန်း အများအပြားကျဆင်းစေရန် ရည်မှန်းချက်ထားဆောင် ရွက်ခဲ့သည်။ ယခုနှစ် ၂၀၁၇ ခုနှစ်တွင် ဆန်ဒိုင်းမူဘောင်၏ Traget တစ်ခုဖြစ်သည့် ၂၀၃၀ ခုနှစ်တွင် သဘာဝဘေးကြောင့် ထိခိုက်ခံစားမှုနှုန်း ကျဆင်းလာစေရန် မီးမောင်းထိုး ဦးတည်သတ်မှတ်ပေးခဲ့သည်။



၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံတွင် ဆူနာမီရေလှိုင်းများကြောင့် ပျက်စီးခဲ့သည့်အဆောက်အအုံများကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဝီကီပီးဒီးယား)

**မြန်မာနိုင်ငံတွင် သဘာဝဘေးအပေါ် ဂရုစိုက်အလေးထားမှု နည်းပါးခြင်း၊ သဘာဝဘေးကြိုတင်ပြင်ဆင်မှု အစီအမံများ လိုအပ်ခြင်း၊ ထိရောက်သော တုံ့ပြန်မှုမရှိခြင်းတို့ကြောင့် ၂၀၀၈ ခုနှစ် မေလတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူ ၁၃၈၇၃၇ ဦး သေကျေပျောက်ဆုံးပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၁၁ ဒသမ ၇ ထရီလီယံခန့်ရှိခဲ့ရာ မြန်မာ့သမိုင်းတွင် လူသေဆုံးမှုအများဆုံးနှင့် ဆုံးရှုံးမှုတန်ဖိုးအများဆုံးသော သဘာဝဘေးအန္တရာယ်တစ်ခုအဖြစ် မှတ်ကျောက်တင်ခဲ့သည်**

**မြန်မာနိုင်ငံနှင့် ကြုံတွေ့ခဲ့သည့် သဘာဝဘေးများ**

မြန်မာနိုင်ငံတွင် သဘာဝဘေးအပေါ် ဂရုစိုက်အလေးထားမှု နည်းပါးခြင်း၊ သဘာဝဘေးကြိုတင်ပြင်ဆင်မှု အစီအမံများ လိုအပ်ခြင်း၊ ထိရောက်သော တုံ့ပြန်မှုမရှိခြင်းတို့ကြောင့် ၂၀၀၈ ခုနှစ် မေလတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူ ၁၃၈၇၃၇ ဦး သေကျေပျောက်ဆုံးပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၁၁ ဒသမ ၇ ထရီလီယံခန့်ရှိခဲ့ရာ မြန်မာ့သမိုင်းတွင် လူသေဆုံးမှုအများဆုံးနှင့် ဆုံးရှုံးမှုတန်ဖိုးအများဆုံးသော သဘာဝဘေးအန္တရာယ်တစ်ခုအဖြစ် မှတ်ကျောက်တင်ခဲ့သည်။

ထို့အပြင် နာဂစ်မုန်တိုင်းအပြီး ၂၀၁၀ ခုနှစ်တွင် ဂီရိမုန်တိုင်း၊ ၂၀၁၁ ခုနှစ် မတ်လတွင် လှုပ်ခတ်ခဲ့သည့် ရှမ်းပြည်နယ် တာလေငလျင်ဘေး၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ကြုံတွေ့ခဲ့သည့် မကွေးတိုင်းအတွင်း လျှပ်တစ်ပြက် ရေလွှမ်းမိုးမှုဘေး၊ ၂၀၁၂ ခုနှစ်အတွင်း သပိတ်ကျင်းငလျင်ဒဏ်၊ ၂၀၁၂ ခုနှစ်မှစ၍ နှစ်စဉ်ကြုံတွေ့လာရသည့် မြန်မာနိုင်ငံတစ်ဝန်း ရေကြီး၊ ရေလျှံ၊ မြေပြို၊ ကမ်းပါးပြိုမှုများ၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံရှိ တန်ခိုးကြီး စေတီ၊ ဘုရားပေါင်းများစွာ ပျက်စီးမှုနှင့် ကြုံတွေ့ခဲ့ရသည့် ငလျင်ဘေးတို့ကြောင့် အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် ဆန်ဒိုင်းမူဘောင်နှင့်အညီ သဘာဝဘေးလျော့ပါးရေး အစီအမံများ ဆောင်ရွက်ထားရှိမှုများကို တင်ပြရလျှင်-

-သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ တိုးပွားစေရန်၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ စီမံကိန်းများ လက်တွေ့အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ပတ်သက်၍ ကျယ်ပြန့်စွာ သိရှိနားလည်စေရန် ဟူသော ရည်ရွယ်ချက်များဖြင့် သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အခြားကမ္ဘာ့နိုင်ငံများနည်းတူ နိုင်ငံတော်အဆင့် အခမ်းအနားတစ်ရပ်အနေဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည်။

-မြန်မာနိုင်ငံသည် သဘာဝဘေးကို အဆိုးဆုံးထိခိုက်ခံစားရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေး အစီအမံများ စနစ်တကျ ပြုလုပ်ထားနိုင်ရေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာသည့် အခြေအနေတွင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများကို လျင်မြန်သွက်လက် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် “အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ” နှင့် “အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ”တို့ကို ၂၀၁၃ ခုနှစ် မေ ၁၄ ရက်တွင် ဖွဲ့စည်းခဲ့ကာ ၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကို အခန်း(၉)ခန်း နှင့် ပုဒ်မ ၄၃ ခု ထည့်သွင်းပြီး အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အထူးသဖြင့် အဆိုပါဥပဒေတွင် ဘေးအန္တရာယ် အများဆုံးခံစားရသည့် ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူနှင့် အမျိုးသမီးများ၊ လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုများကို ဦးစားပေး ကူညီစောင့်ရှောက်သွားရမည်ဟု ထည့်သွင်းထားသည်။ ထို့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိသည့် မြန်မာနိုင်ငံ ဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစီမံချက် (MAPDRR)ကို အဓိက မဏ္ဍိုင်ကြီး(၇)ရပ်နှင့် လုပ်ငန်းစီမံချက် (၆၅)ခုဖြင့် ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါသည်။

-ထို့အပြင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အာရှဒေသ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာန (Asia Disaster Preparedness Centre- ADPC)တို့ ပူးပေါင်း၍ ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ပြန်လည်ကောင်းမွန်လာရေး၊ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းစဉ်နှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ အောင်မြင်ရန် လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများအတွက် မူဘောင်များ၊ မဟာဗျူဟာများနှင့် ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များကို ခန့်မှန်းတွက်ချက်နိုင်ရန်အတွက် ဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် လိုအပ်ချက်များ အကဲဖြတ်ဆန်းစစ်ချက်(PDNA)ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပြုစုခဲ့ပြီး ဖြစ်သည်။

-ပြန်လည်ထူထောင်ရေးအပိုင်းနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးခြင်း၊ လယ်ယာစိုက်ပျိုးရေး၊ ဆက်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ တည်ဆောက်ရေးအပိုင်းတို့တွင် စနစ်တကျ ဆောင်ရွက်ရန်နှင့် သဘာဝဘေး ခွင့်ပြုရန်ပုံငွေသုံးစွဲမှုများတွင် စနစ်တကျဖြစ်စေရေးတို့ကို နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ကမ္ဘာကြီးရေရှည်တည်တံ့ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရေစီးကြောင်းကို ရပ်တန့်စေမည့် သဘာဝဘေးအန္တရာယ်စက်ကွင်းများမှ လွတ်မြောက်နိုင်ရန် နိုင်ငံတော်မှ အထက်ပါလုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ပေးနေသလို နိုင်ငံသူ၊ နိုင်ငံသားများကလည်း သဘာဝလျော့ပါးရေး လုပ်ငန်းစဉ်များကို မိမိတို့၏ ဆန်းသစ်သော အတွေးအခေါ်၊ အယူအဆ၊ အသိပညာ၊ ဗဟုသုတများဖြင့် အကောင်းဆုံး ကြိုတင်ပြင်ဆင်၊ လေ့ကျင့်၊ အသုံးချသွားမှသာလျှင် သဘာဝဘေးများကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ခံစားရမှုနှုန်း လျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



# ရေတိုက်စားမှုကြောင့်ပေါ်ထွက်လာခဲ့သော ကလေးမြို့နယ်မှ ရှေးဟောင်းအုတ်ရိုးတန်းကို စနစ်တကျ တူးဖော်လေ့လာသွားမည်

**ကလေး အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် တောင်ဦးကျေးရွာတွင် ပြီးခဲ့သည့် စက်တင်ဘာလအတွင်း မိုးရွာသွန်းမှုများပြားခဲ့ခြင်းကြောင့် မြစ်သာမြစ်ရေတိုက်စားကာ စက်တင်ဘာ ၁၃ ရက်က ကမ်းပြိုကျရာမှ ရှေးဟောင်းအုတ်ရိုးတန်းတစ်ခု ပေါ်ထွက်လာခဲ့ရာ အဆိုပါ ရှေးဟောင်းအုတ်ရိုးတန်းကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် သုတေသနပညာရှင်များပူးပေါင်းကာ စနစ်တကျတူးဖော်လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကလေးတက္ကသိုလ် သမိုင်းဌာနမှ သိရသည်။

မြစ်သာမြစ်ကမ်းနံဘေးတွင် ပေါ်နေသော အုတ်ရိုးတန်းမှာ အလျားပေ ၃၀ ခန့်၊ အနံ ၅ ပေခွဲခန့်ရှိပြီး အုတ်ရိုးတွင် စီထားသည့် အုတ်တစ်ချပ်လျှင် အလျား ၁၅ လက်မ၊ အနံ ၇ လက်မရှိကြောင်း သိရသည်။ ကလေးတက္ကသိုလ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာတင်မောင်ထွေးက လက်ရှိတွင် မိုးတွင်းကာလဖြစ်သောကြောင့် တူးဖော်ရန်အခက်အခဲများရှိနေကာ မိမိတို့ဘာသာ ဆက်လက် တူးဖော်မည်ဆိုပါကလည်း ရှေးဟောင်းပစ္စည်းများကို ထိခိုက်ကျိုးပြတ်စေမည်ကို စိုးရိမ်သောကြောင့် ကျွမ်းကျင်ပညာရှင်များကို ဆက်သွယ်အကူအညီတောင်းခံ၍ တဖြည်းဖြည်းချင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



တောင်ဦးကျေးရွာမှ ဒေသခံတစ်ဦးက "အဲဒီရှေးဟောင်းအုတ်ရိုးတန်းကို လွန်ခဲ့တဲ့လပိုင်းတွေကစလို့ တွေ့နေရတာပါ။ ဒီရွာမှာနေပြီး သက်ကြီးပိုင်းဝါရင့်တဲ့ ဒေသခံလူကြီးတွေကတောင် ဒီနေရာမှာ အရင်ကဘာရှိတယ်၊ ဘယ်လိုကြားဖူးတယ်ဆိုတာကို မပြောပြနိုင်ဘူး။ မြစ်သာမြစ်ရေတက်လာတော့ တချို့အုတ်ရိုးတွေ ပြိုကျပျက်စီးသွားပါတယ်" ဟု ပြောသည်။

ယင်းသို့ ရေတိုက်စားမှုကြောင့် ပေါ်လာသည့် တောင်ဦးကျေးရွာမှ အုတ်ရိုးတန်းကို ကလေးတက္ကသိုလ်သမိုင်းဌာနမှ သမိုင်းပါမောက္ခနှင့် ကလေးမြို့ ရှေးဟောင်းအမွေအနှစ် လေ့လာရေးအဖွဲ့တို့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အုတ်ရိုးအနီးတွင်တွေ့ရှိရသည့် ရေသွန်ခရားနှုတ်ခမ်းများနှင့် အိုးပဲ့ အပိုင်းအစများကို လေ့လာကြည့်ခြင်းအားဖြင့် ပုဂံခေတ်လွန်ပိုင်း၊ အင်းဝခေတ်ဟု ယူဆရသည့်အတွက် လွန်ခဲ့သော ရှေးနှစ်ပေါင်း ၇၀၀ နှင့် နှစ်ပေါင်း ၁၀၀၀ အကြားတွင် တည်ဆောက်ခဲ့သော ဘုရားစေတီတစ်ဆူ၏ အောက်ခြေ အုတ်ဖိနပ်တော် (သို့မဟုတ်) အုတ်တံတိုင်းတစ်ခု ဖြစ်မည်ဟု သုံးသပ်ခန့်မှန်းခဲ့ကြကြောင်း သိရသည်။

ကလေးမြို့တည် သက်တမ်းနှင့်ပတ်သက်၍ နှစ်ပေါင်း ၁၀၅၀ ကျော်ပြီဟူသော ပါးစပ်ရာဇဝင်နှင့် အငြင်းပွားဖွယ်တချို့လည်း ရှိနေရာ ယခုကဲ့သို့ ရှေးဟောင်းအုတ်ရိုးတန်းတစ်ခု တွေ့ရှိမှုကလည်း အငြင်းပွားမှုများကို ထောက်ပြနိုင်မည့် အထောက်အထားတစ်ခု ဖြစ်လာနိုင်ကြောင်း ကလေးမြို့ဒေသခံ သမိုင်းဝင်ပစ္စည်း စုဆောင်းသူတစ်ဦးက ပြောဆိုသည်။

အလားတူ ကလေးမြို့နယ် စခန်းကြီးကျေးရွာအနီး နေရဥ္စရာမြစ်ကမ်းပါး၌လည်း ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းက အမြင့် ၄ ပေ၊ အလျားပေ ၁၀၀ ခန့်ရှိ ရှေးဟောင်းအုတ်ရိုးတစ်ခု ပေါ်ပေါက်ခဲ့ဖူးကာ ပညာရှင်များ၏ လေ့လာသုံးသပ်ချက်များအရ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀၀ ကျော်ခန့် ပုဂံခေတ်က တည်ဆောက်ခဲ့သည်ဟု ယူဆကြသည်။ အဆိုပါ စခန်းကြီးကျေးရွာ အုတ်ရိုးမှာ ထိန်းသိမ်းမှုမပြုလုပ်နိုင်ခဲ့သည့်အတွက် ယခုနှစ် မိုးရာသီကာလ ချောင်းရေများသည့်အချိန်အတွင်းက အားလုံးနီးပါး ချောင်းအတွင်းပြိုကျသွားကာ ပျောက်ပျက်ကုန်ပြီဖြစ်ကြောင်း ဒေသခံများ၏ ပြောဆိုချက်အရ သိရသည်။

**ချင်းတွင်းသား**



# ကျေးလက်ကျန်းမာရေးဌာနခွဲသစ် ဖွင့်လှစ်

**ဝါးခယ်မ အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် သရက်တောကျေးရွာနှင့် အနီးအနားရှိ ဒေသခံပြည်သူများအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲကို အောက်တိုဘာ ၇ ရက်က အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲကို တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးမှုရန်ပုံငွေ ကျပ်သိန်း ၄၀ နှင့်အတူ ဦးစိန်လှ-ဒေါ်မေမေခင် မိသားစု၏လှူဒါန်းငွေ ကျပ် ၆၅ သိန်းနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ဆောက်လုပ်ခဲ့ပြီး စုစုပေါင်း ကျပ် ၁၂၅ သိန်းခန့် ကုန်ကျခဲ့ကြောင်း သိရသည်။ ဖွင့်ပွဲတွင် ကျန်းမာရေးဌာန အဆောက်အအုံကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကာ ရပ်မိရပ်ဖတစ်ဦးက ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်နိုင်မှုကြောင့် ဝါးခယ်မမြို့နယ် အတွင်းရှိ သရက်တောကျေးရွာအပါအဝင် ပတ်ဝန်းကျင်မှ အေးချောင်းကျေးရွာ၊ သပြေချောင်းကျေးရွာနှင့် ကျွန်းထိပ်ကျေးရွာများမှ ပြည်သူများ၏ ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# ရွှေဘိုခရိုင်တွင် မိုးရာသီသီးနှံစုံကို လျာထားချက်ထက် ဧက ၉၃၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ရွှေဘို အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ယခုနှစ် မိုးရာသီကာလအတွင်း စိုက်ပျိုးရန် လျာထားသော သီးနှံစုံလျာထားချက်ကို စက်တင်ဘာလကုန်(မိုးရာသီကုန်)တွင် လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးပြီးစီးကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ခြောက်ခုတွင် မိုးစပါးစိုက်ပျိုးဧက ၆၇၄၈၀၀ စိုက်ပျိုးရန် လျာထားခဲ့ပြီး ယခု စက်တင်ဘာလကုန်အထိစိုက်ပျိုးပြီး ၆၇၄၇၂၇ ဧကရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် ပဲမျိုးစုံကို ၃၃၉၄၉၉ ဧက လျာထားရာ စိုက်ပျိုးပြီးဧက ၃၄၀၆၈၀၊ ဆီထွက်သီးနှံကို ၁၅၈၂၁၇ ဧက လျာထားရာ စိုက်ပျိုးပြီး ၁၆၇၉၆၉ ဧက၊ ကြံစိုက်ပျိုးရန် ဧက ၁၈၆၂၀ လျာထားရာ စိုက်ပျိုးပြီး ၁၇၆၄၉ ဧက၊ ဝါသီးနှံ ၁၄၄၉ ဧက လျာထားရာ စိုက်ပျိုးပြီး ၈၉ ဧက၊ စားဖိုဆောင်သီးနှံ ၃၈၃ ဧက လျာထားရာ စိုက်ပျိုးပြီးဧက ၂၉၃ ဧကနှင့် အခြားသီးနှံ စိုက်ပျိုးရန် ဧက ၁၇၀၆၀၀ လျာထားရာ စိုက်ပျိုးပြီး ၁၇၁၅၂၀ ဧကရှိကြောင်း သိရသည်။

ရွှေဘိုခရိုင်တစ်ခုလုံးအနေဖြင့် မိုးရာသီအတွက် သီးနှံစုံ စုစုပေါင်း လျာထားချက်မှာ ၁၃၆၃၅၆၈ ဧကဖြစ်ရာ ယခု စိုက်ပျိုးပြီးဧကပေါင်းမှာ ၁၃၇၂၉၂၇ ဧကဖြစ်၍ ခရိုင်၏ အဓိကစိုက်ပျိုးသီးနှံများဖြစ်သော ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများကို လျာထားချက်ထက် ၉၃၅၉ ဧက ပို၍စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆွေထံမှ သိရသည်။

**ခင်ဦးစိုးဝေ**

# ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ပြောင်းရိတ်သိမ်းခြင်း လက်တွေ့သရုပ်ပြ

**ကျောက်မဲ အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူး၍ ခိုမုန်းကျေးရွာအုပ်စု အောင်မြေသာယာကျေးရွာတွင် Kubota Combine Harvester ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ပြောင်းရိတ်သိမ်းခြွေလှေ့ခြင်း တောင်သူများအား လက်တွေ့သရုပ်ပြပွဲကို အောက်တိုဘာ ၃ ရက်က ပြုလုပ်ခဲ့သည်။

ပြောင်းစိုက်တောင်သူများ၏ စိုက်ခင်းများကို စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းဖြင့် အချိန်ကုန်သက်သာခြင်း၊ အလေအလွင့်နည်းခြင်း၊ သီးနှံအရည်အသွေးကောင်းခြင်း၊ လူလုပ်အား အစားထိုးနိုင်ခြင်း၊ စီးပွားရေးတွက်ခြေကိုက်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပုံကို တောင်သူများ လက်တွေ့သိရှိစေရန်အတွက် သရုပ်ပြပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ သရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ဇော်မိုးနှင့် ဝန်ထမ်းများက ဒေသခံတောင်သူ ဦးအောင်ဇေယျ၏ ပြောင်းစိုက်ခင်း ၁၀ ဧက၌ စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းကို သရုပ်ပြခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်၊ လားရှိုးတွဲဖက်ပြည်နယ်ရုံးမှ ဦးစီးအရာရှိ ဦးယဉ်ထွေး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခိုမုန်းကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြောင်းစိုက်တောင်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြကာ တောင်သူများ သိရှိလိုသည့် မေးမြန်းချက်များကိုလည်း မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ဗန်းမော်မြို့သမိုင်းဝင် သိမ်မဟာစေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ



**ဗန်းမော် အောက်တိုဘာ ၉**

ကချင်ပြည်နယ် ဗန်းမော်မြို့၏ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် သိမ်မဟာစေတီတော်ကြီး၏ နှစ် ၇၀ ပြည့် အကြိမ်(၇၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကို အောက်တိုဘာ ၈ ရက်က စေတီတော်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး သိန်းနိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့က သိမ်မဟာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ သီလခံယူကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။

သိမ်မဟာစေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆုတ် ၃ ရက်မှ ၁၃ ရက်အထိ ၁၀ ရက်ကြာ ကျင်းပမည်ဖြစ်ပြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ ပျော်ပွဲရွှင်ပွဲ၊ ဇာတ်သဘင်အစီအစဉ်များလည်း ပါဝင်ကာ သီတင်းကျွတ်လဆုတ် ၁၃ ရက်တွင် သံဃာအပါး ၇၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ကြောင်း သိမ်မဟာစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူးထံမှ သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ပွင့်လင်းရာသီ ရောက်ပြန်ပြီ ပျော်ပျော်ပါးပါး ခရီးထွက်ကြရအောင်

**သန်းဦး(လေးမျက်နှာ)**



မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ အများဆုံးတည်ရှိရာ ပုဂံဒေသ။(ဓာတ်ပုံ-ဝီကီပီးဒီးယား)

အေးချမ်းသာယာပြီး သဘာဝအလှတရားများနှင့် ပြည့်နှက်နေသည့် မြန်မာနိုင်ငံသည် ခရီးသွားဧည့်သည်များ တစ်နေ့တခြား လာရောက်လည်ပတ်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် သာယာလှပ ထူးခြားဆန်းပြားသည့်နေရာအများအပြားရှိနေခြင်းကြောင့်လည်း ခရီးသွားများအတွက်ဆွဲဆောင်ရာ နေရာတစ်ခုအဖြစ် ရေပန်းစားလာခြင်းဖြစ်သည်။ သဘာဝအလှတရားများ၊ တောရိုင်းတိရစ္ဆာန်များ၊ မြန်မာနိုင်ငံမြောက်ဖျားပိုင်းရှိ ဆီးနှင်းများဖုံးလွှမ်းနေသည့် ရေခဲတောင်များ၊ တိုင်းရင်းသား လူမျိုးစုများ၏ ထူးခြားသည့် ဓလေ့ထုံးတမ်းများကို လေ့လာနိုင်မည်ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများတွင် ရှေးဟောင်းအမွေအနှစ်များ အများဆုံးတည်ရှိရာ နေရာတစ်နေရာဖြစ်သည့် ပုဂံဒေသ၏ အံ့သြစရာကောင်းလောက်သည့် ရှုခင်းများကိုလည်း မြင်တွေ့နိုင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ တောင်ဘက်စွန်းဒေသများတွင်ရှိသည့် မြိတ်ကျွန်းစုသည်လည်း မပျက်စီးမထိခိုက်သေးဘဲ သဘာဝအတိုင်းတည်ရှိနေသည့် ကျွန်းပေါင်း ၈၀၀ ကျော်နှင့် ဖွဲ့စည်းတည်ရှိနေပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် အဏ္ဏဝါခရီးသွားလုပ်ငန်း စိတ်ဝင်စားသူများကို ဆွဲဆောင်နိုင်သည့် နေရာတစ်နေရာဖြစ်သည်။ ထိုကျွန်းများပေါ်သို့ လာရောက်၍ သာယာလှပသည့် သဘာဝရှုခင်းများ၊ သန္တာကျောက်တန်းများ၏ အလှတရားကို တွေ့မြင်ခံစားနိုင်မည့်အပြင် ဆလုံကျွန်းများရှိ ဆလုံလူမျိုးတို့၏ စရိုက်လက္ခဏာများကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လေ့လာစရာ လည်ပတ်စရာ တပုံတပင်ရှိနေသည်ကို တိုင်းဒေသကြီး ပြည်နယ်အလိုက် တွေ့နိုင်သည်။ ကမ္ဘာလှည့်ခရီးသွားများ လောလောဆယ်လည်ပတ်ရာတွင် အများဆုံးဒေသများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် အခြားအထင်ကရနေရာများ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ငွေဆောင်၊ ချောင်းသာနှင့် ပုသိမ်မြို့ရှိ မြန်မာ့လက်မှုပုသိမ်ထီးလုပ်ငန်းတို့ကို လည်ပတ်လေ့လာခြင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူးရွှေမော်ဓောစေတီနှင့် ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ရာ၊ မိုးယွန်းကြီးအင်း သဘာဝငှက်ဥယျာဉ်၊ ပြည်မြို့ သရေခေတ္တရာမြို့ဟောင်းတို့ဖြစ်သည်။

မကွေးတိုင်းဒေသကြီးတွင် မကွေးမြသလွန်စေတီ၊ ပျူမြို့ဟောင်း၊ ရွှေစက်တော်ခြေတော်ရာနှင့် ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်၊ မန္တလေးတိုင်းဒေသကြီးတွင် မဟာမြတ်မုနိဘုရား၊ မန္တလေးတောင်၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည့် ပုဂံ-ညောင်ဦးဒေသ၊ ပုပ္ပား၊ မန်းရေနံမြေတို့ဖြစ်သည်။ ရှမ်းပြည်နယ်တွင် အင်းလေး၊ ပင်းတယ၊ တောင်ကြီးရှိ အထင်ကရနေရာများ၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် လူနေမှုစရိုက်လက္ခဏာများ၊ ကယားပြည်နယ်တွင် သာယာလှပသော ငွေတောင်ဆည်နှင့် လွိုင်ကော်တောင်ကွဲစေတီ၏ ထူးခြားလက္ခဏာများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့များနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာနိုင်သည်။

အလားတူမွန်ပြည်နယ်တွင် ကမ္ဘာ့အံ့ဖွယ် ကျိုက်ထီးရိုးစေတီနှင့် တောတောင်သဘာဝအလှတရားများ၊ သုဝဏ္ဏဘူမိမြို့ဟောင်းနှင့် အခြားထင်ရှားသည့် နေရာများ၊ ကရင်ပြည်နယ်တွင် ဇွဲကပင်တောင်နှင့် သံလွင်မြစ်၏သဘာဝအလှတရားများ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဆွဲဆောင်ရာ ပင်လယ်ဒေသအစားအစာများ၊ လည်ပတ်လေ့လာစရာ ပင်လယ်အဏ္ဏဝါအတွင်းမှ သဘာဝအလှတရားများ ပြည့်နှက်နေသည့်မြိတ်ကျွန်းစုများ၊ ဘုရင့်နောင်အငူတို့ကို လေ့လာလည်ပတ်ကြသည်။ ချင်းပြည်နယ်တွင် အထင်ကရ အသည်းပုံ ရိဒ်ရေကန်နှင့် နတ်မတောင်သဘာဝဘေးမဲ့တောဥယျာဉ်၊ ချင်းတိုင်းရင်းသားတို့၏ ရိုးရာနှင့် လူနေမှုစရိုက်လက္ခဏာများနှင့် သဘာဝတောတောင်ရေမြေ ပတ်ဝန်းကျင်များ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးညှင်းသမ္ဗုဒ္ဓေဘုရား၊ ကမ္ဘာ့အံ့ဖွယ် ရုပ်တော်မှု ဗုဒ္ဓရုပ်ပွားတော်ကြီး၊ အလောင်းတော်ကဿပ ဘေးမဲ့တော၊ ဇလုံတောင်၊ အလောင်းမင်းတရားကြီး၏အောင်မြေစသည့်အထင်ကရနေရာများ။

ကချင်ပြည်နယ်တွင် အင်းတော်ကြီးအိုင်၊ ဧရာဝတီမြစ်ဆုံ၏အလှနှင့် ကချင်၊ ဂျိမ်းဖောတို့၏ ရိုးရာဝတ်စုံအလှများ၊ တိုင်းရင်းသားတို့၏ ဘာသာစကား ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ မေခ မေလိခ မြစ်နှစ်မြွာ၏ သဘာဝအလှတရားများအပြင် အရှေ့တောင်အာရှနိုင်ငံများတွင် ရှားရှားပါးပါး ရေခဲဖုံးလွှမ်းနေသည့် ရေခဲတောင်များကို လေ့လာနိုင်ကြသည်။

မြန်မာနိုင်ငံတွင် ထိုကဲ့သို့ လေ့လာလည်ပတ်စရာနေရာများ ဒေသအလိုက်ရှိကြသော်လည်း ကမ္ဘာတွင် မြန်မာကို လူသိနည်းနေသေး၍ ကမ္ဘာလှည့်ခရီးသွားများ ဝင်ထွက်သွားလာမှု နည်းနေသေးသည်ကိုတွေ့ရသည်။ ထို့ကြောင့် မြန်မာကို ကမ္ဘာလှည့်ခရီးသွား လူအများသိရှိနိုင်ရန် နည်းအမျိုးမျိုးဖြင့် ဆွဲဆောင်ရမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းသာမကဘဲ နိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်ရာရောက်သည့်အပြင် သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာအစားအစာနှင့် ဒေသခံလူမျိုးများ၏ ဓလေ့စရိုက်များကိုလည်း ထိန်းသိမ်းကာကွယ်ရာရောက်သည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် အနီးစပ်ဆုံး အိမ်နီးချင်းနိုင်ငံများ၏ ခရီးသွားလုပ်ငန်းမှာ အလွန်ကျေနပ်ဖွယ်ကောင်းသည်ကို တွေ့ရှိလေ့လာရသည်။ ၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည် အရေအတွက်မှာ ၃၂ ဒသမ ၆ သန်းဖြစ်ပြီး စင်ကာပူနိုင်ငံသို့ ၁၆ ဒသမ ၄ သန်း၊ မလေးရှားနိုင်ငံသို့ ၂၆ ဒသမ ၇၆ သန်း၊ ကမ္ဘောဒီးယားနိုင်ငံသို့ ၅ ဒသမ ၀၁၂ သန်း၊ လာအိုနိုင်ငံသို့ ၄ ဒသမ ၂၃ သန်း၊ ဗီယက်နမ်နိုင်ငံသို့ ၁၀ ဒသမ ၀၁ သန်း၊ အင်ဒိုနီးရှားနိုင်ငံသို့ ၁၂ ဒသမ ၀၂ သန်း၊ ဖိလစ်ပိုင်နိုင်ငံသို့ ၅ ဒသမ ၉၇ သန်းရှိခဲ့ပြီး မြန်မာနိုင်ငံသို့ ၂ ဒသမ ၉၀ သန်းဖြစ်၍ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု အတော်အသင့် နည်းပါးနေသေးကြောင်း စာရင်းဇယားများအရသိရသည်။

ကမ္ဘာလှည့်ခရီးသွားများ အများအပြားဝင်ရောက်နေသည့် နိုင်ငံများအနက် အချို့နိုင်ငံများသည် ခရီးစဉ်ဒေသများ၊ ဆွဲဆောင်ရာနေရာများအနေဖြင့် မြန်မာနိုင်ငံလောက် ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝအလှအပများနှင့် ခရီးသွားရောက်လည်ပတ်နိုင်သည့်နေရာများ များပြားမှုမရှိကြောင်း တွေ့ရမည်ဖြစ်သည်။ သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းကို လုပ်နိုင်လျှင် လုပ်နိုင်သလို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

**အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု အတော်အသင့်နည်းပါးနေသေးကြောင်း စာရင်းဇယားများအရသိရသည်။ ကမ္ဘာလှည့်ခရီးသွားများ အများအပြားဝင်ရောက်နေသည့် နိုင်ငံများအနက် အချို့နိုင်ငံများသည် ခရီးစဉ်ဒေသများ၊ ဆွဲဆောင်ရာနေရာများအနေဖြင့် မြန်မာနိုင်ငံလောက် ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝအလှအပများနှင့် ခရီးသွားရောက်လည်ပတ်နိုင်သည့်နေရာများ များပြားမှုမရှိကြောင်း တွေ့ရမည်ဖြစ်သည်။ သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းကို လုပ်နိုင်လျှင် လုပ်နိုင်သလို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်**

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံးတွင် နိုင်ငံတကာခရီးသွားအရေအတွက်သည် ၁ ဒသမ ၂ ဘီလီယံကျော်ခန့်ရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၁ ဒသမ ၈ ဘီလီယံအထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားသည်။ ထိုကဲ့သို့ တိုးတက်လာခြင်း၏ အကျိုးဆက်အဖြစ် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်ဝင်ရောက်မှုသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း ခန့်မှန်းနိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် ၂ ဒသမ ၉ သန်း ဝင်ရောက်ခဲ့၍ ယခုနှစ်တွင် ၃ ဒသမ ၅ သန်းအထိ လာရောက်မည်ဟု ခန့်မှန်းထားသည်။ ယခု ၂၀၁၇ ခုနှစ်တွင် ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့်ခရီးသည် ၂ ဒသမ ၂၇ သန်းရှိခဲ့၍ ယခင်နှစ် အလားတူအချိန်နှင့် နှိုင်းစာလျှင် ၂၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။ ယခုအခါ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ပို့ကုန်ကဏ္ဍတွင် တတိယနေရာသို့ ရောက်ရှိနေသည့် လုပ်ငန်းဖြစ်သဖြင့် ထိုလုပ်ငန်းနှင့် သက်ဆိုင်သူများကလည်း ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုကို စဉ်းစားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း၏ အရေးပါမှုတို့ကို ပိုမိုသိမြင်လာစေရန် ရည်ရွယ်၍ ကမ္ဘာ့ခရီးသွားနေ့ကို ကျင်းပလျက်ရှိသည်။ ယခုနှစ်တွင်လည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကြီးက "Sustainable Tourism- A Tool for Development "ဟူသောဆောင်ပုဒ်ကို ချမှတ်ပြီး ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ယခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကြီးက သတ်မှတ်ထားသော ဆောင်ပုဒ်နှင့်အညီ အောက်တိုဘာ ၉ ရက်နေ့တွင် ကမ္ဘာ့ခရီးသွားနေ့ အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်ကို "ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာနှစ်"အဖြစ် ဖော်ပြ သတ်မှတ်ထားသည်နှင့်အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်း အနာဂတ်မျိုးဆက်သစ်များအတွက် လိုအပ်ချက်များကို ကြိုတင်မြော်မြင် ဖြည့်ဆည်းပေးနိုင်ရေးသာမက ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ခရီးသွားလုပ်ငန်းဖြစ်စေရန် ဒေသခံများနှင့် ခရီးသွားဖောက်သည်များအကြား ပိုမိုနားလည် သိမြင်လာစေရေး၊ ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးနှင့် အစိုးရအဖွဲ့အစည်းများနှင့် သင့်တော်သည့် မူဝါဒများချမှတ်ရေးတို့ကို လက်ရှိအချိန်မှစတင်၍ ပိုမိုတွန်းအားပေး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းများ အဆင်ပြေအောင်မြင်လာပါက မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာက ပိုမိုသိမြင်လာရုံသာမက ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း ပို၍လူသိများ ဝင်ငွေကောင်းလာမည်ဖြစ်ပါကြောင်း။ ။

---

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်း

**သုံးခွ အောက်တိုဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်အတွက် အဇန်းတောစွန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်းပွဲကို အောက်တိုဘာ ၅ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ သင်တန်းဆင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဇော်လင်းနိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုရသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ သင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလ နှစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

# ကျစ်လျစ်ခိုင်မာသော လူ့အဖွဲ့အစည်းဆီသို့

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

ကမ္ဘာ့လူဦးရေဟာ တစ်နှစ်ပြီးတစ်နှစ် တိုးတက်များပြားလာနေပါတယ်။ နိုင်ငံတိုင်းဟာ တိုးတာတဲ့ လူဦးရေနဲ့ အညီ မိမိတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်အောင် ချိန်ညှိဆောင်ရွက်ကြရပါတယ်။ လူဦးရေတိုးခြင်း၊ နည်းခြင်းတို့ဟာ ကြီးမားတဲ့ ဆက်စပ်ပြဿနာများ ရှိနေလေ့ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေများပြားလာမှုဟာ နိုင်ငံတိုးတက်မှုနဲ့ အချိုးမကျဘူးလို့ သိရပါတယ်။

မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ဆန်းစစ်မှုများအရ ၂၀၁၇ ခုနှစ်မှာ လူဦးရေ ၅၃ ဒသမ ၄ သန်း ရှိမယ်လို့ သိရပါတယ်။ အဲဒီအထဲမှာ သားသမီးထွန်းကားနိုင်တဲ့ အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်းရှိ အမျိုးသမီးပေါင်း ၁၅ သန်းခန့်ရှိတာကို တွေ့ရပါတယ်။ ဒီ ၁၅ သန်းလုံးကတော့ သားသမီးထွန်းကားစေမှာမဟုတ်တာကြောင့် နိုင်ငံရဲ့ လူဦးရေတိုးပွားမှုကလည်း များပြားနေမှာမဟုတ်ပါဘူး။ မြန်မာနိုင်ငံရဲ့ အနောက်ဘက်ပိုင်းမှာရှိတဲ့ နိုင်ငံတွေကတော့ လူဦးရေ တိုးပွားမှု များနေပါတယ်။ တိုးပွားနှုန်းနည်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင်တော့ မြန်မာနိုင်ငံရဲ့ လူဦးရေတိုးပွားနှုန်းက အလယ်အလတ်(Moderate)သာရှိတာကို တွေ့ရပါတယ်။ ပျမ်းမျှအားဖြင့် မြန်မာနိုင်ငံသူ အမျိုးသမီးများရဲ့ မွေးဖွားနှုန်းက တစ်ဦးလျှင် ၂ ဒသမ ၅ ဦးနှုန်းခန့် ရှိတာကို တွေ့ရပါတယ်။ ရန်ကုန်ဒေသမှာဆိုရင် နှစ်ဦးနှုန်းသာရှိပြီး ချင်းပြည်နယ်မှာဆိုရင် ငါးဦးနှုန်းလောက်ရှိနေတာကိုလည်း တွေ့ရပါတယ်။

မွေးဖွားနှုန်းနည်းတာက နိုင်ငံရဲ့အနာဂတ် လူသား အရင်းအမြစ် စွမ်းအားကို ထိခိုက်နိုင်တယ်လို့ အကြမ်းအားဖြင့် ယူဆနိုင်ပါတယ်။ တစ်ဖက်ကကြည့်ရင်လည်း မွေးဖွားနှုန်းမြင့်၊ လူဦးရေတိုးလာတာက ဆင်းရဲမှုကို ရင်ဆိုင်ရနိုင်စေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံရဲ့ မွေးဖွားနှုန်းကို အစွန်းနှစ်ဖက်ကနေရှောင်ပြီး နိုင်ငံအတွက် အသင့်တော်ဆုံး အခြေအနေမှာ ရှိနေအောင် ချိန်ညှိထားဖို့လိုအပ်ပါတယ်။ မွေးနှုန်းမြင့်မားတဲ့ ဒေသတွေမှာ Family Planning ခေါ် သားဆက်ခြားခြင်းလုပ်ငန်းကို လုပ်ဆောင်ထားသင့်ပါတယ်။

မွေးနှုန်းနည်းတဲ့ ဒေသတွေမှာတော့ မိသားစုအတွင်း ရှိသင့်တဲ့ ကလေးအရေအတွက် ယူသင့်ကြောင်းနဲ့ ယူဖို့ ပညာပေးဆွေးနွေးခြင်း၊ လိုအပ်သည်များကို ကူညီပေးခြင်းတို့ ဆောင်ရွက်ပေးသင့်ပါတယ်။ အရင် မြန်မာ့မိသားစုတွေမှာ အနည်းဆုံး ကလေးငါးယောက်လောက် ယူတတ်ကြတာ တွေ့နိုင်ပါတယ်။ မြန်မာ့မိသားစုတွေဟာ ကိုယ့်မိသားစုဝင်တွေကို နိုင်နိုင်နင်းနင်း ထိန်းသိမ်းပျိုးထောင်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ယခင်ကာလ အခြေအနေတွေမှာ အိမ်ထောင်ဦးစီးဖြစ်သူ ဖခင်တစ်ယောက်ရဲ့ ဝင်ငွေဟာ အဲဒီမိသားစုဝင် အရေ အတွက်လောက်ကို တည်ငြိမ်စွာ ထိန်းသိမ်းစောင့်ရှောက် ကျွေးမွေးထားနိုင်ပါတယ်။ အခုအခါမှာတော့ အခြေအနေများအရမိသားစုဝင်အရေအတွက်ကို လျှော့ချလာကြရပါတယ်။

မိသားစုဝင်အရေအတွက် လျှော့ချခြင်းကြောင့် စီးပွားရေး၊ ငွေရေးကြေးရေး၊ လူမှုရေးဆိုင်ရာ အခက်အခဲတွေကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်မယ်ထင်ရပေမယ့် အကြောင်းကြောင်းကြောင့် မိသားစုဝင်တွေထဲက လျော့သွားရင်လည်း အခက်အခဲအဖြစ် ရင်ဆိုင်လာရနိုင်ပါတယ်။ မိဘနဲ့ သားသမီးတွေအကြား နွေးထွေးသောဆက်ဆံမှုတွေ၊ မေတ္တာတရားတွေနဲ့ မိသားစုစိတ်ဓာတ်တွေကိုပါ ထိခိုက်လာနိုင်စေပါတယ်။

လက်ရှိအနေအထားအရ မြန်မာ့မွေးဖွားနှုန်းက ကျဆင်းနေတယ်လို့ ယူဆကြပါတယ်။ အဲဒီမှာ သားလျှော့မှုများနဲ့ ကိုယ်ဝန်ကိုအဆုံးသတ်စေခြင်းများလည်း ပါဝင်ပတ်သက်နေပါတယ်။ နိုင်ငံအတွက် သင့်တင့်တဲ့ လူဦးရေ ရှိနေဖို့ကိုတော့ စဉ်းစားဆောင်ရွက်ထားသင့်တာဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်များအတွက် အင်အားတောင့်တင်းတဲ့ လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ်စေရေးကို အလေးထားသင့်ပါတယ်။ တစ်ဖက်ကလည်း ပြောင်းလဲနေတဲ့ လူမှုစီးပွားအခြေအနေများနဲ့အညီ လိုက်လျောညီထွေဖြစ်တဲ့ မိသားစုစီမံကိန်းတွေဖြစ်နေဖို့ အာရုံစိုက်ထားရပါဦးမယ်။ ဒါကြောင့် မြန်မာ့လူဦးရေ အခြေအနေကို လူတိုင်းသဘောပေါက်နားလည်ကြပြီး အသင့်တော်ဆုံးအခြေအနေ ဖြစ်နေစေဖို့ လက်တွဲဆောင်ရွက်ကြသင့်ပါတယ်။

**အရင် မြန်မာ့မိသားစုတွေမှာ အနည်းဆုံး ကလေးငါးယောက်လောက် ယူတတ်ကြတာ တွေ့နိုင်ပါတယ်။ မြန်မာ့မိသားစုတွေဟာ ကိုယ့်မိသားစုဝင်တွေကို နိုင်နိုင်နင်းနင်း ထိန်းသိမ်းပျိုးထောင်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ ယခင်ကာလ အခြေအနေတွေမှာ အိမ်ထောင်ဦးစီးဖြစ်သူ ဖခင်တစ်ယောက်ရဲ့ ဝင်ငွေဟာ အဲဒီမိသားစုဝင်အရေအတွက်လောက်ကို တည်ငြိမ်စွာ ထိန်းသိမ်းစောင့်ရှောက် ကျွေးမွေးထားနိုင်ပါတယ်။ အခုအခါမှာတော့ အခြေအနေများအရ မိသားစုဝင် အရေအတွက်ကို လျှော့ချလာကြရပါတယ်**

ကမ္ဘာ့လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းဟာ အာရှတိုက်မှာရှိပြီး ၂၀ရာခိုင်နှုန်းက တရုတ်ပြည်၊ ၁၇ ရာခိုင်နှုန်းက အိန္ဒိယပြည်၊ ၁၂ ရာခိုင်နှုန်းက အာဖရိကတိုက်၊ ၁၁ ရာခိုင်နှုန်းက ဥရောပတိုက်၊ ၈ ရာခိုင်နှုန်းက မြောက်အမေရိကတိုက်၊ ၃ရာခိုင်နှုန်းက တောင်အမေရိကတိုက်တို့မှာ အသီးသီး နေထိုင်လျက်ရှိကြကြောင်း သိရပါတယ်။

၂၀၁၇ ခုနှစ် ကုလသမဂ္ဂအစီရင်ခံစာအရ ကမ္ဘာပေါ်မှာ တစ်နှစ်လျှင် လူဦးရေ ၈၃ သန်းနီးပါး တိုးပွားလျက်ရှိနေပြီး ကမ္ဘာ့လူဦးရေဟာ သန်းပေါင်း ၇၆၀၀ ရှိနေတာကို တွေ့ရပါတယ်။ ပျမ်းမျှခြင်းအားဖြင့် ဧရိယာတစ်စတုရန်းမိုင်မှာ လူပေါင်း ၁၂၀ နှုန်း နေထိုင်နေကြပြီး လူဦးရေသိပ်သည်းဆုံးကတော့ အာရှတိုက်က မကာအိုမြို့ဖြစ်ပါတယ်။ တစ် စတုရန်းမိုင်မှာ လူပေါင်း ၄၈၀၀၃ ဦး နေထိုင်နေတာဖြစ်ပါတယ်။ မွန်ဂိုလီးယားနိုင်ငံမှာ တစ်စတုရန်းမိုင်လျှင် လူပေါင်းငါးဦးနဲ့ လူဦးရေသိပ်သည်းမှု အနည်းဆုံးဖြစ်နေပါတယ်။

ကလေးမွေးဖွားမှုကိုကြည့်ရင် မိနစ် ၂၀ တိုင်းမှာ ကလေး ၃၀၀၀ နှုန်း မွေးဖွားနေတယ်လို့ သိရပါတယ်။ လက်ရှိ ကမ္ဘာ့လူဦးရေရဲ့၅၀ ဒသမ ၄ရာခိုင်နှုန်းဟာ အမျိုးသားတွေဖြစ်ပြီး ၄၉ ဒသမ ၆ ရာခိုင်နှုန်းက အမျိုးသမီးတွေဖြစ်ကြပါတယ်။ ခရစ်နှစ် အေဒီ ၁၀၀၀ တုန်းက ကမ္ဘာ့လူဦးရေဟာ သန်း ၄၀၀ သာရှိခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှာ ကမ္ဘာ့လူဦးရေဟာ သန်း ၆၀၀၀ ဖြစ်လာခဲ့ပါတယ်။

၂၀၁၆ ခုနှစ် စာရင်းများအရ ကမ္ဘာ့လူဦးရေအများဆုံးမြို့ဟာ ဂျပန်နိုင်ငံ တိုကျိုမြို့ဖြစ်ပြီး လူပေါင်း၃၈သန်း နေထိုင်နေကြပါတယ်။ ၂၀၁၇ ခုနှစ် အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ မြို့ပြများမှာနေထိုင်နေကြ တာကိုလည်း သိရပါတယ်။ ဒ့ါအပြင် အခုအခါမှာ ကမ္ဘာတစ်ဝန်း အသက် ၆၀ ကျော်လူဦးရေကလည်း ၉၆၂ သန်း ရှိနေပါတယ်။ မျိုးဆက်ပွားကျန်းမာရေးကဏ္ဍမှာ ပါဝင်ပတ်သက်လာတဲ့ ဆယ်ကျော်သက်အရွယ် အမျိုးသား၊ အမျိုးသမီးငယ်များရဲ့ အရေအတွက်ကတော့ သန်းပေါင်း ၁၈၀၀ ခန့်ရှိနေပါတယ်။

၂၀၁၆ ခုနှစ် ကမ္ဘာ့ဘဏ်ကိန်းဂဏန်းများအရ အရှေ့တောင်အာရှ အာဆီယံနိုင်ငံများမှာ လူဦးရေပေါင်း ၆၃၈ ဒသမ ၂၂ သန်း ရှိနေပြီး နိုင်ငံအလိုက်ရှိနေတဲ့ လူဦးရေကို အောက်ပါအတိုင်း တွေ့ရပါတယ်။

| | | |
|---|---|---|
| အင်ဒိုနီးရှားနိုင်ငံ | ၂၆၁.၁၁၅သန်း | ၄၀.၈၉% |
| ဖိလစ်ပိုင်နိုင်ငံ | ၁၀၃.၃၂သန်း | ၁၆.၁၈% |
| ဗီယက်နမ်နိုင်ငံ | ၉၂.၇၀၁သန်း | ၁၄.၅၂% |
| ထိုင်းနိုင်ငံ | ၆၈.၈၆၄သန်း | ၁၀.၇၈% |
| မြန်မာ | ၅၂.၈၈၅သန်း | ၈.၂၈% |
| မလေးရှားနိုင်ငံ | ၃၁.၁၈၇သန်း | ၄.၈၈% |
| ကမ္ဘောဒီးယားနိုင်ငံ | ၁၅.၇၆၂သန်း | ၂.၄၇% |
| လာအိုနိုင်ငံ | ၆.၇၅၈သန်း | ၁.၀၆% |
| စင်ကာပူနိုင်ငံ | ၅.၆၀၇သန်း | ၀.၈၈% |
| ဘရူနိုင်းနိုင်ငံ | ၀.၄၂၃သန်း | ၀.၀၇% |

အသိဉာဏ်ပညာသည် အင်အား (Knowledge is power)လို့ဆိုကြတဲ့ ယခုခေတ်အခါမှာ ပညာတတ်၊ ပညာရှင်၊ ပညာရှိသူများနဲ့သာ တိုင်းပြည်များကို တည်ဆောက်နေနိုင်ကြတာဖြစ်ပါတယ်။ အရင်ကလို အင်အားသည်သာပါဝါ (Power is power) ဆိုတဲ့ခေတ်က ကျန်ခဲ့ပါပြီ။ နိုင်ငံသားအများစုဟာ အသိဉာဏ်ပညာတွေ လေ့လာစုဆောင်းကြပြီး နိုင်ငံကိုတည်ဆောက်ရာမှ အမှန်တကယ်တိုးတက်နိုင်တဲ့ ခေတ်ဖြစ်ပါတယ်။

ပညာတတ်သူနည်းပါးပြီး ပညာရည်နိမ့်ကျသူများနဲ့ ကာယအားရှိသူ အများစုကိုသာ မွေးထုတ်ပေးနေနိုင်တဲ့ နိုင်ငံတွေကတော့ အောက်ကျနောက်ကျဖြစ်နေတာကိုလည်း တွေ့နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံနဲ့ သင့်တော်တဲ့ နိုင်ငံသားအရေအတွက်ရှိနေဖို့၊ ရှိတဲ့နိုင်ငံသားတွေကလည်း ပညာတတ်ကြ ကျန်းမာကြပြီး စိတ်ဓာတ်စာရိတ္တတွေ ကောင်းကြဖို့ အထူးအာရုံပြု ဆောင်ရွက်ဖြည့်တင်းပေးကြရပါမယ်။ ပညာရည် နိမ့်ကျသူတွေသာများနေရင် လူများပြီး ပွဲမစည် ဖြစ်နိုင်သလို လူနည်းပေမယ့် အသုံးမကျတဲ့လူတွေသာ ဖြစ်နေရင်လည်း တိုးတက်နိုင်မှာမဟုတ်ပါဘူး။

လူညံ့တစ်ထောင်ပေါင်းလို့ လူတော်တစ်ယောက် ဖြစ်မလာနိုင်ပါဘူး။ နိုင်ငံသားတစ်ဦးချင်းရဲ့ ပညာရေးအပါအဝင် လူ့စွမ်းအားအရည်အသွေးများ တိုးတက်ကောင်းမွန်ပြီး ကျစ်လျစ်ခိုင်မာတဲ့ လူ့အဖွဲ့အစည်းဖြစ်လာစေဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်သင့်ကြပါတယ်။ ။

**ကိုးကား**

Beautify our future—GNLM(18.7.2017)

# ချင်းပြည်နယ်၏ ၂၀၁၈- ၂၀၁၉ ဒေသန္တရစီမံကိန်းရေးဆွဲရာ၌ ပြည်သူလူထုပိုမိုပါဝင်နိုင်ရန် ဖိတ်ခေါ်

**ဟားခါး အောက်တိုဘာ ၉**

ချင်းပြည်နယ်အစိုးရ၏ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းလျာထားချက်(မူကြမ်း) ရေးဆွဲပြုစုခြင်းကို စက်တင်ဘာလဆန်းမှစတင်ကာ မြို့နယ်အဆင့်တွင် သက်ဆိုင်ရာ မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်၍ မြို့နယ် ဒေသန္တရစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဝင်များက စတင်စုစည်းဆောင်ရွက်ခဲ့ရာထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထုပိုမို၍ ပါဝင်နိုင်ရန် ဖိတ်ခေါ်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများမှ ယခင်တင်ပြခဲ့သော တင်ပြချက်များကို အခြေခံ၍ စုစည်းထားကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြည်နယ်အဆင့် စာရင်းချုပ် စုစည်းရေးဆွဲခြင်းကို အောက်တိုဘာ ၃ ရက်မှစ၍ ဟားခါးမြို့တွင်သက်ဆိုင်ရာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ(မြို့နယ်အုပ်ချုပ်ရေးမှူး)များ၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး(မြို့နယ်စီမံကိန်းဦးစီးမှူး)များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်တာဝန်ခံဝန်ကြီးများက စုစည်းညှိနှိုင်းရေးဆွဲဆောင်ရွက်ပြီး ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးတွင် တင်ပြအတည်ပြုကာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အောက်တိုဘာ ၁၆ရက်အရောက် ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်းသိရသည်။

လာမည့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ကာဘဏ္ဍာရေးနှစ် အပြောင်းအလဲပြုလုပ်မည်ဖြစ်ပြီး ဧပြီ -မတ်လများအစား အောက်တိုဘာ - စက်တင်ဘာလအဖြစ် ပြောင်းလဲဆောင်ရွက်မည်ဖြစ်သည့်အပြင် ယခုနှစ်အတွက် ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် ၂၀၁၈ ဧပြီ- စက်တင်ဘာ (၆လစာ) နှင့် ၂၀၁၈ အောက်တိုဘာ - ၂၀၁၉ စက်တင်ဘာ (၁၂ လစာ) စုစုပေါင်း ၁၈ လစာ ရေးဆွဲ သွားရမည်ဖြစ်သည်။

ဒေသန္တရစီမံကိန်းလျာထားချက်ကို အခြေခံကာဘဏ္ဍာငွေခွဲဝေချထားပေးမှု ဆောင်ရွက်မည်ဖြစ်ကာ ချင်းပြည်နယ်မိဘပြည်သူများအနေဖြင့် မိမိတို့မြို့နယ်အလိုက် ဦးစားပေးဆောင်ရွက်စေလိုသော လုပ်ငန်းများအတွက် သက်ဆိုင်ရာမြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီမှတစ်ဆင့်လည်းကောင်း၊ မိမိတို့မြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဆင့်လည်းကောင်း၊ မိမိတို့၏ မြို့နယ် တာဝန်ခံဝန်ကြီးများထံမှလည်းကောင်း ဆက်သွယ် ဆောင်ရွက်ကြရန် ချင်းပြည်နယ်အစိုးရအဖွဲ့က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။



**နေစု(ချင်းရိုးမ)**

# မတ္တရာမြို့နယ်၌ နယ်မြေလုံခြုံရေးအတွက် ပိတ်ဆို့စစ်ဆေးမှုများပြုလုပ်

**မတ္တရာ အောက်တိုဘာ ၉** - မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် နယ်မြေလုံခြုံရေးနှင့် မသမာသူများက အကြမ်းဖက်မှုများမပြုလုပ်နိုင်ရေးအတွက် ပူးပေါင်းအဖွဲ့ဖြင့် မန္တလေး မိုးကုတ်ကားလမ်းနှင့် မြို့ထိပ်လမ်းဆုံတွင်ပိတ်ဆို့ ရှာဖွေစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါပူးပေါင်းအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းကြိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး ခင်ဝင်းဇော်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့ပေါ်(၅)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးတို့သည် ခရီးသည်ယာဉ်များ၊ ကုန်တင်မော်တော်ယာဉ်များအား ရပ်တန့်၍ တုတ်၊ ဓား၊ လက်နက်များ ရှာဖွေစစ်ဆေးခြင်း၊ လူမျိုးခြားများလိုက်ပါခြင်း ရှိ/မရှိစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းအဖွဲ့သည် ညစဉ် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မက္ကဆီကို ငလျင်အပျက်အစီးလေ့လာဆန်းစစ်ခြင်း

လှလှအောင်

၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့ နေ့ခင်းတွင် မက္ကဆီကိုနိုင်ငံ ပွေဘလိုမြို့၏ တောင်ဘက် ၅၅ ကီလိုမီတာ အကွာ လတ္တီတွဒ် ၁၈ ဒသမ ၅၈၄ ဒီဂရီ ၊ လောင်ဂျီတွဒ် ၉ ဒသမ ၃၈၈ ဒီဂရီ E ၊ မြေအောက်အနက် ၅၁ ကီလိုမီတာကို ဗဟိုပြု၍ ငလျင်ပြင်းအား ၇ ဒသမ ၁ ဖြင့် ငလျင်လှုပ်သွားခဲ့ကြောင်း USGS မှ ကြေညာသည်။ ငလျင်ကို လှုပ်စေသော ဖြစ်စဉ်သည် ထိုးခိုက်ဇုန်ရှိ သာမန်ပြတ်ရွေ့(Normal Faulting)၏ အရွေ့ကြောင့်ဖြစ်သည်။ ၁၉၈၅ ခုနှစ် ငလျင်ပမာဏ ၈ ဒသမ ဝ ဖြင့် လှုပ်သွားခဲ့ဖူးသော မက္ကဆီကိုနိုင်ငံ မစ်ချိုဟန် ငလျင်ကြီး၏ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ယခုတစ်ခါ ထပ်မံ၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မက္ကဆီကိုနိုင်ငံ ကမ်းလွန်၌ ပမာဏ ၈ ဒသမ ၁ ဖြင့် လှုပ်သွားသော ငလျင်ကြီးလှုပ်ပြီး ၁၂ ရက်အကြာတွင် ထပ်လှုပ်သော ငလျင်ဖြစ်သည်။ ယခုငလျင်လှုပ်ချိန်တွင် မက္ကဆီကို နိုင်ငံသူနိုင်ငံသားများသည် နှစ်ပတ်လည်အနေဖြင့် ငလျင်လေ့ကျင့်ခန်း၊ စုပေါင်းလေ့ကျင့်နေချိန်နှင့် ကိုက်ညီသွားခဲ့သည်။ ၁၉၈၅ ခုနှစ် ထိုငလျင်သည် အနက်တိမ်တွင် လှုပ်သွားသည့် ငလျင်ဖြစ်ပြီး ကမ်းလွန်ပင်လယ်ထဲတွင် ပြတ်ရွေ့လွန်ဖြစ်စဉ်ဖြင့် လှုပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့က ကမ်းလွန်ပင်လယ်ထဲတွင် လှုပ်ခဲ့သည့် ငလျင်သည် သာမန်ပြတ်ရွေ့ကြောင့် လှုပ်သကဲ့သို့ ယခု ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် သာမန်ပြတ်ရွေ့ကြောင့်ပင် လှုပ်သွားခဲ့သည်ဟု သိရသည်။ ယခုကဲ့သို့သော အင်အားကြီးငလျင်ကြီးပေါင်း(၁၉)ကြိမ်မျှကို လှုပ်ခတ်သော နေရာဒေသအတွင်း ရှေးကလည်း ငလျင်လှုပ်သွားခဲ့ဖူးသည့် မှတ်တမ်းများ ရှိသည်။ မက္ကဆီကိုစီးတီးမြို့နှင့် မဝေးကွာလှသော အနီး ပတ်ဝန်းကျင်တွင် မကြာခဏ ငလျင်ကြီးများလှုပ်သည့် အခါတိုင်း မက္ကဆီကိုစီးတီးမြို့၌ အပျက်အစီးများစွာ ကြုံတွေ့ခဲ့ရသည်။ ပြီးခဲ့သော ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့က လှုပ်ခဲ့သော အီတလီနိုင်ငံ နော်ဆီးယားငလျင်မှာလည်း ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ အစ်ချီးယားငလျင်၏ နှစ်ပတ်လည် မတိုင်ခင် နှစ်ရက်အလိုတွင် လှုပ်ခဲ့သည်။ ထိခိုက်ပျက်စီး သေဆုံးမှုများစွာနှင့်ကြုံတွေ့နေရသည်။ အဘယ်ကြောင့်ဆိုသော် မက္ကဆီကိုစီးတီးမြို့ကြီးတည်ရှိရာနေရာသည် ရှေးရေကန်ကြီးအတွင်းရှိ အနည်များဖုံးအုပ်ထားရာဒေသဖြစ်သည်။ ဟိမဝန္တာတောင်အခြေရှိ ခတ္တမန္ဒူသည်လည်း ရှေးကကန်ကြီးအတွင်းရှိ အနည်များပေါ်တွင် တည်ထားသဖြင့် ၂၀၁၅ ခုနှစ် ငလျင်အင်အားပမာဏ ၇ ဒသမ ၉ လှုပ်ရှား၍ အပျက်အစီးများစွာကြုံတွေ့ခဲ့ရသည်။ ထိုသို့ ကန်ဖို့မြေ (သို့) ရှေးကရေကန်ကြီးများနေရာသည် ငလျင်လှိုင်းဖြတ်သည့်အခါ ငလျင်လှိုင်းကို အတော်ကြာရပ်တန့်သွားစေသည့်အပြင် ငလျင်လှိုင်းကိုလည်း ကြီးမားသွားစေတတ်သည်။ ထို အခါ မခိုင်မြဲသော အဆောက်အအုံများပြိုစေရန် အားပေးသကဲ့သို့ ဖြစ်သွားစေသည်။ ငလျင်ဖြစ်ရပ်မှန်များမှ ငလျင်ဒဏ်ခံစားရသူတို့၏ ခံစားရန်အမျိုးမျိုးမှာ-

၁။ ငလျင်ကြီးမလှုပ်ခင် ငလျင်လှုပ်တော့မည်ဟု ခံစားစေနိုင်သည့် 'သိမ့်'ခနဲ သုံးကြိမ်လှုပ်တတ်ကြောင်း၊

၂။ တစ်ခါတစ်ရံ မိမိအိမ်အနီးမှ ကြီးမားသော ကားကြီးဖြတ်သွား၍ ခံစားရတတ်သည့် တုန်ခါမှုမျိုး ကြုံ၍ ခံစားရတတ်ကြောင်း၊

ယခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ မက္ကဆီကို ငလျင်ကြီးသည် မြေအောက်အနက် ၅၀ ကီလိုမီတာ ပင်လယ်အောက်ထိုးစိုက်ဇုန်၏ ကျောက်ထုချပ်အတွင်းရှိ သာမန်ပြတ်ရွေ့၏ အရွေ့ကြောင့်ဖြစ်သည်။ ယခုနှစ်မှာပင် စက်တင်ဘာလ ၇ ရက်နေ့ မက္ကဆီကို ကမ်းလွန်တွင် လှုပ်သွားခဲ့သော ငလျင်မှာ လှုပ်သည့် နေရာကွာခြားသော်လည်း အနက် ၅၀ ကီလိုမီတာ ပင်လယ်အောက်ထိုးစိုက်ဇုန်တွင် ကျောက်ထုချပ်အတွင်းရှိ သာမန်ပြတ်ရွေ့၏ အရွေ့ကြောင့်ပင်ဖြစ်သည်။ မက္ကဆီကိုစီးတီးရှိ အထပ်မြင့် တိုက်တစ်တိုက်မှာ ခဏတွင်း အုတ်ပုံဖြစ်သွားခြင်း၊ လေယာဉ်ကွင်းကွန်ကရစ်မျက်နှာပြင်ပြေးလမ်းတစ်ဖက်သို့ စောင်းသွားပုံကို လည်းကောင်း၊ လမ်းများကွဲအက်၍ အဆင့်အဆင့် ဆင်းကျသွားပုံကိုလည်းကောင်း ငလျင်ဗီဒီယိုများမှ တွေ့ရှိခဲ့ရသည်။ ဤအခြင်းအရာများသည် သာမန်ပြတ်ရွေ့ (Normal Fault) အရွေ့ကြောင့် မူလပုံစံပြောင်းလဲသွားရသည့် အခြင်းအရာများဖြစ်သည်။

> **မက္ကဆီကိုစီးတီးရှိ အထပ်မြင့် တိုက်တစ်တိုက်မှာ ခဏတွင်း အုတ်ပုံဖြစ်သွားခြင်း၊ လေယာဉ်ကွင်းကွန်ကရစ်မျက်နှာပြင် ပြေးလမ်းတစ်ဖက်သို့ စောင်းသွားပုံကိုလည်းကောင်း၊ လမ်းများကွဲအက်၍ အဆင့်အဆင့် ဆင်းကျသွားပုံကို လည်းကောင်း ငလျင်ဗီဒီယိုများမှ တွေ့ရှိခဲ့ရ**

ဤသို့ မက္ကဆီကိုစီးတီးနှင့် အနီးပတ်ဝန်းကျင်မြို့များ ကျယ်ပြန့်စွာ ပျက်စီးသွားရသည့် ဤငလျင်သည်-

ကိုကိုးကျောက်ထုချပ် (Cocos Plate) က မြောက်အမေရိက ကျောက်ထုချပ် (North America Plate) က အောက်သို့ထိုးခိုက်သွားသည့် အကြောင်းရင်းကြောင့်ဖြစ်သည်။ ငလျင်သည် ကိုကိုးကျောက်ထုချပ်အတွင်း လှုပ်ခြင်းဖြစ်သည်။




ကျောက်ထုချပ် (Lithospheric Plate)သည် အရက်နစ်ကျောက်နှင့် ဗဆော့ကျောက်တို့ဖြင့် ဖွဲ့စည်းထားပြီး အထု (thickness) မှာ ၇၀ ကီလိုမီတာ(မိုင်အားဖြင့် ၅၀ နီးပါး)ရှိကာ အိန္ဒိယတိုက်ကြီးသို့ ထုထည်ကြီးမားစွာဖြင့် အချပ်လိုက်ကမ္ဘာကြီးကို ဖုံးအုပ်ထားသည်။

မက္ကဆီကိုစီတီးနှင့်တကွ ဘေးပတ်လည်ရှိ မြို့များစွာသည် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက် ငလျင်အင်အား (၇-၁) ကုန်းတွင်းငလျင်ကြီးကြောင့် ပျက်စီးမှုအင်အားများပြားခဲ့သည်။

မီဒီယာသတင်းများ၊ ဗီဒီယိုရိုက်ချက်များ၊ ဓာတ်ပုံသတင်းများအရ ဆန်းစစ်ကြည့်လျှင်

(၁) ပျက်စီးမှုအင်အားပြင်းသည်။

(၂) ပျက်စီးရမှု၊ ခံစားရမှု ဧရိယာကျယ်ဝန်းသည်။

(က) ကွန်ကရစ်တိုင်/စတီးတိုင်များ တွန့်လိမ်ကောက်ကွေးသွားပြီး အထပ်လိုက်ဆင့်ကာ ပိပြားသွားသည့် မူလတန်းကျောင်း တစ်ကျောင်း၏ မြင်ကွင်း၊ ထိုသို့ ပိပြားသွားသည့်အတွက် ကလေးငယ် ၂၂ ဦး၊ သက်ကြီးနှစ်ဦး သေဆုံးကြရကာ၊ ကျန်ကလေးငယ် ၃၀ ပျောက်ဆုံးခဲ့ရသည်။ ငလျင်ဗဟိုသည် မက္ကဆီကိုစီတီး၏ တောင်ဘက်နားတွင်ဖြစ်သည်။

(ခ) အထပ်မြင့်တိုက်သည် ပြိုလဲပျက်စီးခြင်းမဟုတ်၊ ခဏတွင်းအုတ်ပုံဖြစ်သွားခြင်း၊ ဗီဒီယိုရိုက်ချက်၊

(ဂ) အဆောက်အအုံ၏ ခေါင်မိုးအောက်တွင် ပိပြားသွားသည့်မြင်ကွင်း

(ဃ) လေယာဉ်ကွင်းကွန်ကရစ်မျက်နှာပြင် တိမ်းစောင်းသွားသည့်မြင်ကွင်း

(င) လမ်းများဆင့်ကာနိမ့်ဆင်းသွားသည့်မြင်ကွင်း

အစရှိသဖြင့် ပုံစံခြားနားစွာ ပျက်စီးနေမှုများကို ဆန်းစစ်လေ့လာတွေ့ရှိရသည်။

- ငလျင်ပမာဏ(၈-၁) ငလျင်ထက်ငလျင်ပမာဏ ၇ ငလျင်ကြောင့် မက္ကဆီကိုစီးတီးက ပို၍ ပျက်စီးသွားခဲ့သည်။

- အချို့အထပ်မြင့်အဆောက်အအုံပြိုကျပုံမှာ တိမ်းစောင်းလဲပြိုသွားသည်မဟုတ်ဘဲ ဒေါင်လိုက်ပိပြားသည်။ အဆောက်အအုံထဲသို့ ဝင်ရန်ပင်ခက်ခဲသွားစေသည်။ ပိပြားသွားသည့်ပုံစံသည် မြေအောက်အနက် ၅၀ ကီလိုမီတာ အကွာတွင် သာမန်ပြတ်ရွေ့ အရွေ့ကြောင့် မူလမြေမျက်နှာပြင်သည် မြေအောက်သို့ ဆင်းကျသွားသောကြောင့်ဖြစ်သည်။ ထို့အပြင် ယခုကဲ့သို့ကြီးမားသော ပျက်စီးရမှု၏ အကြောင်းတရားမှာ ငလျင်ဗဟို၏မြောက်ဘက်တွင်တည်ရှိသောမက္ကဆီကိုစီးတီးသည်ရှေးရေကန်အနည်များပေါ်တွင် တည်ထား၍ ငလျင်တုန်ခါမှုကို မြေနုများ ပို၍ကြာစေမှုကြောင့် ပို၍ပြင်းစေခဲ့ခြင်းဖြစ်သည်။

## စနစ်မတူသောနိုင်ငံများနှင့် မြန်မာစာအုပ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၉**

ကမ္ဘာ့နိုင်ငံအသီးသီးသည် အခြေအနေမတူညီကြသည့် အချက်များကြောင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံဖွံ့ဖြိုးမှု မတူကွဲပြားနေကြသည်ကို ဖော်ညွှန်းထားသည့် စာရေးဆရာ မော်သာထွေး (မန္တလေး) ရေးသားသော စနစ်မတူသော နိုင်ငံများနှင့် မြန်မာဆိုသည့် စာအုပ်ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် စာရေးသူက လူသားချင်းတူညီပါလျက် အချို့နိုင်ငံများတွင် လွန်စွာဆင်းရဲပြီး အချို့နိုင်ငံများတွင် လွန်စွာချမ်းသာနေသည့် မတူကွဲပြားရသော အကြောင်းအရင်းများကို ထင်သာမြင်သာရှိသော ၁၀ နိုင်ငံအား ရွေးထုတ်လေ့လာ၍ ရေးသားထားသည်။




စာရေးသူက နိုင်ငံများအကြောင်း လေ့လာရာတွင် အဆိုပါနိုင်ငံများ၏ သမိုင်းကြောင်း ရာဇဝင်မှအစ ပြည့်စုံစွာ ဖော်ပြမှသာ မတူကွဲပြားရခြင်း၏ အကြောင်းအရင်းကို ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း ကွက်ကွက်ကွင်းကွင်း မြင်နိုင်စေရန် မီးမောင်းထိုးဖော်ပြရေးသားထားကြောင်း တွေ့ရသည်။

(မြန်မာ့အလင်း)

## ကူးစက်ရောဂါများအား လက်ဆေးခြင်းဖြင့် ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

လူတိုင်းအစားအစာနှင့် အရာဝတ္ထုများကို မိမိလက်ဖြင့် နေ့စဉ်ကိုင်တွယ်စားသောက်အသုံးပြုသောကြောင့် လူတို့၏လက်တွင် ရောဂါပိုးများနှင့် အညစ်အကြေးများ နေ့စဉ် ကပ်ငြိနေနိုင်ပါသည်။ ထိုသို့ရောဂါပိုးများ ကပ်ငြိနေသောကြောင့် အောက်ဖော်ပြပါ ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

* ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသည်းရောင်အသားဝါရောဂါ
* ပိုလီယိုရောဂါ
* သန်ကောင်ကြောင့် ဖြစ်ပွားသောရောဂါများ
* အရေပြားသန့်ရှင်းမှုမရှိသောကြောင့် ဝဲ၊ ဒက်၊ ယားနာ၊ ပြည်တည်နာများ ဖြစ်ပွားပြီး အခြားသူသို့ကူးစက်လွယ်ခြင်း၊ ပျောက်ကင်းရန်အချိန်ကြာမြင့်ခြင်း။

**ကာကွယ်ရန်နည်းလမ်းများ**

၁။ အလွယ်ကူဆုံးနှင့် စရိတ်အသက်သာဆုံးနည်းလမ်းမှာ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း ဖြစ်သည်။

၂။ အစားအစာမကိုင်တွယ်မီ၊ အစာမစားမီ၊ အိမ်သာတက်ပြီးတိုင်း၊ ကလေးအညစ်အကြေးကိုင်တွယ်ပြီးတိုင်း၊ အမှိုက်သရိုက်ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်တိရစ္ဆာန်၊ အိမ်မွေးတိရစ္ဆာန်များ ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်၊ အသားငါး၊ ဥများကိုင်တွယ်ပြီးတိုင်း၊ လူနာများကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့်စနစ်တကျစင်ကြယ်အောင် ဆေးကြောရန်လိုအပ်ပါသည်။

**သို့ဖြစ်ပါ၍ လူတိုင်းမိမိလက်ကိုဆပ်ပြာနှင့် စင်ကြယ်အောင် စနစ်တကျဆေးကြောရန်နှင့် သူတစ်ပါးကိုလည်း လက်ကိုစင်ကြယ်အောင် စနစ်တကျဆေးကြောကြရန်သတိပေးခြင်းဖြင့် ပြည်သူလူထုအတွင်း ကူးစက်ရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## တောင်ကုတ်မြို့၌ ခရီးသွားအာမခံလုပ်ငန်း လျော်ကြေးငွေပေးအပ်

**တောင်ကုတ် အောက်တိုဘာ ၉**

မြန်မာ့အာမခံလုပ်ငန်း သံတွဲခရိုင်ရုံးမှ ကြီးမှူး၍ စက်တင်ဘာ ၁၈ ရက်က ရဲအောင်လံအမြန်ယာဉ် တိမ်းမှောက်မှု ဖြစ်ပွားရာ၌ ပါဝင်သွားသူများအား သူတစ်ပါးထိခိုက်မှု အာမခံနှင့်ခရီးသွား အာမခံလျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက်က တောင်ကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက သေဆုံးသူ ငါးဦး၏ မိသားစုဝင်များအားလည်းကောင်း၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ဒဏ်ရာရရှိသူ ၂၉ ဦးအတွက်လည်းကောင်း လျော်ကြေးငွေများပေးအပ်ရာ သေဆုံးသူမိသားစုဝင်များနှင့် နတ်မော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးအောင်ထွန်းက လက်ခံရယူပြီးနောက် ရဲအောင်လံမိသားစုက သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့လှူဒါန်းကာ မြို့နယ်နာရေးကူညီမှုအသင်းသို့ အလှူငွေများလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

**တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏။**





အောက်တိုဘာ ၈ ရက်က စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားဂေါပကအဖွဲ့က ဦးဆောင်၍ (၂၅)ကြိမ်မြောက် ဝါတွင်းအဓိဋ္ဌာန်အောင်ပွဲ မဟာနဝင်္ဂအလှူတော်အောင်ပွဲအဖြစ် ဘုရားကြီးအရိပ်တော်အောက်ရှိ နဝဂုဏဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များအသင်းနှင့် ခုနစ်ရက်သားသမီးအလှူရှင်များက ဘုရားကြီးဂန္ဓကုဋိတိုက်အတွင်း၌ သံဃာအပါး ၉၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူစဉ် တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ပဲခူးမြို့နယ်အတွင်း ရေနံတူးဖော်ခြင်းလုပ်ငန်းအား ဒေသခံပြည်သူများအား အသိပေးရှင်းလင်း

**ပဲခူး အောက်တိုဘာ ၉**

ပဲခူးမြို့သီရိဟံသာခန်းမ၌ အောက်တိုဘာ ၇ ရက်က ရေနံတူးဖော် လုပ်ကိုင်ခြင်း မစတင်မီ မြို့နယ်အတွင်း ဒေသခံပြည်သူများဖြင့် တွေ့ဆုံရှင်းလင်းပွဲ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက ရေနံတွင်းများ စတင်တူးဖော်ရာတွင် ဧရိယာအတွင်းကျရောက်မည့် တောင်သူလယ်သမားများ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးနှင့် အန္တရာယ်ကင်းအောင် ဆောင်ရွက်ပေးစေလိုကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မန်နေဂျာ ဦးစိုးညွန့်က ယခုစီမံကိန်းမစတင်မီ ဧရိယာရှာဖွေခြင်း၊ အစမ်းတူးဖော်မည့် နေရာများသို့ စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ဆောင်ရွက်ထားရှိကြောင်း ပြောကြားပြီးနောက် Pacific Hunt Energy မှ တာဝန်ရှိသူ ဦးကျော်ကျော်နိုင်က ရေနံစမ်းသပ်တူးဖော်ခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာ အချက်အလက်များကိုလည်းကောင်း၊ Artelia Myanmar Co.ltd. မှ တာဝန်ရှိသူ မသုယဉ်ထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းမှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအားလည်းကောင်း ပါဝါပွိုင့်ဖြင့် အသီးသီးရှင်းလင်းတင်ပြသည်။



ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာများမှ တောင်သူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲသို့ ပဲခူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အင်ဂျင်နီယာပညာရှင်များ တက်ရောက်ကြသည်။

**ကိုလွင်(ဆွာ)**

# မြေလွတ်မြေလပ်များတွင် သီးနှံစိုက်ပျိုးသူများ ယာယီလုပ်ကိုင်

**နေပြည်တော် အောက်တိုဘာ ၉**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် နိုင်ငံ့ဝန်ထမ်းများနေထိုင်ရာ ရပ်ကွက်များအတွင်းရှိ မြေလွတ်မြေလပ်များတွင် ယင်းတို့၏အစီအစဉ်ဖြင့် သီးပင်စားပင်များကို စိုက်ပျိုးထားရှိရာ သုခသိဒ္ဓိရပ်ကွက် တိုက်အမှတ်(၄၃၇၆)၊ (၄၃၇၅) အနီး ငါးကေခန့်ရှိ ငှက်ပျောစိုက်ခင်းမှ ငှက်ပျောသီးများထွက်ရှိပြီး နီးစပ်ရာချယ်ရီဈေး ငှက်ပျောသီးအရောင်းဆိုင်သို့ တင်ပို့ရောင်းချလျက်ရှိသည်။

"ကျွန်တော်တို့ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်နဲ့ ရုံးအပြန်အားလပ်တဲ့အချိန်တွေမှာ တိုက်ရှေ့ လမ်းတစ်ဖက်မှာရှိတဲ့ သီးပင်၊ စားပင်တွေကို စိုက်ပျိုးပြုစုထားတာ ရှိပါတယ်။ ကိုယ်စားလို့ပိုလျှံတဲ့ အသီးအနှံ၊ ဥပမာ ငှက်ပျောသီးဆိုရင် နီးစပ်ရာဈေးကို ရောင်းပြီး အပိုဝင်ငွေလေးရှာရတာပေါ့" ဟု ကိုလှမျိုးဝင်းက ပြောသည်။

ထို့အပြင် ဇမ္ဗူသီရိမြို့နယ်အတွင်းမှာရှိသည့် မြေလွတ်မြေလပ်များပေါ်တွင် ယခင်အခါက ပိုင်ဆိုင်ခဲ့သော တောင်သူများက မိမိတို့ရှိ ကျွဲ၊ နွားများဖြင့်ထွန်ယက်ပြီး စပါးသီးနှံအပါအဝင် မြေပဲ၊ နှမ်းနှင့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးလျက်ရှိကြောင်း တွေ့မြင်ရသည်။

"ကျွန်တော်တို့က အရင်ရွာဟောင်းတုန်းက ဒီနေရာမှာ စိုက်ပျိုးခဲ့တဲ့ တောင်သူတွေပါ။ နိုင်ငံတော်က စီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်တော့မယ်ဆိုရင် ကျွန်တော်တို့ ဖယ်ပေးသွားမှာပါ။ လက်ရှိမှာတော့ မြေတွေအားလပ်နေတဲ့အတွက် ကိုယ့်ဝမ်းစာလေးရသလောက် လာရောက်စိုက်ပျိုးတာပါ။ အကျိုးအမြတ်များများစားစား ရှိလို့မဟုတ်ပါဘူး"ဟု ယခင်တောင်သူဟောင်း တစ်ဦးက ပြောသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ပွင့်ဖြူမြို့နယ်၌ ပြည်ထောင်စုဘတ်ဂျက် သန်း ၂၅၀၀ အသုံးပြု၍ မုန်းချောင်းကူးတံတားသစ်တစ်စင်းဆောက်လုပ်

**ပွင့်ဖြူ အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ခွင့်ပြုယာဉ်တန်ချိန် ၆၀ ထိ ခံနိုင်ဝန်ရှိပြီး ပေ ၃၀ အကျယ် မုန်းချောင်းဖြတ်ကူးတံတားအသစ်တစ်စင်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်သန်း ၂၅၀၀ ဖြင့် ဆောက်လုပ်နေကြောင်း သိရသည်။



ဆောက်လုပ်မည့် တံတားသစ်အနီးတွင် ၁၃၁၂ ပေ ရှည်ပြီး သက်တမ်း ၁၉ နှစ်ရှိသည့် မုန်းချောင်းတံတားဟောင်း (ပွင့်ဖြူ)တည်ရှိပြီး တံတား၏ခံနိုင်ဝန်နှင့် မော်တော်ယာဉ်များ သွားလာမှုအခက်အခဲများကြောင့် ယခုတံတားသစ်ကို တည်ဆောက်ရခြင်းဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်မှ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းက ပြောသည်။

" ပြည်ထောင်စုဘတ်ဂျက် ရန်ပုံငွေကျပ်သန်း ၂၅၀၀ နဲ့ တံတားသစ် တည်ဆောက်ဖို့ တံတားအထူးအဖွဲ့ (၅)ကို တာဝန်ပေးအပ်ထားတယ်လို့ သိရပါတယ်။ ၂၀၁၇ မေလကစတင်ပြီး လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ မတ်လအကုန်မှာ ပြီးစီးမှာပါ" ဟု ဦးတင့်ဆန်းက ပြောသည်။

ယခင်တံတားဟောင်းမှာ RC ရေလယ်တိုင်ဖြင့် ၁၉၉၈ ခုနှစ် မတ် ၃၁ ရက်တွင် ဆောက်လုပ်ခဲ့သည့် တစ်လမ်းသွား ဘေလီတံတား အမျိုးအစားဖြစ်ပြီး တံတားသစ်မှာ လူသွားလမ်းအကျယ် ၃ ပေ၊ နှစ်ဖက်ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ Substructure လုပ်ငန်း၊ တံတားအရှည် ပေ ၁၃၀၀၊ အောက်ခံအုတ်မြစ် 1.2m Bored Pile တံတားကိုယ်ထည် သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် ရေလယ်တိုင် တံတားအပေါ်ထည် 100' PC Girder သံကူကွန်ကရစ်ကြမ်းခင်း၊ လက်ရန်းတို့ ပါဝင်ကြောင်း သိရှိရသည်။

မုန်းချောင်းတံတား (ပွင့်ဖြူ) တည်ဆောက်ခြင်းလုပ်ငန်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီး ဦးတင်နွယ်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်တို့က မင်္ဂလာပန္နက်တင်ခြင်းနှင့် အမွှေးနံ့သာ ရည်ပက်ဖျန်းခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

# ကူးစက်ရောဂါများအား လက်ဆေးခြင်းဖြင့် ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

လူတိုင်းအစားအစာနှင့် အရာဝတ္ထုများကို မိမိလက်ဖြင့် နေ့စဉ်ကိုင်တွယ်စားသောက်အသုံးပြုသောကြောင့် လူတို့၏လက်တွင် ရောဂါပိုးများနှင့် အညစ်အကြေးများ နေ့စဉ်ကပ်ငြိနေနိုင်ပါသည်။ ထိုသို့ရောဂါပိုးများ ကပ်ငြိနေသောကြောင့် အောက်ဖော်ပြပါရောဂါများ ဖြစ်ပွားနိုင်ပါသည်။

- ❏ ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသည်းရောင်အသားဝါ ရောဂါ
- ❏ ပိုလီယိုရောဂါ
- ❏ သန်ကောင်ကြောင့်ဖြစ်ပွားသောရောဂါများ
- ❏ အရေပြားသန့်ရှင်းမှု မရှိသောကြောင့် ဝဲ၊ ဒက်၊ ယားနာ၊ ပြည်တည်နာများ ဖြစ်ပွားပြီး အခြားသူသို့ ကူးစက်လွယ်ခြင်း၊ ပျောက်ကင်းရန် အချိန်ကြာမြင့်ခြင်း။

**ကာကွယ်ရန်နည်းလမ်းများ**

၁။ အလွယ်ကူဆုံးနှင့် စရိတ်အသက်သာဆုံးနည်းလမ်းမှာ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းဖြစ်သည်။

၂။ အစားအစာမကိုင်တွယ်မီ၊ အစာမစားမီ၊ အိမ်သာတက်ပြီးတိုင်း၊ ကလေးအညစ်အကြေး ကိုင်တွယ်ပြီးတိုင်း၊ အမှိုက်သရိုက်ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်တိရစ္ဆာန်၊ အိမ်မွေးတိရစ္ဆာန်များ ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်၊ အသားငါး၊ ဥများ ကိုင်တွယ်ပြီးတိုင်း၊ လူနာများကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့် စနစ်တကျ စင်ကြယ်အောင်ဆေးကြောရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ လူတိုင်း မိမိလက်ကို ဆပ်ပြာနှင့်စင်ကြယ်အောင် စနစ်တကျဆေးကြောရန်နှင့် သူတစ်ပါးကိုလည်း လက်ကိုစင်ကြယ်အောင် စနစ်တကျဆေးကြောကြရန် သတိပေးခြင်းဖြင့် ပြည်သူလူထုအတွင်း ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# လက်ဆေးကြပါစို့

ဒေါက်တာမြတ်ထွင့်ညွန့်

**မှန်မှန်ကန်ကန်လက်ဆေးခြင်းဖြင့် တုပ်ကွေးပိုးအပါအဝင် ရောဂါပိုးပေါင်းများစွာကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်သည်။ သို့သော် လက်ဆေးနည်းမှန်ကန်ဖို့လိုသလို လက်ဆေးရန် ရေနှင့်ဆပ်ပြာတို့ အလွယ်တကူရရှိနိုင်ဖို့လည်း အရေးကြီးပါသည်။**

**လက်ဆေးခြင်းဖြင့် ကာကွယ်နိုင်သောရောဂါများ**

လက်ဆေးခြင်းဖြင့် ရောဂါများစွာကိုကာကွယ်နိုင်သည်။ အထူးသဖြင့် တုပ်ကွေးရောဂါကဲ့သို့သော အသက်ရှူလမ်းကြောင်းတွင် ဖြစ်ပွားသောကူးစက်ရောဂါများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အူရောင်ငန်းဖျားရောဂါနှင့် သန်ကောင်ရောဂါပိုးများကို ကာကွယ်ပေးနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေနှင့်ဆပ်ပြာသုံးကာ လက်ဆေးခြင်းအလေ့အထကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးရုံနှင့်ပင် ကလေးငယ်သေဆုံးနှုန်းကို ၅၀ ရာခိုင်နှုန်းအထိပင် လျော့ကျစေနိုင်ကြောင်း သုတေသနများအရ သိရသည်။ ကလေးငယ်များတွင် နမိုးနီးယားအဆုတ်ရောင်ရောဂါသည် အဖြစ်များသော ရောဂါဆိုးတစ်မျိုးဖြစ်ပြီး တစ်နှစ်လျှင် ကလေး ၁ ဒသမ ၈ သန်းသည် နမိုးနီးယားအဆုတ်ရောင်ရောဂါကြောင့် သေဆုံးနေကြရလျက်ရှိသည်။ နမိုးနီးယားအဆုတ်ရောင်ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါနှစ်မျိုးပေါင်းလျှင် ကလေး ၃ ဒသမ ၅ သန်း နှစ်စဉ်သေဆုံးလျက်ရှိသည်။ ထိုသို့သောရောဂါများဖြစ်ပွားမှုကို လက်ဆေးခြင်းအားဖြင့် ကာကွယ်ပေးနိုင်သည်။

**လက်ဆေးရမည့်အချိန်**

လက်ဆေးခြင်းကို မဖြစ်မနေဆောင်ရွက်ရမည့်အခြေအနေများမှာ ငါးမျိုးရှိပါသည်။ ယင်းတို့မှာ -

၁။ အိမ်သာတက်ပြီးချိန်
၂။ ကလေးငယ် အညစ်အကြေးများကို သန့်ရှင်းရေးလုပ်ပြီးချိန်
၃။ ကလေးကို အစာမခွံ့မီ
၄။ အစာမစားမီနှင့်
၅။ အစားအစာများကို ချက်ပြုတ်ပြင်ဆင်ခြင်း၊ အသားငါးများကို ကိုင်တွယ်ခြင်းမပြုမီတို့ပင်ဖြစ်သည်။ ထို့အပြင် ခွေး၊ ကြောင်စသည့် အိမ်မွေးတိရစ္ဆာန်များကို ထိတွေ့ကိုင်တွယ်ပြီးချိန်၊ တိရစ္ဆာန်အညစ်အကြေးများကိုင်တွယ်သန့်ရှင်းပြီးချိန်၊ နှာရည်ယို၊ ချောင်းဆိုး၊ နှာချေပြီးသည့်အခါ နှာရည်ကို သန့်စင်ပြီးချိန်၊ နေမကောင်းသူကို ပြုစုပြီးချိန်၊ အမှိုက်ပုံးသွန်ပြီးချိန်၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လူနာကြည့်ရှုစမ်းသပ်ပြီးချိန်များတွင် လက်ဆေးရန်လိုပါသည်။

ထို့အပြင် တုပ်ကွေးရောဂါ၊ ဝမ်းပျက်ရောဂါအဖြစ်များနေသော ကာလများတွင် တံခါးလက်ကိုင်၊ လက်ရန်း၊ ဘတ်စ်ကားလက်ကိုင်၊ ပိုက်ဆံစသည်တို့ကို ကိုင်တွယ်ပြီးသည့်အခါများတွင်လည်း လက်ဆေးရပါမည်။

**ဘာနဲ့ လက်ဆေးမလဲ**

အကောင်းဆုံးမှာ ရေနှင့်ဆပ်ပြာကိုသုံးကာ လက်ဆေးဖို့ဖြစ်ပါသည်။ ဆေးသောရေမှာလည်း သန့်သောရေဖြစ်ဖို့လိုပါသည်။ ဆပ်ပြာမှာလည်း ဆပ်ပြာတုံးထက် ဆပ်ပြာရည်က ပိုကောင်းပါသည်။ ယခုအခါ သာမန်ဆပ်ပြာများအပြင် ဗက်တီးရီးယားပိုးသတ်ဆေးပါသော ဆပ်ပြာများကိုလည်း ရောင်းချနေကြသည်ကို တွေ့ရပါသည်။ ပိုးသတ်ဆေးပါသောဆပ်ပြာများတွင် triclosan အမည်ရှိ ပိုးသတ်ဓာတ်တစ်မျိုး ပါပါသည်။ ထို့ကြောင့် ရေရှည်သုံးစွဲပါက ဆေးယဉ်ပါးသည့်ရောဂါပိုးများ ဖြစ်လာနိုင်သည်ဟု တချို့ပညာရှင်များက သတိပေးထားကြပါသည်။ ထို့အပြင် သာမန်ဆပ်ပြာသည်လည်း ရောဂါပိုးများကို ထိထိရောက်ရောက် ကာကွယ်နိုင်သဖြင့် သာမန်ဆပ်ပြာကိုပင် စိတ်ချလက်ချသုံးစွဲနိုင်ပါသည်။

ရေနှင့်ဆပ်ပြာ မရနိုင်သောအခြေအနေမျိုးတွင် အရက်ပျံပါသော လက်ဆေးရည်ဘူးများကို သုံးနိုင်ပါသည်။ Hand sanitizers,hand gel စသည့်အမည်အမျိုးမျိုးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ ထိုသို့သော အရက်ပျံပါသည့် လက်ဆေးရည်များမှာ တာရှည်သုံးစွဲပါက လက်အသားအရေခြောက်သွေ့ခြင်း၊ တချို့တွင် ဓာတ်မတည့်ခြင်းများ ဖြစ်တတ်ပါသည်။ ထို့အပြင် အလွန်အမင်း ညစ်ပတ်နေပါက ယခုကဲ့သို့သော လက်ဆေးရည်များနှင့် ဆေးလို့မရနိုင်ပါ။ ထို့ကြောင့် အရက်ပျံပါသည့် လက်ဆေးရည်ကို ရေနှင့်ဆပ်ပြာ မရနိုင်မှသာ သုံးစွဲသင့်ပါသည်။

**လက်ဆေးနည်း**

လက်ဆေးမည်ဆိုလျှင် ရေစိုရုံဆေးလို့မရ။ နည်းစနစ် တိကျမှန်ကန်ဖို့လိုပါသည်။ လက်ဆေးနည်းမှန်ကန်မှသာ ရေနှင့်ဆပ်ပြာ ကုန်ရကျိုးနပ်မည်ဖြစ်သည်။ မှန်မှန်ကန်ကန် လက်ဆေးရန်အတွက် အောက်ပါအဆင့် (၁၁) ဆင့်ကို အတိအကျလိုက်နာဆောင်ရွက်ဖို့လိုပါမည်။

၁။ လက်ကိုရေဖြင့် စိုစွတ်အောင်ဆေးပါ။ ရေဘုံဘိုင်တွင် ဆေးသည်ဆိုပါက လက်စိုစွတ်ပြီးပါက ရေကိုပိတ်ပါ။
၂။ ဆပ်ပြာအနည်းငယ်ယူပါ။
၃။ လက်ဖဝါးနှစ်ဖက်ကို ပွတ်ပါ။ ဆပ်ပြာမြှုပ်ကောင်းကောင်းထသည်အထိ ပွတ်တိုက်ပါ။
၄။ လက်ချောင်းကြားများအထဲ နှံ့စပ်စေရန် လက်တစ်ဖက်၏ လက်ဖမိုးအပေါ် အခြားလက်တစ်ဖက်၏ လက်ဖဝါးဖြင့် ထပ်လျက် ပွတ်တိုက်ပါ။ လက်ချောင်းကလေးများကြားထဲ နှံ့နှံ့စပ်စပ်ပွတ်တိုက်ရန်လိုပါသည်။ တစ်ဖက်ပြီးပါက အခြားလက်တစ်ဖက်ဖြင့် လက်အပေါ်အောက်ပြောင်းပြီး ပွတ်တိုက်ပါ။
၅။ လက်ဖဝါးချင်းထပ်လျက် ပွတ်တိုက်ပါ။ အထူးသဖြင့် လက်ချောင်းကလေးများ၏ အကျိုအကြားထဲ နှံ့စပ်အောင်ပွတ်ပါ။
၆။ လက်ချောင်းထိပ်ကလေးများ တစ်ဖက်နှင့်တစ်ဖက် ချိတ်ထားသကဲ့သို့ လက်ချောင်းထိပ်အချင်းချင်း တစ်ဖက်၏ လက်ချောင်းနောက်ဘက်ကို အခြားတစ်ဖက်၏ လက်ဖဝါးဘက်ဖြင့် ချိတ်ကိုင်ပြီး ပွတ်တိုက်ပါ။ တစ်ဖက်ပြီးပါက အခြားတစ်ဖက်ကို ပြောင်းလုပ်ပါ။
၇။ လက်မကို အခြားလက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ပွတ်လှည့်ပါ။ တစ်ဖက်ပြီးပါက အခြားတစ်ဖက်ကိုပါ ပြောင်းလုပ်ပါ။
၈။ လက်ချောင်းထိပ်ကလေးများကိုစုလျက် အခြားလက်ဖဝါးထဲထည့်ကာ ပွတ်တိုက်ပါ။ လက်ချောင်းထိပ်ကလေးများ သန့်ရှင်းစေရန်အတွက် ဖြစ်ပါသည်။ လက်တစ်ဖက်ပြီးပါက အခြားတစ်ဖက်ပြောင်းလုပ်ပါ။
၉။ လက်ကောက်ဝတ်ပိုင်းကို အခြားလက်တစ်ဖက်ဖြင့် သန့်စင်အောင် ပွတ်တိုက်ပါ။ တစ်ဖက်ပြီးပါက အခြားတစ်ဖက်ပြောင်းလုပ်ပါ။
၁၀။ ရေဖြင့်ဆေးကြောပါ။
၁၁။ သန့်စင်သော စက္ကူတစ်ရှူး၊ အဝတ်စဖြင့် ခြောက်သွေ့အောင်သုတ်ပါ။ ထိုအခါသန့်စင်သော လက်အစုံကိုရပါပြီ။

လက်ဆေးရာတွင် မြန်ဖို့မလိုပါ။ အကြမ်းဖျင်းအားဖြင့် လက်ဆေးခြင်းသည် အနည်းဆုံး စက္ကန့်၂၀မှ ၃၀ အတွင်း ကြာသင့်ပါသည်။ လက်ခြောက်ရန် နောက်ထပ် စက္ကန့် ၂၀ ခန့် ထပ်ကြာနိုင်သဖြင့် စုစုပေါင်း စက္ကန့် ၄၀ ခန့် ကြာမြင့်သင့်ပါသည်။ မြန်မြန်ဆေးကြောခြင်းဖြင့် နှံ့စပ်မှုမရှိသလို လက်ဆေးခြင်းကြောင့်ရနိုင်သည့် ကောင်းကျိုးအပြည့်အဝမရပါ။

**လက်ဆေးရုံပဲလား**

လက်ဆေးရုံမျှဖြင့်ပင် ရောဂါပိုးပေါင်းများစွာ၏ ကူးစက်ခံရမှုကို လျော့နည်းစေနိုင်သော်လည်း လက်သည်းသန့်ရှင်းရေးကိုလည်း အထူးဂရုပြုရပါမည်။ အထူးသဖြင့် မြန်မာလူမျိုးများသည် လက်ဖြင့်ထမင်းစားလေ့ရှိကာ လက်သန့်ဖို့ပိုလိုပါသည်။ လက်သည်းများကြားထဲတွင် အညစ်အကြေး၊ မြေကြီးစသည်တို့ဝင်နေသည့်အခါ ရေနှင့်ဆပ်ပြာသုံးပြီး ဆေးကြောသည့်တိုင် လုံးဝသန့်စင်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် လက်သည်းများကို အနည်းဆုံးတစ်ပတ်တစ်ကြိမ် လှီးဖြတ်သန့်စင်ထားရပါမည်။ ထို့အပြင် မြေကြီးကိုင်တွယ်ခြင်း၊ အသားစိမ်း ငါးစိမ်းကိုင်တွယ်ခြင်း၊ ဓာတုဆေးများ (ဥပမာ- ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ မှိုသတ်ဆေး) စသည်တို့ကို ကိုယ်တွယ်ပါက ပလတ်စတစ်လက်အိတ်အသုံးပြုကိုင်တွယ်သင့်ပါသည်။ ထိုမျှမက လက်သန့်သည်ဖြစ်စေ၊ မသန့်သည်ဖြစ်စေ လက်ဖြင့် မျက်နှာကိုကိုင်ခြင်း၊ မျက်စိကိုပွတ်ခြင်း၊ နှာခေါင်းကိုကိုင်တွယ်ခြင်း၊ ပါးစပ်ထဲထည့်ခြင်းများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။

**လက်ဆေးဖို့ရာ ဖြည့်ဆည်းပါ**

လက်ဆေးခြင်းသည် အကောင်းဆုံးသော ရောဂါကာကွယ်နည်းဖြစ်သည့်အလျောက် လက်ဆေးနိုင်ရန်အတွက် စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာစာသင်ကျောင်းများ၊ ရုံးဌာနများ၊ လူအပန်းဖြေသည့် ပန်းခြံ၊ ကစားကွင်းများ၊ ဘုန်းကြီးကျောင်း၊ ဘုရားနှင့် ဘာသာရေးအဆောက်အအုံများတွင် ရေနှင့်ဆပ်ပြာများကို လုံလုံလောက်လောက်ထားရှိပေးခြင်း၊ လက်ဆေးနည်းများကို ရေးကပ်ထားခြင်းများ ပြုလုပ်ပညာပေးသင့်ပါသည်။

**လက်ဆေးကြပါစို့**

လက်ဆေးခြင်းသည် လွယ်ကူရိုးရှင်းပြီး ကျန်းမာရေးအတွက် ကောင်းကျိုးများစွာ ရရှိနိုင်သည့်အတွက် ကလေးဘဝမှစတင်ကာ မှန်မှန်ကန်ကန်လက်ဆေးခြင်း အလေ့အထကောင်းများဖြင့် လက်သန့်စင်ရေးအလေးပေးကာ **လက်ဆေးကြပါစို့** ဟု တိုက်တွန်းအပ်ပါသည်။ ။




## ပြည်သူ့ကျန်းမာရေး စွမ်းအင်ကုန်စည်စီးဆင်းမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍများ ဟောပြောဆွေးနွေးပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၉**

ပြည်သူ့ကျန်းမာရေးစွမ်းအင်ကုန်စည်စီးဆင်းမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍများ ဟောပြောဆွေးနွေးပွဲကို အောက်တိုဘာ ၇ ရက်က မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ စွမ်းဟိုတယ်ခန်းမ၌ STI Myanmar University မှ ကြီးမှူး၍ ကျင်းပခဲ့သည်။ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်အေးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒေါက်တာသီသီအောင်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များက ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ အရေးပေါ်အခြေအနေနှင့် မတည်ငြိမ်သောဒေသများတွင် ပြည်သူ့ကျန်းမာရေးဆောင်ရွက်မှု၊ ပဋိပက္ခများအကြား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ၊ ဆန်းစစ်မှုဆိုင်ရာ ဆန်းစစ်သုတေသနပြချက်များ၊ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ စွမ်းအင်နှင့် သဘာဝလူမှုဝန်းကျင်သို့ သက်ရောက်မှုများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် လောင်စာဆီဈေးနှုန်းအပြောင်းအလဲ၏ သက်ရောက်မှုများ ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားကြကာ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# သံခြင်းအခြေပြု ကမ်းထိန်းနံရံတည်ဆောက်ထား၍ ရေကြီးကမ်းပါးပြိုကျခြင်း ကင်းဝေးလာ



**ဝန်းသို အောက်တိုဘာ ၉**

သဘာဝဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး ကသာခရိုင် ဝန်းသိုမြို့နယ်ရှိ မြောက်လယ်ကျေးရွာချင်းဆက်လမ်း ဒေါင်းမြူးချောင်းအနီးတွင် အလျားပေ ၁၀၀၀၊ အနံ ၂၈ ပေရှိ သံခြင်းအခြေပြု ကမ်းထိန်းနံရံတည်ဆောက်ထား၍ ရေကြီးချိန်ကမ်းပြိုကျခြင်း ကင်းဝေးလာကြောင်း သိရသည်။

"အခုရှိနေတဲ့ ဒေါင်းမြူးချောင်းရေမှာ မိုးတွင်းကာလ ချောင်းရေကြီးချိန် ဆိုရင် ချောင်းရေပြည့်လျှံလို့ ဘယ်သူမှ အနားက ဖြတ်မသွားရဲဘူး။ ရေလည်းအလွန်နောက်တဲ့အတွက် ရေလှိုင်းလုံးကြီးတွေတစ်ရှိန်တိုးဝင်ရောက်လာရင် ကြောက်စရာ အလွန်ကောင်းပြီး လယ်ကွက်တွေဘက် ထိုးဖောက်သွားမှာကို စိုးရိမ်ခဲ့ရတယ်။ အခုတော့ ကသာခရိုင်ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ရှိသူတွေလာရောက်ပြီး နည်းပညာတွေနဲ့ ကမ်းထိန်းမြေထိန်းနံရံတည်ဆောက်ပေးတဲ့အတွက် ဝမ်းမြောက် ကျေးဇူးတင်မိပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘာဝဘေးကာကွယ်ရေး ရန်ပုံငွေကျပ် ၁၉၅ သန်းဖြင့် သံခြင်းအခြေပြု ကမ်းထိန်းနံရံအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ချမှတ်ပေးခဲ့ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ငွေအိုး (ကသာ)**

# သီပေါ၌ ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြို့လုံးကျွတ် သံဃဒါနဆွမ်းကြီးလောင်းပွဲကျင်းပ

**သီပေါ အောက်တိုဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၏ အထင်ကရ ဘာသာရေးပွဲတော်တစ်ခုဖြစ်သည့် ရှေးနှစ်ပေါင်း(၁၅၀)ကျော်က အစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၂၂)ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃဒါနဆွမ်းကြီး လောင်းလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နှင့် ၄ ရက်(အောက်တိုဘာ ၈ ရက်မှ ၉ ရက်)အထိ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ မိလိန္ဒအရှင်သူမြတ်နှင့် ဆရာတော် သံဃာတော်များက အောက်တိုဘာ ၈ ရက် နံနက်အရုဏ်တက်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြပြီး မြို့နယ်လုံးကျွတ် သံဃဒါနဆွမ်းကြီး လောင်းလှူပွဲကို စတင်ဖွင့်လှစ်ပေးတော်မူကြသည်။



မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် မြို့နယ်လုံးဆိုင်ရာ ဆွမ်းကြီး လောင်းလှူပွဲသို့ သီပေါမြို့နယ်အတွင်းမှ ဗုဒ္ဓနွယ်ဝင် တိုင်းရင်းသားပြည်သူများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ပဒေသာပင်များပြုလုပ်၍ တံစင့်ဘိုးဘိုးကြီး (စဝ်ပူစဝ်နိုင်း) ဒေဝါနန်းမှ ပင့်ဆောင်ကြပြီး မိုင်းပွန်လမ်းတစ်လျှောက် မဟာမြတ်မုနိဘုရားကြီးအထိ မြို့တွင်းသို့ လက်ယာရစ်လျက် ရှမ်းရိုးရာယဉ်ကျေးမှုအက၊ အလှများ၊ ပဒေသာအကများနှင့် အတီးအမှုတ်များဖြင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ဆွမ်းကြီးလောင်းပွဲကို မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၈၄ ကျောင်းမှ ရဟန်းတော် ၄၄၆ ပါးနှင့် ရှင်သာမဏေ ၁၁၄၇ ပါး စုစုပေါင်း ၁၅၉၃ ပါးတို့ကို ပင့်လျှောက်၍ နံနက်အရုဏ်တက်တွင် မဟာမြတ်မုနိ ဘုရားကြီး တန်ဆောင်းတော်အတွင်း၌ စာရေးတံမဲ(မဟာဒုက်) မဲဖောက်ကာ ဆွမ်းနှင့် ဆွမ်းဟင်းလျာများ လောင်းလှူခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ထင်သာမြင်သာပြုပြင်စရာ

# ဇန်းမောက်မြို့နယ်အတွင်းရှိ ရွာချင်းဆက် ကားလမ်းမကြီး ပြုပြင်ပေးရန် မျှော်လင့်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် အလယ်ကန်ကျေးရွာနှင့် လယ်ဦးကျေးရွာကြားရှိ ရွာချင်းဆက်မြေနီကားလမ်းမကြီးသည် အလယ်ကန်ကျေးရွာ၏ တောင်ဘက်ရွာနှင့်တစ်ဖာလုံခန့်အကွာရှိသော ကားလမ်းမကြီးသည် စက်တင်ဘာလကုန် အောက်တိုဘာလဆန်းရက်ပိုင်းများအတွင်း၌ မိုးမကြာခဏ ရွာသွန်းမှုကြောင့် ကားလမ်းမကြီးသည် ရွှံ့နွံအိုင်များဖြစ်ပေါ်ကာ လမ်းပျက်စီးပြီး ကားများ၊ သုံးဘီးများ၊ ဆိုင်ကယ်များနှင့်မောင်းနှင်သွားလာနေကြသူများသည် အခက်အခဲများရင်ဆိုင်နေရကြောင်း သိရသည်။

"မိုးက ရက်ဆက်လိုပဲ ရွာနေတော့ အခုဆိုလမ်းတွေပျက်စီးနေပါတယ်။ လမ်းတွေပျက်နေလို့ ကားတွေသွားလာရေးတွေ အခက်ကြုံနေပါတယ်"ဟု အလယ်ကန်ကျေးရွာမှ ဦးချစ်ငွေက ပြောခဲ့သည်။ အဆိုပါ ကားလမ်းသည် ဇန်းမောက်မြို့နှင့် ၁၂ မိုင် ခန့် အကွာအဝေးရှိပြီး ဇန်းမောက်မြို့နယ်တောင်ပိုင်းတွင် တည်ရှိသည်။ ထိုလမ်းမကြီးကို ဇန်းမောက်တောင်ပိုင်းရှိ အလယ်ကန်၊ ကျောက်အိုင်၊ ပေပင်၊ သောင်ကြီး၊ စီးမော်နား စင်းလုံ၊ ချောင်းပေါက်၊ ပိန္နဲပင်၊ ပန်းတင်၊ ညောင်ပင်သာ၊ စုန်းတော်၊ တုံးပင်၊ နလိန်ကား၊ မင်းကုန်းနောင်ပိန်၊ ကန်တော်၊ လယ်ဦး၊ ကျောက်တန်း၊ ပါယရေတွင်းကုန်း၊ နန့်မလုပ်၊ ကံ့ကော်၊ လယ်ကျင်းကျေးရွာများက အသုံးပြုသွားလာနေကြသည်။ သို့ဖြစ်၍ အဆိုပါ လမ်းမကြီးအား ပြန်လည်ပြုပြင်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



# ကိုယ်ဝန်ဆောင်မိခင်များလိုက်နာဆောင်ရွက်ရန်

- ကိုယ်ဝန်ရှိသည်ဟု သံသယရှိလျှင် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများတွင် ကိုယ်ဝန်အပ်ပါ။
- ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို ကျွမ်းကျင်သူကျန်းမာရေးဝန်ထမ်းထံတွင် အနည်းဆုံး(၄)ကြိမ်ခံယူပါ။
  - ပထမအကြိမ် - ကိုယ်ဝန်(၄) လအတွင်း (စောနိုင်သမျှစောစော)
  - ဒုတိယအကြိမ် - ကိုယ်ဝန်(၆) လမှ (၇) လအတွင်း
  - တတိယအကြိမ် - ကိုယ်ဝန်(၈) လအတွင်း
  - စတုတ္ထအကြိမ် - ကိုယ်ဝန်(၉) လအတွင်း
- ကိုယ်ဝန်ဆောင်မိခင်များအာဟာရပြည့်ဝမျှတရန် အစားမရှောင်ပါနှင့်။ ကိုယ်ဝန်ဆောင်စဉ်အစားပိုစားပါ။
- မေးခိုင်ကာကွယ်ဆေး (၂) ကြိမ်ထိုးပါ။
- တတ်ကျွမ်းသောကျန်းမာရေးစောင့်ရှောက်မှုပေးသူမှညွှန်ကြားသော ဆေးဝါးများမှအပ အခြားဆေးများမသောက်ပါနှင့်။
- နေ့စဉ် သင့်တော်သော ကိုယ်လက်လှုပ်ရှားမှု အသင့်အတင့်ပြုလုပ်ပါ။ အိပ်ရေးဝအောင်အိပ်ပါ။ နေ့လယ်ပိုင်းတွင် အနားယူပါ။ အလေးအပင်မသော အလုပ်များမလုပ်ပါနှင့်။
- သံဓာတ်ဖောလိတ် ကိုယ်ဝန်ဆောင်အားဆေးကို စောနိုင်သမျှ စောစော သောက်ပါ။ ကိုယ်ဝန်(၇) လ ကျော်လျှင် မနက်တစ်လုံး၊ ညတစ်လုံး သောက်ပါ။
- သန့်ရှင်းပေါ့ပါးချောင်ချိ၍ ရာသီဥတုနှင့်ကိုက်ညီသောအဝတ်အစားများကို ဝတ်ဆင်ပါ။
- ဆေးလိပ်၊ အရက်မသောက်ပါနှင့်။ ကွမ်းမစားပါနှင့်။ ဆေးလိပ်အငွေ့အစရှိသည့် ညစ်ညမ်းသော လေထုပတ်ဝန်းကျင်မှရှောင်ရှားပါ။
- ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရန်အတွက် မည်သည့်အချိန်အိပ်အိပ် ဆေးစိမ်ခြင်ထောင်ဖြင့်အိပ်ပါ။
- မွေးဖွားရန် ကြိုတင်အစီအစဉ် ရေးဆွဲထားပါ။
- တစ်ခါသုံးမွေးဖွားအိတ်ငယ်ကို အသုံးပြုပါ။

ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့်

- ခေါင်းပြင်းထန်စွာကိုက်ပြီး အမြင်မှုန်ဝါးခြင်း၊
- အသက်ရှူမြန်ခြင်း၊ အသက်ရှူခက်ခြင်း
- အန်ခြင်း၊ ရင်ညွန့် (သို့) ညာဘက် နံရိုးအောက် အောင့်ခြင်း
- ဝမ်းဗိုက်အလွန်အမင်းဆက်တိုက်နာခြင်း
- မိန်းမကိုယ်မှ ရေဆင်း၊ သွေးဆင်းခြင်း
- ဖျားပြီး အိပ်ရာမှ မထနိုင်လောက်အောင် အားနည်းခြင်း
- တက်ခြင်း၊ သတိလစ်ခြင်း

စသည့်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသွားရောက်ပြသကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်း ဆန့်ကျင်ကြ။**


ဒေတာ
ကယ်ရီ
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
2GB
2999Ks
350MB
699 Ks
650MB
999 Ks
*777#
SPEEDTEST AWARDS
အမြန်ဆုံး
မိုဘိုင်းဖုန်း
ကွန်ယက်ဆု
2017
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# ဝိနည်းတရားတော်သည် ဗုဒ္ဓသာသနာတော်၏ အသက် ဖြစ်ပါသည်။

ဗုဒ္ဓမှ ရဟန်းသံဃာတော်တို့အတွက် သင်္ကန်းတော်မြတ် ဝတ်ဆင်သုံးစွဲခွင့်ကို သင်္ကန်းအရောင်တူရုံ၊ ဝတ်ဆင်ရရုံ၊ အသွင်ပုံသဏ္ဌာန် တူညီရုံမျှလောက်ဖြင့် အလွယ်တကူ ခွင့်ပြုခဲ့သည် မဟုတ်ပါ။ သင်္ကန်းလျာပိတ်စ ရွေးချယ်ခြင်း၊ ဆေးဆိုးခြင်း၊ သင်္ကန်းပိတ်စ ဖြတ်တောက်ခြင်း၊ ချုပ်လုပ်ခြင်း၊ ဝတ်ဆင်ခြင်း၊ လှူဒါန်းခြင်းကိစ္စများ အားလုံးတို့အတွက် ဗုဒ္ဓမှ စနစ်တကျ စည်းကမ်းချက်များ ချမှတ်ခဲ့ပြီးဖြစ်၍ ဗုဒ္ဓလမ်းညွှန်စကား၊ ဝိနည်းတရားတော်အတိုင်း အတိအကျ လိုက်နာဆောင်ရွက်ရမည်မှာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့၏ အဓိက တာဝန်တစ်ရပ် ဖြစ်ပါသည်။ zawtikathingan contact@zawtika.com www.zawtika.com

ကထိန်သင်္ကန်းလှူဒါန်းခြင်းသည် ဝိနည်းဒေသနာတော်အရ လှူဒါန်းခြင်းဖြစ်၍ ရဟန်းသံဃာတော်တို့အတွက် ဝိနည်းတရားတော်နှင့် ညီညွတ်စေမည့် သင်္ကန်းအမှတ်တံဆိပ်များကိုသာ ရွေးချယ်၍ ဝယ်ယူလှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

## ပေး၍မကုန် လှူ၍မခန်း ဇောတိက သင်္ကန်း

### ဇောတိက သင်္ကန်း အာမခံစနစ်

ဇောတိက (၉)စ တံဆိပ်သင်္ကန်းသည် ၁၉၈၁ ခုနှစ်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ပထမအကြိမ်၊ ဒုတိယ ညှိနှိုင်း အစည်းအဝေး(၂/၈၆)မှ သင်္ကန်းချုပ်နည်း ဩဝါဒ ဆုံးဖြတ်ချက်များအတိုင်း ဝိနည်းတရားတော်နှင့်အညီ ချုပ်လုပ်ထားပါသည်။

- သင်္ကန်းအရှယ်အစားနှင့် ပစ္စည်းအမျိုးစား မမှန်ကန်ပါက ဝယ်ယူသည့် တန်ဖိုး (၃)ဆ ပြန်ပေးပါမည်။
- သင်္ကန်းလျာပိတ်စ(၉)စအား (၅)ဖြတ် (၅)ခန်းဖြတ်၍ ဝိနည်းတရားတော်နှင့်အညီ ဖြတ်တောက် ဆက်စပ် ချုပ်လုပ်ထားပါ၍ မမှန်ကန်ပါက ဝယ်ယူသည့် တန်ဖိုး (၃)ဆ ပြန်ပေးပါမည်။

hot line 09-253348646, 09-799888667, 09-785013609

CONSTRUCTION, POWER & MINING Myanmar 2017

12-14 October 2017

New Venue MEP at Mindama Yangon 9.00 -17.00 Hrs.

The 5th International Construction, Power & Mining Exhibition

ပဉ္စမအကြိမ်မြောက် နိုင်ငံတကာ ဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအား နှင့်တူးဖော်ရေး ဆိုင်ရာပြပွဲ




Including:
- Over 180 leading companies from around the world
- 6 international groups from China, Germany, India, Korea, Singapore and Thailand
- Industry Conferences & Seminars

ပါဝင်သည် :
- ကမ္ဘာအနှံ့မှဦးဆောင် ကုမ္ပဏီ ၁၈၀ ကျော်
- တရုတ်၊ ဂျာမနီ၊ အိန္ဒိယ၊ ကိုရီးယား၊ စင်္ကာပူ နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းကြီး (၆)ခန်း
- လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ

ကြိုတင်စာရင်းပေးသွင်းရန်
Pre-register at www.cpmmyanmar.com
Information Hotline Contact: Ei Thinzar Aung
Tel: +95 1 378975, Email: eizar.aung@ubm.com

စီးပွားရေးလုပ်ငန်းရှင်များအတွက်သာ။ အသက် (၁၈) နှစ်အောက်ဝင်ရောက်ခွင့် မပြုပါ။

Supported by MCEA REAM Myanmar Engineering Society Yangon Electricity Supply Corporation

Platinum Sponsor JCB YOMA JCB

Organised by UBM





# ရန်ကုန်ကန်တော်ကြီးထဲက ပြောင်းလဲတော့မည့် သစ်သားတံတား

**သတင်းဆောင်းပါး - ထင်ပေါ်ဝင်း(ကမာရွတ်)၊**

**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်မြို့ပြတွင် နေထိုင်သူတို့အတွက် တစ်ချိန်က သောက်သုံးရေကန်အဖြစ် အသုံးပြုခွင့်ရခဲ့သော ကန်တော်ကြီးရေပြင်သည် လက်ရှိအချိန်တွင်လည်း အပန်းဖြေအနားယူရာ ဆိတ်ငြိမ်ရေကန်ကြီးအဖြစ် ဆက်လက်အသုံးပြုခွင့်ရလျက်ရှိသည်။ ငြိမ်သက်သော ကန်တော်ကြီးရေပြင်က လာရောက်အပန်းဖြေအနားယူသူတို့အတွက် အေးချမ်းမှုကို ပေးစွမ်းနိုင်သေးသည်။

ကန်တော်ကြီးပတ်ဝန်းကျင် လမ်းလျှောက်သူတို့အဖို့ နံနက်နေအထွက်တွင် ရွှေအဆင်းဖြင့် သပ္ပာယ်နေသည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြင်နိုင်ပေသည်။ အပြေးအားကစားကို လေ့ကျင့်လိုသည့် လူငယ်တို့အတွက် ကန်တော်ကြီးတစ်ပတ် သုံးမိုင်ခန့်က အတော်ပင် မောဟိုက်ချွေးထွက်စေသော ခရီးလည်းဖြစ်သည်။ မြက်ခင်းစိမ်းစိမ်းနှင့် အရိပ်ရအပင်ကြီးများက တစ်နေ့တာပတ်လုံး အရိပ်ခိုလိုသူတို့အတွက် သဘာဝကပေးထားသော ထီးကြီးများသဖွယ်။

ကန်တော်ကြီးဥယျာဉ်အတွင်းရှိ စားသောက်ဆိုင်များက ပြည်တွင်းနေထိုင်သူများသာမက ပြည်ပခရီးသွားများကိုပါ ဧည့်ခံစရာ အကောင်းဆုံးနေရာအဖြစ် ရပ်တည်လျက်ရှိသည်။ မြို့တော်ရန်ကုန်တွင် တောင်မြောက် ဖောက်လုပ်ထားသော အထင်ကရ လမ်းမကြီးနှစ်ခုသည် ကမ္ဘာအေးဘုရားလမ်းနှင့် ပြည်လမ်းတို့ဖြစ်ကြသည်။ ယင်းတို့အနက် ကမ္ဘာအေးဘုရားလမ်းကို သွားလာအသုံးပြုနေကြသူတို့က အပန်းဖြေအနားယူရန်အတွက် ကန်တော်ကြီးရေပြင်ရှိရာ ကန်တော်ကြီးဥယျာဉ်ကို အများဆုံးရွေးချယ်ကြသည်။ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်နှင့်

စာမျက်နှာ ၇ ကော်လံ ၃ ❖

## မုန်တိုင်းငယ် အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့အနီးမှဖြတ်ကျော်

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့ နံနက် ၁၀ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေနှင့် အနောက်ဘင်္ဂလားကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

(မိုး/ဇလ)

## ၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲတိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲအုပ်စုပတ်လည် ဒုတိယအကျော့ ဘောလုံးပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်းနှင့် ကာဂျစ္စတန်လက်ရွေးစင်အသင်းတို့သည် အောက်တိုဘာ ၁၀ ရက် ည ၇နာရီတွင် ရန်ကုန်မြို့သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါပွဲစဉ်အား MRTV Digital Sports Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## အစ္စရေးတို့က ဟားမားစ်တို့၏စခန်းအား ဒုံးကျည်ဖြင့် ပြန်လည်ပစ်ခတ်

စာ-၁၄



## နှစ်ပေါင်း ၈၆၄ သက်တမ်းရှိ ရှေးဟောင်းရိုးရာယဉ်ကျေးမှု နဂါးလှေလှော်ပွဲတော် တနင်္သာရီမြို့၌ ကျင်းပ

**မြင့်ဦး(မြိတ်)**

**မြိတ် အောက်တိုဘာ ၉**

နှစ်ပေါင်း ၈၆၄ သက်တမ်းရှိ ရှေးဟောင်းရိုးရာယဉ်ကျေးမှု နဂါးလှေလှော်ပွဲတော်ကို အောက်တိုဘာ ၉ ရက် (သီတင်းကျွတ်လပြည့်ကျော် ၄ ရက်) နံနက် ၇ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့ရှိ ချောင်းကြီးမြစ်နှင့် ချောင်းငယ်မြစ်နှစ်သွယ်၌ စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၅ ❁

## မြန်မာ-ကာဂျစ္စတန် ပွဲကြို သတင်းစာရှင်းလင်းပွဲကျင်းပ

**သတင်း -ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် အောက်တိုဘာ ၉**

အောက်တိုဘာ ၁၀ ရက်တွင် သုဝဏ္ဏကွင်း၌ အားပြိုင်ကြမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ကာဂျစ္စတန်လက်ရွေးစင်အသင်းတို့၏ အာရှဖလားခြေစစ်ပွဲအကြို ပွဲကြို သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည်။**(အောက်ပုံ)**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "ဒီပွဲက နှစ်သင်းစလုံးအတွက် အရေးကြီးပါတယ်၊ ဒီပွဲမှာ အနိုင်ရတဲ့အသင်းက ခြေစစ်ပွဲအောင်မြင်ဖို့ အခွင့်အရေးကောင်းဖြစ်လာမှာပါ။ အခုခြေစစ်ပွဲမတိုင်ခင် ထိုင်းလက်ရွေးစင်အသင်းနဲ့ ကစားခွင့်ရတာက ကျွန်တော်တို့အတွက် အများကြီးအကျိုးရှိပါတယ်။ ကျွန်တော်တို့အသင်းရဲ့ လိုအပ်ချက်၊ အားနည်းချက်တွေကို တွေ့မြင်ခဲ့ရပါတယ်။ ဒါတွေကို ပြန်လည်ပြင်ဆင်ထားပါတယ်။ အမှတ်ပြည့်ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။ ကာဂျစ္စတန်လက်ရွေးစင်အသင်း

စာမျက်နှာ ၇ ကော်လံ ၁ ◆

